BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ | အမှတ် (၄၄)

## ဒီပဲယင်းအရေးအခင်းစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ပေးရန် ဒေါ်အောင်ဆန်းစုကြည်တောင်းဆို

**အောက်တိုဘာ၊ (၂၂)ရက်။[ဒီဗွီဘီ]**

မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးအား စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်း၍ စစ်ဆေးဖော်ထုတ်ပေးရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီနှင့်တွေ့ဆုံစဉ် တောင်းဆိုခဲ့ကြောင်း ခိုင်လုံသည့် သတင်းရပ်ကွက်၏အဆိုကို ကိုးကား၍ ဒီဗွီဘီက ထုတ်လွှင့်ခဲ့သည်။



အာဆီယံထိပ်သီးအစည်းအဝေးမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် မြန်မာနိုင်ငံသို့ (၁၁)ကြိမ်မြောက် ရောက်ရှိလာခဲ့သည့် မစ္စတာရာဇာလီနှင့် နေအိမ်အကျယ်ချုပ်ခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်တို့ မိနစ်(၉၀)ခန့် တွေ့ဆုံစဉ် ထိုသို့တောင်းဆိုခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်က ဒီပဲယင်းကိစ္စကို စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စစ်ဆေးပေးရေးနှင့် ဖမ်းဆီးခြင်းခံနေရသည့် အဖွဲ့ချုပ်ခေါင်းဆောင်များကို တလအတွင်း ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်ဟု အဆိုပါသတင်းတွင် ဖော်ပြခဲ့သည်။ ❖

## နအဖ ၏ လမ်းပြမြေပုံအား လုံးဝလက်မခံကြောင်း ထုတ်ဖော်လိုက်သည့် (ပလဒဖ)၏ ရပ်တည်ချက်

ဝန်ကြီးချုပ်သစ်ဗိုလ်ခင်ညွန့်၏ ဩဂုတ်လ (၃၀)ရက်နေ့မိန့်ခွန်း ထွက်ပေါ်လာပြီးနောက် အသစ်တဖန် ပြန်လည်အသက်သွင်းလာသည့် အမျိုးသားညီလာခံနှင့် ပတ်သက်သည့် နအဖ၏လမ်းပြမြေပုံအား လုံးဝ လက်မခံနိုင်ကြောင်းနှင့် လတ်တလောဖြစ်ပေါ်နေသော မြန်မာ့နိုင်ငံရေးအပေါ်တွင် ၎င်းတို့၏ သဘောထားအမြင်များနှင့် နိုင်ငံရေး လမ်းပြမြေပုံတခုကို စက်တင်ဘာ(၂၉)ရက် နေ့စွဲဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (ပလဒဖ)က ရဲရင့်ပြတ်သားစွာ ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်တွင် မေလ(၃၀) ရက်နေ့ကဖြစ်ပွားခဲ့သော ဒီပဲယင်းအရေးအခင်းသည် လွန်စွာကြီးကျယ်သော နိုင်ငံရေး လူသတ်ပွဲကြီးဖြစ်ကြောင်း၊ ဤမျှကြီးကျယ်သော လူအများ သေကြေပျက်စီးခဲ့ရသည့် အရေးအခင်းတခုအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီး၏ သြဇာခံ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို လွှဲအပ်စစ်ဆေးစေ၍ အမှန်တရားကို ဖော်ထုတ်ခြင်းသာလျှင် အသင့်တော်ဆုံးဖြစ်ကြောင်း ရဲရင့်စွာ တောင်းဆိုခဲ့သည်။

ထို့ပြင် နအဖ က ချမှတ်ထားသော နိုင်ငံရေးလမ်းညွှန်မှုကို (ပလဒဖ)က လုံးဝ လက်မခံနိုင်ကြောင်းနှင့် ၃၀-၈-၀၃ နေ့က ပြောကြားခဲ့သော ဝန်ကြီးချုပ်သစ်၏ နိုင်ငံရေးလမ်းညွှန်မှုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံရေးအင်အားစုများကို ကျော်ခိုင်းလိုက်သည့်သဘောဆောင်သည့်အပြင် အပြုသဘောမဆောင်ဘဲ အလုံးစုံပျက်သုဉ်းရေးဘက်သို့သာ ဦးတည်သဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် မသင့်တော်၍ လုံးဝမလိုက်နာနိုင်ကြောင်းကိုလည်း ပြတ်သားစွာ ဖော်ပြလိုက်သည်။

ဆက်လက်ပြီး ဖော်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကို ဆန္ဒခံယူပွဲ ပြုလုပ်ရန်မလိုဘဲ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှ အရွေးချယ်ခံရသော ကိုယ်စားလှယ်များပါဝင်သည့် လွှတ်တော်ကသာ လုပ်ပိုင်ခွင့်ရှိကြောင်းနှင့် အာဏာပြည့်စုံစွာ ရှိပြီးဖြစ်သော လွှတ်တော်ကို ခေါ်ယူကျင်းပခြင်း မပြုဘဲ ညီလာခံကိစ္စကို ဖော်ထုတ်လာခြင်းမှာ မူလချမှတ်ထားသောလမ်းစဉ်မှ ခွဲထွက်လိုက်ခြင်းသာဖြစ်ကြောင်း ပြောကြားလိုက်သည်။ အမျိုးသားညီလာခံ လမ်းညွှန်မှုတွင် ဖော်ပြထားသည့် "တပ်မတော်သည် အမျိုးသားနိုင်ငံရေးတွင် အရေးပါသောဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ရေး"ဆိုသည်မှာလည်း နိုင်ငံတကာစံဖြစ်သော ဒီမိုကရေစီဘောင်မှ ကျော်ထွက်လာခြင်းဖြစ်ပြီး ဤပုံစံအတိုင်း ဆက်လက်ဆောင်ရွက်နေပါက တရားဝင်အဆင့်မရှိသော ယာယီစစ်တပ်အစိုးရအဖြစ်မှ တရားဝင်အဆင့်ရှိသော အမြဲတမ်းစစ်တပ်အစိုးရအဖြစ်သို့ ထာဝစဉ် ပြောင်းလဲပို့ဆောင်ပေးမည့်အနေအထားသို့ ရောက်ရှိသွားမည် ဖြစ်သည့်အတွက် ဒီမိုကရေစီကိုလိုလားသော မည်သည့်တိုင်းပြည်တွင်မဆို ထိုအခြေအနေကို လက်ခံနိုင်လိမ့်မည် မဟုတ်ကြောင်း ရှင်းလင်းစွာ ပြောဆိုခဲ့သည်။

ဆက်လက်၍ နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ လွှတ်ပေးရန်နှင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရထားသော အဲန်အယ်လ်ဒီနှင့် ပထမဆုံးခြေလှမ်းအနေဖြင့် တိုင်းသိပြည်သိ၊ ကမ္ဘာသိ တွေ့ဆုံဆွေးနွေးရန်ကိုလည်း ထပ်မံတိုက်တွန်းလိုက်သည်။

နိဂုံးချုပ်အနေဖြင့် ဖော်ပြရာတွင် ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အခြေခံပြီး ဒီချုပ်နှင့် နှစ်ဘက်တွေ့ဆုံပြီးနောက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာပီပီ) နှင့် စစ်အစိုးရကိုယ်စားလှယ်များ ပါဝင်သည့် ကြားဖြတ်ညွန့်ပေါင်းအစိုးရ (သို့) ပူးပေါင်းအာဏာပိုင်အဖွဲ့ကို ရှေးဦးစွာ ဖွဲ့စည်းသင့်ကြောင်းနှင့် ထိုကိစ္စကို နှစ်ဘက် စတင်ဆွေးနွေးသည့်နေ့မှစတင်၍ (၃)လအတွင်း အပြီးလုပ်ဆောင်သင့်ကြောင်း အကြံပြုခဲ့သည်။

လက်ရှိအခြေအနေတွင် နအဖ စစ်အုပ်စုကမူ ပြည်တွင်းပြည်ပအင်အားစုအသီးသီးနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ နိုင်ငံရေးအကြံပြုချက်များအား လုံးဝမျက်ကွယ်ပြုကာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များအား အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားကာ အဖွဲ့ချုပ်ရုံးများအားလုံးကိုလည်း ပိတ်ထားဆဲဖြစ်သည်။ ❖

## နအဖ၏ အမျိုးသားညီလာခံဟောင်း ညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့ လက်မခံ



ဦးပူကျင့်ရှင်းထန်

**အောက်တိုဘာ၊ (၁)ရက်။[ဒီဗွီဘီ]**

မြန်မာနိုင်ငံသို့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ် လာစဉ် ညီညွတ်သောတိုင်းရင်းသားများ မဟာမိတ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းရင်းသား ကိုယ်စားလှယ်များက တိုင်းပြည်အတွက် အကျိုးရှိသည့် အမျိုးသားညီလာခံတရပ် စစ်မှန်စွာ ပြုလုပ်လိုပါက ညီလာခံမလုပ်ခင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လူမျိုးစုကိုယ်စားလှယ်များနှင့် နအဖတို့ သုံးပွင့်ဆိုင် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ကြရန် ပထမဦးစွာ အရေးကြီးကြောင်း၊ ထိုသို့တွေ့ဆုံပြီးမှသာ ညီလာခံကျင်းပရေး အဖွဲ့ဝင်များအား အားလုံးသဘောတူမှုနှင့်အညီ ကော်မရှင် ဖွဲ့စည်းနိုင်မည်ဖြစ်ကြောင်း၊ ထို့နောက် ညီလာခံစတင်မည့်နေ့ရက်နှင့် ပြီးဆုံးမည့် နေ့ရက်များကို အချိန်ဇယား အတိအကျ သတ်မှတ်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

ထို့ပြင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေစဉ် ကြားဖြတ်အစိုးရဖြစ်စေ၊ အပြောင်းအလဲကာလအတွင်း တာဝန်ယူမည့် ယာယီအစိုးရဖြစ်စေ အဖွဲ့တဖွဲ့ဖွဲ့က ကြီးကြပ်ကွပ်ကဲပေးဖို့ လိုအပ်ကြောင်း၊ အားလုံး သဘောတူညီသည့် ဆွေးနွေးမှုများ ပြုလုပ်ပြီးမှ ညီလာခံ ကျင်းပမည်ဆိုလျှင် မိမိတို့လူမျိုးစုများကလည်း လက်ခံနိုင်မည်ဖြစ်ကြောင်း ရာဇာလီကို ပြောကြားခဲ့ကြသည်။

အကယ်၍ နအဖက ပြည်သူလူထုလက်မခံသည့် ညီလာခံအဟောင်းကြီးကို ပြန်လုပ်မည်ဆိုပါက အောင်မည်မဟုတ်ဟု ရာဇာလီအစ္စမေးလ်ကို မိမိတို့ တင်ပြခဲ့ကြသည်ဟု တိုင်းရင်းသားခေါင်းဆောင် ဦးပူကျင့်ရှန်းထန်က ပြောပြခဲ့သည်။

နအဖ၏ ညီလာခံတွင် တိုင်းရင်းသားလူမျိုးစုများနှင့် အဖွဲ့ချုပ်ကိုယ်စားလှယ်များ မပါပါက ကုလသမဂ္ဂက လက်ခံနိုင်မဟုတ်ဟု မစ္စတာရာဇာလီက ပြောကြားခဲ့ကြောင်း ဦးပူကျင့်ရှင်းထန်က ပြောပြခဲ့သည်။

❖

"ပြည်သူလူထုက အယုံအကြည်မရှိတဲ့ အမျိုးသားညီလာခံက ရေးဆွဲပြဌာန်းတဲ့ အခြေခံဥပဒေဟာ ပြည်သူလူထုရဲ့ ထောက်ခံမှုကို ရမှာ မဟုတ်ဘူး။
နောက်ပြီး ပြည်သူလူထုက မထောက်ခံတဲ့ အခြေခံဥပဒေဟာ စာရွက်တရွက်ကလွဲလို့ ဘာမှဖြစ်မှာ မဟုတ်ဘူး"
ဒေါ်အောင်ဆန်းစုကြည်၊ ၂၂-၁၁-၉၅

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ရလျှင်ရ မရလျှင်ချ

'မိမိတို့၏ညီညွတ်ရေးကို ရန်သူကပြဌာန်းသည်'ဟု အဆိုအမိန့်တခုကို မှတ်ထားဖူးသည်။ ဤအချက်မှန်ကန်ကြောင်းကို ဒီပဲယင်းလူသတ်ပွဲက သက်သေထူသည်။ ဒီပဲယင်းအရေးအခင်းက ဒီမိုကရေစီအင်အားစုများကို နိုးတဝက်အိပ်မက်မှ လှုပ်နှိုးခဲ့သည်။ တွေ့ဆုံဆွေးနွေးအဖြေရှာမှုကို စိတ်ကူးယဉ်မျှော်လင့်၍မရ။ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးကို တောင်းယူ၍မရနိုင်။ လွတ်လပ်မှုကို အဖိုးအခမပေးဆပ်ဘဲ တည်ဆောက်၍မရဟူသော ညီညွတ်သည့်အတွေးအခေါ်တရပ်ကို ဒီပဲယင်းအရေးအခင်းက ဖန်တီးလိုက်သည်။ အတွေးအခေါ်ညီညွတ်မှုသည် လုံးဝညီညွတ်မှုကို တည်ဆောက်လာနိုင်သည့် အောင်ပွဲခံနိုင်မည့်အဆင့်သို့ အရှိန်အဟုန်မြင့်မားစွာ ချီတက်နိုင်မည်ဟု မိုးကြိုးမှ ယူဆသည်။

ဒီပဲယင်းအရေးအခင်းကို ပြည်သူတို့က 'စစ်အုပ်စုသည် ဒီမိုကရေစီအရေးတော်ပုံကိုဖျက်သိမ်းပြီး စစ်အာဏာရှင်စနစ်ကို အကြွင်းမဲ့တည်ဆောက်မည့် အခိုင်အမာအချက်ပြမှုတခုအဖြစ်'ရှုမြင်ခဲ့ကြသည်။ နောက်ဆက်တွဲခြေလှမ်းများအဖြစ် ဗိုလ်ချုပ်ခင်ညွန့်က ဝန်ကြီးချုပ်ဖြစ်လာပြီး လမ်းပြမြေပုံအစီအစဉ် (၇) ချက်ကို ကြေညာသည့်အခါ ပြည်သူတို့က ဝိုင်းဝန်းဆန့်ကျင်ကြသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ထင်ရှားကျော်ကြားသည့် မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်များ၏ ဗိုလ်ခင်ညွန့်လမ်းပြမြေပုံအပေါ်တုံ့ပြန်မှုကို ဆန်းစစ်ကြည့်လျှင် ပြည်သူများအားလုံးက လုံးဝလက်မခံ ပယ်ချကြောင်းကိုတွေ့မြင်ရသည်။

ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါ'များဖြစ်သည့်၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်အကောင်အထည်ဖော်ရေး၊

**ရွေးကောက်ပွဲအသစ် လက်မခံရေး၊ နအဖ အမျိုးသားညီလာခံအား**

မတက်ရောက်ရေး၊ နှစ်ပွင့်ဆိုင်ဆွေးနွေးပွဲမှ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ညွန့်ပေါင်းအစိုးရနှင့် စစ်မှန်သောအမျိုးသားညီလာခံကျင်းပရေးတည်းဟူသော ပြည်သူလူထုအကျိုးဖြစ်ထွန်းစေမည့် နိုင်ငံရေးဖြစ်စဉ်များကိုသာဖန်တီးရန်လိုအပ်သည်ဟု အင်အားစုအားလုံးက အခိုင်အမာယူဆခဲ့ကြသည်။ ထိုအချက်က စစ်အုပ်စုဖျက်သိမ်းရေးအတွက် ဒီမိုကရေစီရေးအင်အားစုများအပြင် အားလုံးလိုက်ပါနိုင်သည့် ဘုံလုပ်ငန်းစဉ် (Common Program) ကို ချမှတ်နိုင်ခဲ့ပြီဟု ဖော်ပြရာရောက်သည်။

တော်လှန်ရေးတရပ်သည် လူတစု တပါတီတဖွဲ့၏ဆန္ဒဖြင့် ပေါ်ထွန်းလာခြင်းမဟုတ်၊ ဖိနှိပ်သူနှင့် အဖိနှိပ်ခံရသူအကြားဘဝအရ ၎င်းတို့၏ကိုယ်စားပြုမှု တည်မြဲရေးအတွက် မဖြစ်မနေယှဉ်ပြိုင်ရန်းကန်ရသည့် အခြေအနေအမြင့်မားဆုံး ဆုံမှတ်တွင် တော်လှန်ရေးသည် စတင်ပေါက်ကွဲမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။ စစ်အာဏာရှင်စနစ်ဖြင့် နှစ် (၄၀) နီးပါးကြာ ပြည်သူလူထုအပေါ်ဖိနှိပ်အုပ်ချုပ်ခဲ့ရာမှ ဖြစ်ပေါ်လာခဲ့သည်။ ပဋိပက္ခယနေ့ကာလတွင် ဆန္ဒအရမဟုတ်ဘဲ ဘဝအရ အမြင့်မားဆုံး ဆုံမှတ်သို့ ရောက်ရှိလာပြီးဖြစ်သည်။ ဤကာလတွင် ပြည်သူလူထု၏ အဆုံးအဖြတ်သည်သာ အဓိကဖြစ်သည်။ ပြည်သူလူထုတရပ်လုံး ပါဝင်တိုက်ပွဲဝင်နိုင်သော ဘုံလုပ်ငန်းစဉ်တခုကို တညီတညွတ်တည်း ချမှတ်အကောင်အထည်ဖော်ရေးသည် ယနေ့ကာလ ဒီမိုကရေစီတော်လှန်ရေးကိုဦးဆောင်နေသော ခေါင်းဆောင်မှု၏ အဓိကတာဝန်ဖြစ်လာသည်။ ဘုံလုပ်ငန်းစဉ်၏ အဓိကရည်ရွယ်ချက်သည် စစ်အာဏာရှင်စနစ် အကြွင်းမဲ့ဖျက်သိမ်းရေးဟူသော ဘုံဦးတည်ချက်ကို သတ်မှတ်ရန်မှတပါး အခြားမရှိ။ ဘုံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ခိုင်ခံ့မြဲမြံသော၊ တက်ကြွ၍ အရည်အချင်းပြည့်ဝသော၊ အင်အားစုအားလုံး၏ဆန္ဒကိုကိုယ်စားပြုသော၊ ခေါင်းဆောင်မှုနှင့် ဒေါ်အောင်ဆန်းစုကြည်၏လမ်းစဉ်ကို ဗဟိုပြု၍ သွားရပေမည်။ ထိုဘုံလုပ်ငန်းစဉ်သည် အောင်ဆန်းလမ်းစဉ်ပင်ဖြစ်သည်။ 'ရလျှင်ရ မရလျှင်ချ'ဟုဆိုသော အတွေးအခေါ်ပေါ်တွင် အခြေခံသည်။ အင်္ဂလိပ်နယ်ချဲ့နှင့် ဖက်ဆစ်များကို မောင်းထုတ်ခဲ့သော ဗိုလ်ချုပ်လမ်းစဉ်သည် ယနေ့ကာလ ဒေါ်အောင်ဆန်းစုကြည်၏ လမ်းစဉ်ပင်ဖြစ်သည်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွင် အချိုးညီစွာ ပေါင်းစပ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့အင်အားစုများသည် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းကို မပစ်ပယ်၊ တွေ့ဆုံဆွေးနွေးအခြေအနေရှာမှုကို ဒီမိုကရေစီပန်းတိုင်ရောက်ရှိရေးအတွက် အသင့်လျော်ဆုံးနည်းလမ်းအဖြစ် သတ်မှတ်ခံယူဆဲဖြစ်သည်။ သို့သော် တွေ့ဆုံဆွေးနွေးမှုမဖြစ်ခဲ့လျှင်လည်း ဒီမိုကရေစီပန်းတိုင်အရောက် ချီတက်ရေးလုပ်ငန်းစဉ်ကို တားဆီးပိတ်ပင်သည့် မည်သည့်အရာကိုမျှ လက်ခံမည်မဟုတ်။ အတားအဆီးမှန်သမျှကို အပြီးတိုင်ချေမှုန်းရပေမည်။ န့ကာလ ပြည်သူတို့၏တာဝန်မှာ ဒီမိုကရေစီ ရလျှင်ရ မရလျှင်ချဟူသော တာဝန်' သာဖြစ်ပါကြောင်း မိုးကြိုးကတင်ပြအပ်ပါသည်။

# နအဖ ဖြစ်လိုသည့်ပုံစံအတိုင်းသွားလျှင် တရုတ်ပါဝင်လာသော်လည်း ထိုလမ်းပြမြေပုံကို လက်ခံနိုင်မည်မဟုတ်ဟု ရှမ်းတိုင်းရင်းသားခေါင်းဆောင်က ဆို



ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး

**အောက်တိုဘာ၊ (၂၁)ရက်။ [အာရ်အက်ဖ်အေ]**

နအဖစစ်အုပ်စုနှင့် မြန်မာ့ဒီမိုကရေစီအင်အားစုများအကြား ရပ်တန့်နေသည့် နိုင်ငံရေးအခြေအနေမှ လွန်မြောက်ရန် စစ်အုပ်စုက သဘောတူမည်ဆိုပါက တရုတ်နိုင်ငံအနေဖြင့် ကြားဝင်ဆောင်ရွက်ပေးရန် အဆင်သင့်ရှိကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဆူရာဆက်က ပြောကြားလိုက်သည်။

အေပက်စီးပွားရေးညီလာခံကြီး ကျင်းပစဉ်ကာလအတွင်း တရုတ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့ ညီလာခံပြင်ပတွင် တွေ့ဆုံအပြီး ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ ဝန်ကြီးနှစ်ဦး တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် ၎င်းတို့နှစ်နိုင်ငံ အတူတကွ ပါဝင်လုပ်ဆောင်ရန် အခြေခံအားဖြင့် သဘောတူခဲ့ကြပြီး ယခုနှစ်ကုန်ပိုင်း၌ အိမ်နီးချင်းနိုင်ငံများ ပါဝင်သည့် မြန်မာ့အရေး ဆွေးနွေးပွဲတရပ်ကို ထိုင်းနိုင်ငံက ကမကထ ပြုလုပ်ကျင်းပပေးရန် အဆိုပြုချက်ကိုလည်း တရုတ်နိုင်ငံက ထောက်ခံခဲ့သည်။

ထိုဆွေးနွေးပွဲတွင် နအဖစစ်အုပ်စုအနေဖြင့် ၎င်း၏လမ်းပြမြေပုံအား အကောင်အထည်ဖော်နေမှုကို နိုင်ငံတကာအား ချပြခွင့်ရမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာကလည်း မြန်မာ့အရေးတွင် ပါဝင်ဆွေးနွေးနိုင်မည် ဖြစ်သည်။ စစ်အုပ်စုကလည်း အဆိုပါအစည်းအဝေးပွဲသို့ တက်ရောက်ရန် မူအားဖြင့် သဘောတူထားသည်ဟု ဆိုသည်။

ဆူရာဆက်က ထိုင်းနိုင်ငံအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးကို အစဉ်လိုလားနေပြီး မြန်မာ့နိုင်ငံရေးတွင် တိုင်းရင်းသားအဖွဲ့အစည်းပေါင်းစုံ ပါဝင်သည့် အမျိုးသားရင်ကြားစေ့ရေးလမ်းစဉ်မျိုးကိုသာ အားပေးပါကြောင်း ပြောကြားသွားခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက နအဖစစ်အုပ်စုသည် ၎င်းတို့၏ နိုင်ငံရေးလမ်းပြမြေပုံကို ၎င်းတို့ သွားလိုသည့် ပုံစံအတိုင်း သွားမည်ဆိုပါက တရုတ်ပါဝင်လာသော်လည်း ထူးခြားမည် မဟုတ်သောကြောင့် ၎င်းတို့အနေဖြင့် လက်ခံနိုင်စရာ မရှိကြောင်း သုံးသပ်ပြောဆိုခဲ့သည်။

❖

# အကြွပ်ကိုင် အဆိုးဖက်သည့် နအဖ၏မူ လက်နက်ကိုင်အဖွဲ့များက ဆန့်ကျင်

နအဖ စစ်အုပ်စုသည် ၎င်းတို့၏ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း အမျိုးသားညီလာခံကို မဖြစ်မနေ ပြုလုပ်နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေချိန်တွင် အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့များနှင့် လက်နက်ကိုင်ဆန့်ကျင်နေကြသည့်အဖွဲ့များက ၎င်းတို့၏ရပ်တည်ချက်သဘောထားများကို ပြတ်ပြတ်သားသား ဖော်ပြခဲ့ကြသည်။

ထိုသို့ နအဖက ၎င်းတို့၏ လမ်းပြမြေပုံကို အကောင်အထည်ဖော်ရန် ကြိုးပမ်းနေသည်နှင့်တပြိုင်တည်းတွင် နယ်စပ်ဒေသတလျှောက်ရှိ လက်နက်ကိုင်အဖွဲ့များအား အကြီးအကျယ် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်နေသည့်အတွက် နအဖသည် အကြွပ်ကိုင် အဆိုးဖက်သည့်မူကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ဝေဖန်ပြောကြားခဲ့ကြသည်။

ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ပဒိုစောဘသင်က နအဖလုပ်ရပ်သည် အပြောတခြား အလုပ်တခြားဖြစ်နေကြောင်း ဝေဖန်ခဲ့ပြီး စစ်ရေးအရ အနိုင်တိုက်၍ နိုင်ငံရေးအရ ချိုးနှိမ်ရန် ကြိုးစားခြင်းသာဖြစ်ကြောင်း၊ တိုင်းပြည်ကို စည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်သည့် လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခြင်းမဟုတ်ဘဲ စစ်ရေးအရ ကျင့်သုံးနေခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးရီမွန်ထူးကလည်း နအဖ၏ လက်နက်ကိုင်လမ်းစဉ်ကို စွန့်ပြီး ဥပဒေဘောင်အတွင်း ပြန်လာလျှင် အချိန်မရွေး လက်ခံမည်ဆိုသောစကားသည် နိုင်ငံရေးစကား မဟုတ်ကြောင်း၊ နိုင်ငံရေးအရအဓိပ္ပာယ်ရှိသည့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကိုသာ မိမိတို့ ရွေးချယ်ထားကြောင်း ပြောကြားခဲ့သည်။

လက်နက်ကိုင်တော်လှန်နေသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)မှ ပြောရေးဆိုခွင့်ရှိသူ ဒေါ်နန်းခေးဆန်ကလည်း ထိုးစစ်ဆင်ပြီးမှ ငြိမ်းချမ်းရေးကမ်းလှမ်းခြင်းသည် တဘက်သတ်အနိုင်ကျင့်၊ လက်နက်နှင့်တိုက်၊ မနိုင်တော့ စကားပြော၊ ပြောမရရင်တိုက်မည်ဆိုသည့် အကြွပ်ကိုင် အဆိုးဖက်သည့်ဝါဒဟုသာမြင်ကြောင်း ပြောကြားသွားခဲ့သည်။

နအဖ၏အမျိုးသားညီလာခံတွင် လွတ်လပ်စွာ ဆွေးနွေးခွင့်မရလျှင် တက်ရောက်နိုင်မည်မဟုတ်ကြောင်း အပစ်အခတ်ရပ်စဲထားသည့် 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီကလည်း ကြေညာချက်ထုတ်ပြန်ထားပြီး မွန်ပြည်သစ်ပါတီကလည်း နအဖအနေဖြင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အတိုင်း သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်လာရန်သာ ကြိုးပမ်းသင့်ကြောင်း ပြောဆိုထားသည်။ ❖



# အပစ်အခတ်ရပ်စဲရေး နဂါးကြီး နိုင်ငံရေးကြိုးဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်း

နအဖ ဝန်ကြီးချုပ်သစ် ဗိုလ်ခင်ညွန့်၏ ဩဂုတ်လ(၃၀)ရက်နေ့ မိန့်ခွန်းအပေါ် အမြင်ဖလှယ်ရန်အတွက် အပစ်အခတ်ရပ်စဲရေးအဖွဲ့များထဲတွင် အင်အားအကြီးဆုံးအဖွဲ့ဖြစ်သည့် 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီမှ ဥက္ကဋ္ဌ ပေါက်ယူချမ်း၏ ဖိတ်ကြားချက်အရ အပစ်အခတ်ရပ်စဲရေးအဖွဲ့များဖြစ်သည့် ရှမ်းပြည်တပ်မတော် (ရှမ်းပြည် အထူးဒေသ–၃)နှင့် စစ်ရေးနှင့် ဒေသန္တရ အုပ်ချုပ်ရေးကော်မတီ (ရှမ်းပြည်အထူးဒေသ–၄)မှ ကိုယ်စားလှယ်များ တက်ရောက်သည့် သုံးပွင့်ဆိုင်အစည်းအဝေးကို အောက်တိုဘာလ



ဝသပ ဥက္ကဋ္ဌ ပေါက်ယူချမ်း

(၁၃)ရက်နေ့မှ (၁၅)ရက်နေ့ထိ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီ၏ ဗဟိုဌာနချုပ်ရုံးစိုက်ရာ ပန်ခမ်း(ယခင်အခေါ် ပန်ဆန်း) မြို့၌ ကျင်းပခဲ့ပြီး အနာဂတ် ဗမာပြည်နိုင်ငံရေး၌ ၎င်းတို့၏ အခန်းကဏ္ဍနှင့် ပတ်သက်သည့် ပြတ်သားသော ရပ်တည်ချက်သဘောထားများကို ဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေး သတင်းထုတ်ပြန်ချက်အရ ၎င်းတို့၏ နိုင်ငံရေး ရပ်တည်ချက်သဘောထားများမှာ –

(၁) အမျိုးသားညီလာခံ မကျင်းပမီ တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးနိုင်ရန်၊

(၂) တိုင်းရင်းသားလူမျိုးစုအသီးသီးမှ မိမိတို့ကိုယ်စားလှယ်များကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်စေလွတ်နိုင်ရန်၊

(၃) သင့်တော်သော ကိုယ်စားလှယ်များ စုံစုံညီညီ တက်ရောက်နိုင်သည့် ပြီးပြည့်စုံသော အမျိုးသားညီလာခံတရပ် ဖြစ်စေရန်၊

(၄) အမျိုးသားညီလာခံအတွင်း လွတ်လပ်စွာ တင်ပြဆွေးနွေးပြောဆိုခွင့်ရှိရန်နှင့် လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရန်၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ဒီမိုကရေစီနည်းစနစ်ကျသော အခြေခံမူများချမှတ်နိုင်ရန် စသည်တို့ဖြစ်သည်။

ထိုအစည်းအဝေးတွင် နိုင်ငံတကာအခြေအနေနှင့်ပတ်သက်၍ သုံးသပ်ခဲ့ကြရာတွင် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဖွံ့ဖြိုးတိုးတက်ရေးမှာ ပင်မခေတ် ရေစီးကြောင်းဖြစ်နေကြောင်း ကမ္ဘာ့လူသားတရပ်လုံးနှင့် လက်တွဲပြီး ဗိုလ်ကျစိုးမိုးရေးဝါဒ၊ အကြမ်းဖက်ဝါဒ၊ တဖက်သတ်ဝါဒများကို ဆန့်ကျင်ရင်း ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်အောင် ကြိုးစားအားထုတ်သွားမည် ဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။

ပြည်တွင်းအခြေအနေနှင့် ပတ်သက်၍ သုံးသပ်ကြရာတွင် စည်းလုံးရေး၊ တည်ငြိမ်ရေး၊ လူမျိုးစုံရင်းနှီးချစ်ခင်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးတို့မှာ လူမျိုးပေါင်းစုံပြည်သူလူထုတရပ်လုံး၏ လိုအင်ဆန္ဒဖြစ်ပြီး ထိုဆန္ဒနှင့် သွေဖီသော အပြုအမူမှန်သမျှ မှားယွင်းကြောင်းနှင့် အမျိုးသားညီလာခံသည် ပြည်တွင်းပြဿနာများကို ဖြေရှင်းရန်အတွက် အဓိကကျသည်ဟု ခံယူသဖြင့် ဒီမိုကရေစီရှိမှု၊ တန်းတူမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများရှိမှသာလျှင် ညီလာခံတွင် ပါဝင်နိုင်မည်ဖြစ်ကြောင်း ပြတ်သားစွာ ဖော်ပြခဲ့ကြသည်။

ဤဆွေးနွေးပွဲသို့ 'ဝ'ပြည် သွေးစည်းညီညွတ်ရေးပါတီ (ရှမ်းပြည်အထူးဒေသ–၂)မှ ဥက္ကဋ္ဌ ပေါက်ယူချမ်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ ရှမ်းပြည်တပ်မတော် (ရှမ်းပြည်အထူးဒေသ–၃)မှ နာယက (၂) ဗိုလ်ချုပ်ဆေထင်နှင့် ဥက္ကဋ္ဌ ဗိုလ်ချုပ်လွယ်မောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီ (ရှမ်းပြည်အထူးဒေသ–၄)မှ ဥက္ကဋ္ဌ ဦးဆန်လူ ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဤအဖွဲ့(၃)ဖွဲ့သည် မဆလ စစ်အစိုးရ လက်ထက်မှစ၍ ယနေ့ထိတိုင် တိုင်းရင်းသားအခွင့်အရေးများအတွက် အနှစ်(၃၀) ကျော်ကြာ လက်တွဲတိုက်ပွဲဝင်ခဲ့သည့် တိုင်း



ရှမ်းပြည်တပ်မတော်မှ ဗိုလ်ချုပ်ဆေထင်

ရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်သည်။ ၁၉၇၉ ခုနှစ်ဆန်းပိုင်းမှစပြီး စစ်အစိုးရနှင့် နားလည်မှုယူကာ အပစ်အခတ်ရပ်စဲထားချိန်မှ စတင်၍ တပြည်လုံး နိုင်ငံရေးကိစ္စများတွင် ပါဝင်ခြင်းမရှိဘဲ မီးစင်ကြည့်ကနေရာမှ ယခုကဲ့သို့တိုင်းပြည်အလှည့်အပြောင်းကာလတွင် ၎င်းတို့၏ နိုင်ငံရေးအမြင်များအား ပြတ်သားစွာ ထုတ်ဖော်လိုက်ကြပြီး နိုင်ငံရေးစင်မြင့်ပေါ်သို့ ပြန်လည်တက်ရောက်လာခြင်းဖြစ်ရာ ယခုလိုအချိန်တွင် နအဖ အဖို့ အရှိုက်အထိုးခံလိုက်ရသကဲ့သို့ဖြစ်ကြောင်း ပြည်တွင်းရှိ နိုင်ငံရေး အကဲခတ်တဦးမှ မိုးကြိုးသတင်းစဉ်သို့ ပြောကြားခဲ့သည်။ ❖

# မစစ်မှန်သည့်ညီလာခံ မွန်ပြည်သစ်ပါတီလက်မခံ

**အောက်တိုဘာ၊ (၁)ရက်။[ဒီဗွီဘီ]**

နအဖဝန်ကြီးချုပ်သစ်၏ အချက် (၇) ချက်ပါ နိုင်ငံရေးလမ်းညွှန်မှုအား ထောက်ခံသည့်ပွဲများ ကျင်းပနေသော်လည်း စစ်မှန်သည့် ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိသည့် မည်သည့်ညီလာခံမျိုးကိုမဆို မိမိတို့ လက်ခံလိမ့်မည် မဟုတ်ကြောင်း နအဖနှင့် အပစ်အခတ်ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီက ထုတ်ဖော်ပြောဆိုလိုက်သည်။

လူထုလက်မခံနိုင်သည့် အတုအယောင် အမျိုးသားညီလာခံကို ဆက်လက်ကျင်းပမည့်အစား ကုလသမဂ္ဂကဆုံးဖြတ်ထားသည့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးကိုသာ အဓိကထား ကြိုးပမ်းသင့်ကြောင်း မွန်ပြည်သစ်ပါတီက တိုက်တွန်းလိုက်သည်။

၁၉၉၅ ခုနှစ်မှစ၍ နတစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောထားသည့် မွန်ပြည်သစ်ပါတီသည် ပြီးခဲ့သည့်နှစ် ပါတီညီလာခံ ကျင်းပပြီးချိန်မှစ၍ စစ်အစိုးရအပေါ် ဝေဖန်မှုများ စတင်ပြုလုပ်လာခဲ့သည်။ ထို့ပြင် အပစ်အခတ်ရပ်စဲထားသော အဖွဲ့များစုပေါင်း၍ စစ်အစိုးရအပေါ် ဝေဖန်သည့်အခါများတွင်လည်း ရှေ့တန်းမှ ပါဝင်လာခဲ့သည်။

မွန်ပြည်သစ်ပါတီအနေဖြင့် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုယူထားခြင်းသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်ဖြစ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် နိုင်ဗညားမွန်က ပြောဆိုခဲ့ပြီး ပါတီ၏ တောင်းဆိုချက်များကို စစ်အစိုးရက ယနေ့အချိန်အထိ တုန့်ပြန်မှု မရှိခဲ့ဟုဆိုသည်။ မွန်ပြည်သစ်ပါတီအနေဖြင့် လက်ရှိအနိုင်ငံရေးပြဿနာများကို တိုင်းရင်းသားများ၊ နိုင်ငံရေးအင်အားစုများအားလုံး ပါဝင်နိုင်မည့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဟု အခိုင်အမာ ယုံကြည်ကြောင်း ၎င်းက ဆိုသည်။

ဆက်လက်ကျင်းပဖွယ်ရှိသော အမျိုးသားညီလာခံနှင့်ပတ်သက်၍ ၎င်းက စစ်မှန်သော ကိုယ်စားလှယ်များ တက်ရောက်နိုင်ရေးအတွက် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်နှင့် ဆွေးနွေးပိုင်ခွင့် မရှိသည့် ယခင်ညီလာခံမျိုးဆိုလျှင် မွန်ပြည်သစ်ပါတီက လက်ခံလိမ့်မည် မဟုတ်ဟု ဆိုခဲ့ပြီး နအဖက တင်ပြလာသည့် လမ်းပြမြေပုံသည် ရှင်းရှင်းလင်းလင်း မရှိသည့်အတွက် စောင့်ကြည့်လေ့လာနေဆဲဖြစ်ကြောင်း ပြောဆိုသွားသည်။

❖

**နအဖ၏ အတုအယောင် အမျိုးသားညီလာခံကို ဆန့်ကျင်ကြ**

# ပန်ဆန်းဆုံးဖြတ်ချက်အပေါ် ဗကပသဘောထား

**မိုးကြိုးအမေး – ဗကပအဖြေ**

**မေး**– ဝန်ကြီးချုပ်အသစ်ရဲ့ နိုင်ငံရေးလမ်းပြမြေပုံအပေါ် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သဘောထားအမြင် သိချင်ပါတယ်။

**ဖြေ**– အဆင့်(၇)ဆင့်လို့ ပြောပေမယ့် အဓိကက(၂)ချက်ပဲ။ တခုက အမျိုးသားညီလာခံ ပြန်လုပ်မယ်။ နောက်တခုက လူထုဆန္ဒခံယူပွဲလုပ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံကို အတည်ပြုမယ် ဆိုတာပဲ။ ဒီတောင်ကြီး (၂)လုံးကျော်နိုင်မှ ရွေးကောက်ပွဲသစ်ဆိုတာ လာမယ်။

တကယ်က ခုပြန်လုပ်မယ်ဆိုတဲ့ အမျိုးသားညီလာခံဟာ ပြည်သူက တဖက် စစ်အာဏာရှင်စနစ်ကတဖက် တိုက်တဲ့ အနှစ်(၄၀)ကျော်ကြာခဲ့ပြီဖြစ်တဲ့ တိုက်ပွဲရဲ့ နောက်ဆုံးအဆင့်ဖြစ်တယ်။ သူတို့က အင်ကုန်အားကုန်သုံး ခုခံလိမ့်မယ်။ ကျနော်တို့ကလည်း အင်ကုန်အားကုန်သုံး တိုက်ရမယ်။

**မေး**– တိုက်ပွဲရဲ့ နောက်ဆုံးအဆင့်ဆိုတာ ရှင်းပြပေးပါ။

**ဖြေ**– တကယ်က သူတို့ဟာ ၁၉၈၈ ခု ရှစ်လေးလုံးကာလကတည်းက ခံစစ်ဖြစ်သွားပါပြီ။ သူတို့ နည်းမျိုးစုံသုံးပြီး ရုန်းကန်နေရတယ်။ ၉၀ ခုနှစ် ရွေးကောက်ပွဲကလည်း မှန်းချက်နဲ့ နှမ်းထွက် မကိုက်ခဲ့ဘူး။

အမျိုးသားညီလာခံဆိုတာ လုပ်ပြန်တယ်။ ဒေါ်အောင်ဆန်းစုကြည် လွတ်လာတော့ စင်ကျိုးကျတာ တွေ့ရလိမ့်မယ်။ ဒါကြောင့်လည်း မခံချိမခံသာ စကားတွေ ထွက်လာခဲ့တာဖြစ်တယ်။ 'အထွေထွေအတွင်းရေးမှူးက CEC ထက် အဆင့်မြင့်သလား'စသည် ရန်ထောင်ခဲ့တယ်။ တကယ်က CEC က အချိန်ဆွဲထားလိုက်တာ သဘောပေါက်ပုံ မရဘူး။

အမျိုးသားညီလာခံကို ဒီပုံစံအတိုင်း လုပ်လို့မဖြစ်ဘူး။ ပြင်မှဖြစ်မယ်။ ဗိုလ်မျိုးညွန့် ဦးစီးပြီး ၉၃ ခုနှစ်က ၉၆ ခုနှစ်အထိ ညီလာခံလုပ်လာတာ (၁၀၄)ချက်ဆိုတာအထိ ပြီးပြီးသား၊ ဒီအချိန် ဒေါက်ဖြုတ်ခံလိုက်ရတော့ ဆန့်ငင်ဆန့်ငင်ဖြစ်သွားတယ်။ အဲန်အယ်လ်ဒီ ဦးဆောင်တဲ့ ပြည်သူတွေရဲ့ ဖိအား၊ နိုင်ငံတကာဖိအားတွေ များလာတော့ 'စာမျက်နှာသစ်ဖွင့်လိုက်ပြီ' လုပ်လာပြန်တယ်။ တကယ်က သူတို့ ကမူးရှူးထိုးဖြစ်နေပြီ။ ဒီပဲယင်းအဖြစ်ဟာ စေ့စပ်မလိုလို မစေ့စပ်တော့ဘူးလိုလို ဖြစ်နေရာက ယတိပြတ်အဖြေပေးလိုက်တာပဲ။

မေး– ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဒီပဲယင်းကိစ္စအပေါ် အနှစ်ချုပ်ကို ရှင်းပြပေးပါ။

ဖြေ– ဒီနေရာမှာ ဒီပဲယင်းအဖြစ်အပျက်ဟာ အင်ဖာတိုက်ပွဲနဲ့ သွားတူနေတာ သတိထားမိတယ်။ ပထမက ဂျပန်ဟာ တရုတ်ပြည်ကို ကုန်းလမ်း ဖောက်ချင်တယ်။ ဒါကြောင့် ယူနန်ကို ထိုးစစ်ဆင်ဖို့ ဂျပန်ဗိုလ်ချုပ်တွေက သဘောတူထားပြီးသား။ ဒါပေမယ့် မေမြို့မှာရှိတဲ့ ဗိုလ်ချုပ်မူတာဂူချိက အိန္ဒိယဘက်ဆက်ထိုးစစ်ဆင်ရမယ်ဖြစ်လာပြီး ဝန်ကြီးချုပ်တိုဂျိုဆီ အမိန့်တောင်းခံကာ အင်ဖာကို တိုက်ခဲ့တာဖြစ်တယ်။ တကယ်က ဂျပန်ဟာ အားရှိတော့တာ မဟုတ်ဘူး။ သေခါနီး ရုန်းကန်ကြည့်လိုက်တာပါ။

အလားတူ ဒီပဲယင်းလူသတ်ပွဲဆိုတာလည်း စစ်အုပ်စုက နောက်ဆုံးရုန်းကန်ကြည့်လိုက်တာပါ။ အဲဒီဖြစ်စဉ်ရဲ့နောက်မှာ အမျိုးသားညီလာခံအသစ်ဆိုတာကို ထုတ်ဖော်လာတာပဲ။

မေး– ဗကပက အင်ကုန်အားကုန်သုံးရမယ်ဆိုတာနဲ့ ပန်ဆန်းဆုံးဖြတ်ချက်အပေါ် ကြိုဆိုတဲ့ သဘောထားထုတ်ပြန်တဲ့ (၂၀/၂၀၀၃)ကို ဘယ်လို ပေါင်းစပ်နားလည်ရမလဲ။

ဖြေ– တခါက ရဲဘော်၊ အခု မိတ်ဆွေတွေ နိုင်ငံရေးအဆင့်နေရာ ယူလာတာ တွေ့ရလို့ ကြိုဆိုလိုက်တာပါ။ ဒါဟာ စစ်အစိုးရက ဘိန်းဂိုဏ်းအဖြစ် လုပ်ထားတာကနေ ရုန်းထွက်လာတာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားညီလာခံကို ပြုပြင်ရမယ်ဆိုတဲ့ တောင်းဆိုချက်ကို ကောက်ကိုင်လိုက်တာဖြစ်တယ်။ ၉၆ ခုနှစ်တုန်းက 'ဒီစနစ်နဲ့တော့ မဖြစ်ဘူး'ဆိုတဲ့အလံကို ကောက်ကိုင်တာမို့ ပြတ်ပြတ်သားသား ထောက်ခံတာပဲ။

စစ်အာဏာရှင်စနစ်မှာ အရန်တပ် မရှိဘူး။ ကျွန်တော်တို့မှာ အရန်တပ်ရှိတယ်။

အဲန်အယ်လ်ဒီက တိုက်ပွဲဝင်နေတယ်။ ကျွန်တော်တို့ ရဲဘော်ဟောင်းတွေက အရန်တပ်အဖြစ် ပါဝင်လာတာဖြစ်တယ်။ မကြာခင် အဆုံးအဖြတ်ပေးမယ့် အရန်တပ်ကြီးလည်း ချီတက်လာလိမ့်မယ်။ အဲဒါ ပြည်သူလူထုကြီးပဲ။

သူတို့ပါလာရင် နေဝင်းသိက္ခာမဲ့စွာ ရာဇပလ္လင်က ဆင်းပေးရသလို မကြာခင် နအဖ စစ်အုပ်စုလည်း ရာဇပလ္လင်က ဆင်းပြေးရမှာပဲ။

နအဖရဲ့ Road Map ဟာ အင်ဖာဖြစ်သွားစေရမယ်။ မကြာခင် ထုတ်မယ့် ကျနော်တို့ရဲ့ ကြေညာချက်မှာ ကျနော်တို့ရဲ့ တိုက်ပွဲနည်းပရိယာယ် တစုံလုံး မိတ်ဆက်ပေးပါမယ်။

❖

# နိုင်ငံတကာ

## ထိုင်းနိုင်ငံအားအန္တရာယ်တွင်းသို့ ဝန်ကြီးချုပ်ထပ်ဆင်တွန်းပို့နေ



ထိုင်းဝန်ကြီးချုပ်
မစ္စတာထပ်ဆင်ရှီနာဝပ်

**အောက်တိုဘာ (၆)ရက်။ [ဘန်ကောက်ပို့စ်]**

ဝန်ကြီးချုပ် ထပ်ဆင်ရှီနာဝပ်သည် လူပြိန်းကြိုက်ပေါ်လစီနှင့် အာဏာရှင်ဆန်လိုမှုတို့ဖြင့် တိုင်းပြည်အား အန္တရာယ်တွင်းသို့ တွန်းပို့နေသည်ဟု လူမှုဝေဖန်ရေးသမား ထီရာရွတ်ဗွန်မိက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေ အဖွဲ့ကြီးမှ ထိုင်းနိုင်ငံစီးပွားရေးအား ပြန်လည်ပြင်ဆင် မွမ်းမံရန် စီစဉ်ခဲ့ချိန်တွင် နိုင်ငံရေးထောက်ခံမှုရရှိရန် လူပြိန်းကြိုက် ပေါ်လစီများဖြင့် လူ့အဖွဲ့အစည်းကဏ္ဍအားလုံးအား အရင်းရှင်စနစ်ဆီသို့ ပြောင်းလဲပစ်ရေးကို ထပ်ဆင်က စည်းရုံးလိုက်သည်ဟု ၎င်းမှ ပြောဆိုခဲ့သည်။

ငွေရင်းရှိသူများနှင့် ဩဇာရှိသူများကို ၎င်း၏ ထိုင်းရတ်ထိုင်းပါတီနှင့် အတင်းအဓမ္မ ပူးပေါင်းစေသည်။ လွှတ်တော်၌ အမတ်နေရာအများစုကို ရရှိထားခြင်းအားဖြင့် ဝန်ထမ်းများ၊ ပုလိပ်များနှင့် စစ်ရေးဆိုင်ရာတို့ကို ၎င်း၏အုပ်ချုပ်ရေးအဖွဲ့မှ ထိန်းချုပ်ထားခဲ့သည်။ ဆက်သွယ်ရေးလုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းများမှ စီးပွားရေးလုပ်ငန်းရှင်များသည် ထိုင်းရတ်ထိုင်းပါတီအား ထောက်ခံရန်မှအပ အခြားရွေးချယ်စရာ မရှိပေ။ အကျိုးဆက်များအဖြစ် မျှတမှုမရှိသော ယှဉ်ပြိုင်မှုများနှင့် ဈေးနှုန်းများက သုံးစွဲသူများအတွက် ဆိုးကျိုးများဖြစ်ပေါ်စေသည်။ အာဏာရှိသူများအလိုကျ လုပ်ကိုင်နေရသည့်အတွက် ဘဏ္ဍာရေး အဖွဲ့အစည်းများမှာ အင်အားချိနဲ့လာခဲ့ရသည်။

ကြွေးများ တရားဝင် ဆိုင်ငံ့ထားသည့်ပေါ်လစီ၊ ကျေးလက်ရန်ပုံငွေများ ထုတ်ပေးသည့်ပေါ်လစီနှင့် လူတိုင်း ပိုင်ဆိုင်သည့် အဖိုးတန်ပစ္စည်းများကို ရင်းနှီးမတည်ငွေအဖြစ် ပြုလုပ်နိုင်သည့်ပေါ်လစီ (Asset Capitalisation policy)များကြောင့် ကျေးလက်လူထုမှ များများထုတ် များများသုံးဝါဒ (Consumerism) ကို အရသာတွေ့လာခဲ့ကြသည်။ ကျေးရွာသားတို့မှ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဆိုင်ရာ ချေးငွေများအတွက် ထုတ်ပေးသော ကျေးလက်ရန်ပုံငွေနှင့် ဘဏ်များမှငွေများကို မိုဘိုင်းဖုန်းများ၊ မော်တော်ဆိုင်ကယ်များနှင့် ပစ်ကပ်ကားများ ဝယ်ယူရာတွင် အသုံးပြုကြောင်း ကွင်းဆင်းလေ့လာမှုစာတမ်းများက ထောက်ပြကြသည်။ အများစုမှာ ဆိုးဝါးစွာကြွေးပိနေခြင်း (သို့မဟုတ်) ချေးငွေများ လုံးဝပြန်မဆပ်နိုင်သည်ကို တွေ့ရသည်။

"ဒီအခြေအနေမှာ ရွာသားတွေဟာ အစိုးရချေးငွေတွေ ပြန်ဆပ်နိုင်ဖို့ အခြားငွေချေးနိုင်မဲ့နေရာကို လှည့်ရှာနေရတယ်။ အကျိုးဆက်ကတော့ လူထုမှာပိုပြီးတော့ ကြွေးထူလာတာပဲ။" အစိုးရအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အလေးပေးသလောက် သမိုင်း၊ လူမှုရေးအခြေအနေ၊ လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှုနှင့် ကိုယ့်အားကိုယ်ကိုးမှုအပေါ်တွင် အာရုံစိုက်မှု နည်းပါးကြောင်း ၎င်းမှပြောဆိုခဲ့သည်။ မစ္စတာထပ်ဆင်သည် ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် (CEO)များ လုပ်သကဲ့သို့ သူ၏အုပ်ချုပ်ရေးယန္တရားအား လုပ်ကိုင်နေသည်ဟု ၎င်းမှဝေဖန်ခဲ့သည်။ ထိုင်းရတ်ထိုင်းပါတီ၏ ရည်မှန်းချက်ဖြစ်သော တပါတီအစိုးရဖြစ်ရေးသည် လူထု၏ ဒီမိုကရေစီအတွေးအခေါ်များကို ပျက်စီးသွားစေနိုင်သည်။ အကြွင်းမဲ့အာဏာကြောင့် အုပ်ချုပ်ရေးစနစ်တခုလုံး စာရိတ္တခြစားမှုဘက်သို့ တိမ်းညွတ်သွားစေလိမ့်မည်ဟု ၎င်းမှပြောဆိုခဲ့သည်။ ❖

## ဂါဇာကမ်းခြေဗုံးပေါက်ကွဲမှုတွင် အမေရိကန်သုံးဦးသေဆုံး

**အောက်တိုဘာ၊ (၁၆)ရက်။ [ဘီဘီစီ]**

ဂါဇာကမ်းမြောင်ဒေသတွင် (၁၅)ရက်နေ့က အဝေးထိန်းမိုင်းဗုံးတလုံး ပေါက်ကွဲမှုကြောင့် အမေရိကန်သံတမန် ယာဉ်တန်းမှ သံချပ်ကားတစီး ထိမှန်၍ အမေရိကန် လုံခြုံရေးအမှုထမ်း(၃)ဦး သေဆုံးကာ (၄)ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ ဤသည်မှာ ပါလက်စတိုင်း နယ်မြေဒေသအတွင်း အမေရိကန်တို့၏ ပထမဆုံးအကြိမ် ထိခိုက်သေဆုံးမှုဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်၍ အမေရိကန်သမတဘုရှ်က ပါလက်စတိုင်းအာဏာပိုင်များအနေဖြင့် အကြမ်းဖက်သမားတို့အား နည်းမျိုးစုံဖြင့် ဖြိုခွင်းသင့်သည်မှာ ကြာပြီဖြစ်ကြောင်း အပြစ်တင်ပြောကြားခဲ့သည်။

အကြမ်းဖက်မှုများနှင့် အကြမ်းဖက်သမားများအား မဖယ်ရှား မသုတ်သင်နိုင်သေးသ၍ ပါလက်စတိုင်း နိုင်ငံတည်ထောင်ရေးတွင် သမတဘုရှ်အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ရှေ့မတိုးသာသေးကြောင်း နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲ(လ်)က ပါလက်စတိုင်းဝန်ကြီးချုပ် အာမက်ကျူရီယာအား ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ကျူရီယာမှ အဆိုပါကိစ္စများအား တာဝန်ယူဆောင်ရွက်သွားမည်ဟု ပြန်လည်ကတိပေးခဲ့ပြီး ပါလက်စတိုင်းခေါင်းဆောင် ရာဆာအာရာဖတ်မှလည်း အဆိုပါတိုက်ခိုက်မှုအပေါ် "အလွန်ဆိုးရွားသော ရာဇဝတ်မှု"ဟူ၍ ဝေဖန်ရှုတ်ချခဲ့သည်။ အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ဟားမတ်စ်၊ အစ္စလာမ်မစ် ဂျီဟာဒ်နှင့် အယ်လ်အာဆာ (Al Aqsa)အဖွဲ့တို့မှ ၎င်းတို့နှင့် သက်ဆိုင်ခြင်း မရှိကြောင်း ငြင်းဆိုချက်ထုတ်ပြန်ခဲ့သည်။

သေဆုံးသူများမှာ ဂျွန်ဘရန်ချီဇီယို (၃၆)နှစ်၊ မာ့(က်)တီပါစင် (၃၁)နှစ်နှင့် ဂျွန်မာတင်လင်ဒါဂျေအာ (၃၀)နှစ်တို့ဖြစ်ပြီး တဲလ်အဗစ်ရှိ အမေရိကန်သံရုံးတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ဗာဂျီးနီးယားအခြေစိုက် လုံခြုံရေးကုမ္ပဏီမှ အမှုထမ်းများဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အခင်းဖြစ်ပွားသည့်နေရာသို့ သွားရောက်ခဲ့သော အမေရိကန် စုံစမ်းစစ်ဆေးသူများအား ပါလက်စတိုင်းသားတို့မှ ကျောက်ခဲများဖြင့် ပစ်ပေါက်မောင်းထုတ်ခဲ့သည်။ (၁၅)ရက်နေ့က ထုတ်ပြန်ခဲ့သည့် စစ်တမ်းကောက်ခံမှုတွင် ပါလက်စတိုင်းသား (၉၇)ရာခိုင်နှုန်းမှ အမေရိကန်တို့ပေါ်လစီသည် အစ္စရေးတို့အား မျက်နှာသာပေးသည်ဟုလည်းကောင်း၊ (၉၆)%မှာ အမေရိကန်တို့ ပြုလုပ်နေသော ပါလက်စတိုင်းနိုင်ငံ တည်ဆောက်ရေးသည် ရိုးသားမှုမရှိကြောင်း ဖော်ပြထားသည်။ ❖

## ဆီးရီးယားအား အစ္စရေးတို့ စီးနင်းတိုက်ခိုက်မှုအပေါ် မွတ်ဆလင်ထိပ်သီးညီလာခံက ပြင်းထန်စွာတုံ့ပြန်

**အောက်တိုဘာ (၁၁)ရက်။ ကွာလာလမ်ပူ (ရိုက်တာ)**

အရှေ့အလယ်ပိုင်း ပဋိပက္ခအား ပိုမိုဆိုးဝါးသွားစေခဲ့သည့် ဆီးရီးယားနယ်မြေဒေသအတွင်း အစ္စရေးတပ်များ လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုအပေါ် မွတ်ဆလင်ညီလာခံမှ အပြင်းအထန် ကန့်ကွက်လိုက်ကြပြီး ဆီးရီးယားနိုင်ငံဘက်မှ ထောက်ခံကြောင်း သဘောထား ထုတ်ပြန်ခဲ့ကြသည်။

အကယ်၍ နောက်တဖန် အစ္စရေးတို့ဘက်မှ တိုက်ခိုက်ခဲ့ပါက ဆီးရီးယားအနေဖြင့် မိမိကိုယ်ကို ခုခံပိုင်ခွင့်ရှိကြောင်း ဒမတ်စကတ်ရှိ အာဏာပိုင်တို့က (၁၁)ရက်နေ့က ပြောကြားခဲ့သည်။ အစည်းအဝေးကျင်းပရာ အိမ်ရှင်မလေးရှားနိုင်ငံမှ ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က အစ္စရေးတို့စီးနင်းတိုက်ခိုက်မှုသည် ဝါရှင်တန်၏ ဆီးရီးယားအပေါ် ဆက်ဆံရေးတင်းမာနေခဲ့မှုများအား တိုးမြှင့်ရန် သွယ်ဝိုက်ပြီးတိုက်တွန်းသော ပရိယာယ်တခု ဖြစ်နိုင်သည်ဟု ၎င်းအနေဖြင့် သံသယရှိကြောင်း ပြောဆိုခဲ့သည်။

"အစ္စရေးက ဆီးရီးယားကို ကျူးကျော်တယ်၊ အမေရိကန်က အစ္စရေးကို ထောက်ခံရလိမ့်မယ်။ ဒီလိုမှမဟုတ်ရင် အမေရိကန်သမတ ရွေးကောက်ပွဲဝင်မဲ့ အမတ်လောင်းတွေ ဂျူးဆန္ဒမဲတွေ ဆုံးရှုံးလိမ့်မယ်"ဟု ဝန်ကြီးချုပ် မဟာသီယာက လာမည့် ၂၀၀၄ ခုနှစ် အမေရိကန် သမတရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး ရည်ညွှန်းပြောဆိုခဲ့သည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုသည် အရပ်သားများ နေထိုင်ရာဒေသနှင့် ပါလက်စတိုင်းအုပ်စုတို့၏ မီဒီယာလုပ်ငန်းများ ရုံးစိုက်သည့် ဒေသများပါဝင်သည်ဟု ဆီးရီးယားဘက်မှ ပြောဆိုခဲ့သည်။

မိမိအိမ်နီးချင်းနိုင်ငံနှင့် အစ္စလာမ်နိုင်ငံများအပေါ် ကျူးကျော်ရန်စသော အစ္စရေးအား အစ္စလာမ်ကွန်ဖရင့် အစည်းအရုံးမှ ပြစ်တင်ရှုတ်ချသင့်ကြောင်း ဆီးရီးယား၏ အဆိုပြုခဲ့ခြင်းအပေါ် အီရန်အနေဖြင့် အပြည့်အဝ ထောက်ခံကြောင်း အီရန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂါမိုလီခို့ရှိုး (Ghamoli Khoshroo)က သတင်းထောက်များအား ပြောကြားခဲ့သည်။ အမေရိကန်သည် အစ္စရေးအပေါ် ထောက်ခံခြင်းအားဖြင့် အစ္စလာမ်ကမ္ဘာနှင့် ကင်းကွာစိမ်းကားစေခဲ့ကြောင်း ခို့ရှိုးက ပြောဆိုခဲ့သည်။ မလေးရှားနိုင်ငံဆိုင်ရာ ပါလက်စတိုင်းသံတမန် အာမက်အယ်လ်ဖာရာက "ဘာကြောင့် အစ္စရေးက ဥပဒေအထက်မှာ ရှိနေရတာလဲ"၊ "ဘာကြောင့် အမေရိကန်ဗီတိုအာဏာက အစ္စရေးကို အမြဲတန်း အကာအကွယ်ပေးနေရတာလဲ"ဟု ပြောဆိုသွားခဲ့သည်။ ❖

## လူပေါင်းများစွာထိခိုက်ခဲ့သည့် ဘဂ္ဂဒက်အသေခံဗုံးခွဲမှု

**အောက်တိုဘာ၊ (၂၈)ရက်။ [ဘီဘီစီ]**

အောက်တိုဘာ (၂၇)ရက်နေ့က ဘဂ္ဂဒက်မြို့တော်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီဌာနချုပ်နှင့် ရဲဌာန (၄)ခုအား အဓိကပစ်မှတ်ထားကာ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူပေါင်း (၃၈)ဦး သေဆုံးပြီး၊ (၂၂၄)ဦး ဒဏ်ရာရရှိခဲ့သည်။ ဤအသေခံဗုံးခွဲတိုက်ခိုက်မှုသည် ကြားနေအဖွဲ့အစည်းအဖြစ် ထင်ရှားသည့် အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအေဂျင်စီ၏ နှစ်ပေါင်း (၁၄၀)ကြာ သမိုင်း၌ ပထမဆုံးအကြိမ်ဖြစ်သည်။

ဤကဲ့သို့ တမနက်လုံးမရပ်မနား တိုက်ခိုက်မှုမျိုး စစ်ပြီးဘဂ္ဂဒက်တွင် တခါမျှ မကြုံဖူးကြောင်း ဘဂ္ဂဒက်ရှိ ဘီဘီစီသတင်းထောက် ဂျီလ်မက်ဂီဗားရင်း (Jill Mc Givering)က ပြောဆိုခဲ့သည်။ ရဲစခန်း ဗုံးပေါက်ကွဲမှုများ အနက်မှ တနေရာတွင် အမေရိကန်စစ်သား (၁)ဦး သေဆုံးပြီး (၆)ဦး ဒဏ်ရာရခဲ့သည်။ ဤတိုက်ခိုက်မှုသည် ဒေသစံတော်ချိန် နံနက် (၈း၃၀)နာရီမှ စတင်ရာ နောက်ဆုံး ပေါက်ကွဲမှုသည် (၁၀း၁၅)နာရီ၌ ဖြစ်ပွားခဲ့သည်။

ဤဗုံးပေါက်ကွဲမှုတွင် ရဲ(၈)ဦးနှင့် အခြားလူ(၂၆)ဦး သေဆုံးကြောင်း အီရတ် ကြားဖြတ်အုပ်ချုပ်ရေးကောင်စီ၏ ဒုပြည်ထဲရေးဝန်ကြီး အာမက်အီဘရာဟင်က ပြောဆိုခဲ့သည်။ သေဆုံးသော ရဲအရေအတွက်စာရင်းတွင် အသေခံဗုံးခွဲသူများနှင့် သေဆုံးသည့် အမေရိကန်စစ်သား ပါ၊ မပါ ဆိုသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးချေ။ အချို့သတင်းများအရ သေဆုံးသူစုစုပေါင်းမှာ (၄၂)ဦးထိရှိပြီး၊ ထိုစာရင်းများမှာ အတည်မပြုနိုင်သေးချေ။

**နိုင်ငံခြားတိုက်ခိုက်ရေးသမားများ**

စတုတ္ထမြောက်ရဲစခန်းအား ဗုံးခွဲရန်ကြိုးပမ်းခဲ့သည့် အသေခံဗုံးခွဲမည့်သူအား ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့သည်။ ဗုံးခွဲမည့်သူ အပြောအရ ၎င်းသည် ဆီးရီးယားလူမျိုးဖြစ်ပြီး ဆီးရီယားနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ကြောင်း အမေရိကန် တပ်မတော်မှ ဗိုလ်မှူးချုပ် မတ်ဟတ်တလင် က ပြောကြားခဲ့သည်။ အသေခံဗုံးခွဲသူ (၂)ဦးမှလွဲ၍ ကျန်အားလုံးကို တားဆီးလိုက်နိုင်သည်။ ဤဗုံးခွဲမှုတွင် အယ်လ်ကိုင်ဒါအဖွဲ့ဝင်များ ပါဝင်နိုင်ကြောင်း ထောက်လှမ်းရေးကျွမ်းကျင်သူများက ယုံကြည်ကြသည်ဟု ဘီဘီစီ လုံခြုံရေးသတင်းထောက် ဖရန့်ဂါ့ဒ်နာက ပြောဆိုသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဆောက်အဦးအား တိုက်ခိုက်မှုတွင် (၁၂)ဦး သေဆုံးပြီး ဤအထဲတွင် အီရတ်လုံခြုံရေး ရဲ(၂)ဦးနှင့် အနီးအနားမှ ဖြတ်သွားသူများ ပါဝင်သည်ဟု ပြောရေးဆိုခွင့်ရသူက ပြောဆိုခဲ့သည်။ သေဆုံးသူများထဲတွင် ဗုံးများ တင်ဆောင်မောင်းနှင်လာသည့် ကားမှ ကားမောင်းသူပါသည်ဟု မျက်မြင်သက်သေ တဦးက ပြောကြားခဲ့သည်။ ဤဗုံးခွဲမှုသည် ရက်စက်မှုကြီးဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့မှ ပြောကြားလိုက်သည်။ ❖



အီရတ်ရှိ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၏ ဌာနချုပ်အား ဗုံးခွဲခံရပြီးတွေ့ရစဉ်


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# အန္တရာယ်လမ်းကြောင်းပေါ်မှ မြန်မာနိုင်ငံ

**ရန်နိုင်ကျော်**
**ဘာသာပြန်သည်**

ကမ္ဘာ့နိုင်ငံအများစုက မြန်မာနိုင်ငံကို ဒီမိုကရေစီအရေးအတွက် ပိုမိုဖိအားပေးနေသည့်အချိန်တွင် အချို့နိုင်ငံများက မြန်မာနိုင်ငံအား ဒေသတွင်း စစ်ရေးအရ အန္တရာယ်ရှိလာသည့် နိုင်ငံတနိုင်ငံဖြစ်လာအောင် လုပ်ဆောင်နေကြသည်။

မြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် စစ်အုပ်စုသည် အာဏာကို မဖြစ်ဖြစ်သည့် နည်းဖြင့် ထိန်းချုပ်တတ်သည့်အစိုးရတရပ်အဖြစ် သိထားကြသည်မှာ ကြာပြီဖြစ်သည်။ သို့သော်လည်း ၎င်းတို့ အရည်အချင်း ညံ့ဖျင်းမှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးဝါးသော အကျိုးဆက်များကို ပြည်သူလူထုကသာ ကြိတ်မှိတ်ခံကြရသည်။ ယခုအခါ ဤအကျိုးဆက်မှာ မြန်မာနိုင်ငံ နယ်နိမိတ်၏ အပြင်ဘက်နိုင်ငံများအထိပါ ပျံ့နှံ့လာနေပြီ ဖြစ်သည်။

စစ်ဗိုလ်ချုပ်ကြီးများသည် ၁၉၈၈ ခုနှစ် ကျောင်းသားများ သပိတ်မှောက် ဆန္ဒပြခဲ့သည့်အချိန်ကစ၍ ဒီမိုကရေစီအရေး လှုပ်ရှားသူများအား ထောင်နှင့်ချိ သတ်ဖြတ်နေပြီး တိုင်းရင်းသားလူနည်းစုများအပေါ်တွင်လည်း ထိုးစစ်ဆင် တိုက်ခိုက်နေသည်။ ပြည်သူလူထုအပေါ် အာဏာဖြင့် ပိုမို လွှမ်းမိုးချုပ်ကိုင်နိုင်ရန်အတွက် ၎င်းတို့ အာဏာယူထားသည့် (၁၅)နှစ်တာကာလအတွင်း စစ်တပ်အင်အားကိုလည်း နှစ်ဆတိုးချဲ့ခဲ့သည်။ ယခုအခါ တနိုင်ငံလုံးဘတ်ဂျက်၏ (၄၀)ရာခိုင်နှုန်းကို စစ်အင်အားတိုးချဲ့ရေးအတွက် သုံးစွဲလျက်ရှိပြီး ထိုငွေကြေးသည် ကျန်းမာရေးနှင့် ပညာရေးတွင် သုံးစွဲသည့်ဘတ်ဂျက်နှင့် ညီမျှသည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ် ညံ့ဖျင်းပျက်စီးမှုကြောင့် ပြည်သူလူထု ထောင်နှင့်ချီ၍ သေဆုံးခဲ့ကြရသည်။ နိုင်ငံကို အုပ်ချုပ်နေသည့် စစ်အစိုးရသည် နိုင်ငံအနှံ့ အဓမ္မလုပ်အားခိုင်းစေမှုကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားနေပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့က ''မျက်မှောက်ခေတ်၏ ကျေးကျွန်စနစ် ပုံစံသစ်''ဟုပင် ခေါ်ဆိုခဲ့သည်။

အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခြင်း၊ အကူအညီများ ဖြတ်တောက်ခြင်း၊ ပြစ်တင်ရှုတ်ချမှုများ ပြုလုပ်၍ အရေးယူဆောင်ရွက်ခဲ့သော်လည်း စစ်အာဏာရှင်တို့၏ မူဝါဒများမှာ ပြောင်းလဲခြင်း မရှိခဲ့ပါ။

ယမန်နှစ်ကမှ နှစ်ရှည်အကျယ်ချုပ်က ပြန်လည်လွတ်မြောက်လာသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရက ပြီးခဲ့သည့် မေ (၃၀)ရက်နေ့တွင် အကြမ်းဖက်တိုက်ခိုက်ပြီး သူမကို ကာကွယ်စောင့်ရှောက်သူများနှင့် ထောက်ခံသူများအား လုပ်ကြံသတ်ဖြတ်သည့် ရက်စက်ရမ်းကားမှုမျိုး ပေါ်ပေါက်လာမှသာ နိုင်ငံတကာက အာရုံစူးစိုက်လာကြသည်။

ထို့နောက် စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်ဖမ်းဆီးပြီး လျှို့ဝှက်တနေရာတွင် ထားရှိကာ သူမ၏ ပါတီရုံးများကိုလည်း ပိတ်ထားခဲ့သည်။ မကြာသေးမီက ဒေါ်အောင်ဆန်းစုကြည်အား စစ်အစိုးရက ရက်အကန့်အသတ်မရှိ နေအိမ်အကျယ်ချုပ် ပြန်လည်ချထားလိုက်သည်။

မြန်မာစစ်အစိုးရကို ဖိအားပေးသည့်အနေဖြင့် ပြီးခဲ့သည့်ဇွန်လက မြန်မာနိုင်ငံမှ ပို့ကုန်အားလုံးကို ပိတ်ပင်သည့်ဥပဒေပြဋ္ဌာန်းနိုင်ရန် အမေရိကန်လွှတ်တော်၌ တခဲနက်မဲပေးခဲ့ကြသည်ကို ကျနော် အားရကျေနပ်ပါသည်။ စစ်အစိုးရ၏ ရက်ရက်စက်စက် ဖိနှိပ်ချုပ်ခြယ်မှုများနှင့် စီးပွားရေးယိုယွင်း



အဆိုပါ အပယ်ခံနှစ်နိုင်ငံ ပြန်လည်ဆက်ဆံပေါင်းသင်းလာခြင်းသည်
ဆိုးကျိုးကိုသာ ဖြစ်ပေါ်လာစေမည့် လက္ခဏာဖြစ်နေပေသည်။
မြောက်ကိုရီးယားနိုင်ငံသည် အန္တရာယ်ကြီးမားသည့်
လက်နက်နည်းပညာကိုသာ အဓိကတင်ပို့ရောင်းချနေသည့်နိုင်ငံဖြစ်ပြီး
မြန်မာနိုင်ငံသည် ပြိုယမ်းမှ ဒုံးပျံများနှင့် အခြားလက်နက်များ
ရရှိနေကြောင်း ကြားသိနေရသည်။

ပျက်စီးမှုဒဏ်ကို မြန်မာပြည်သူများကသာ ယခုအချိန်အထိ နှစ်ရှည်လများ ခါးစည်းခံနေကြရသော်လည်း တကမ္ဘာလုံးက မြန်မာ့အရေးကို ပြည်တွင်းရေးပါဟုဆိုကာ ဥပက္ခာပြုနေကြသည်။ သို့သော် ယခုအချိန်တွင် မြန်မာ့အရေးကို အထူးအာရုံစိုက်သင့်ပြီ ဖြစ်သည်။ ယခုနောက်ပိုင်း မြန်မာစစ်ဗိုလ်ချုပ်ကြီးများသည် ဦးတည်ချက်အသစ်ဖြင့် တိတ်တဆိတ် လျှောက်လှမ်းနေကြသည်။ သူတို့၏ ဦးတည်ချက်များသည် စိတ်ပျက်စရာ ယိုယွင်းပျက်စီးနေသည့် နိုင်ငံလေးအား တောင်အာရှနှင့် အရှေ့တောင်အာရှ၏ တည်ငြိမ်မှုကိုပါ ခြိမ်းခြောက်လာနိုင်သည့် နိုင်ငံတနိုင်ငံအဖြစ်သို့ တွန်းပို့နေခြင်းပင် ဖြစ်သည်။

## ပြဿနာမဟာမိတ်နိုင်ငံများ

မြန်မာနိုင်ငံသည် ဒေသတွင်း ပြိုင်ဖက်များဖြစ်သည့် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံအကြားတွင် မဟာဗျူဟာအရတည်ရှိနေရာ ထိုအင်အားကြီးနှစ်နိုင်ငံအကြား ပြိုင်ဆိုင်မှုကို အခွင့်ကောင်းယူနေသည်။

တရုတ်နိုင်ငံသည် မြန်မာစစ်အစိုးရကို အဓိက လက်နက်ရောင်းချသည့်နိုင်ငံဖြစ်ပြီး စီးပွားရေးအရ မြန်မာနိုင်ငံအတွက် အရေးပါသော အင်အားကြီးနိုင်ငံအဖြစ် ၎င်းကိုယ်၎င်း လက်ခံယူဆထားသည်။ ကမ္ဘာ့နိုင်ငံအများစု၏ အကူအညီ အထောက်အပံ့များ ဖြတ်တောက်ထားသည့် မြန်မာနိုင်ငံအပေါ် တရုတ်က ကြွေးမြီများ လျှော့ပေါ့ပေးခဲ့သည့်အပြင် အမေရိကန်ဒေါ်လာသန်း(၂၀၀) ထပ်မံ ထုတ်ချေးပေးခဲ့သည်။ ကြားသိရသည့်သတင်းများအရ တရုတ်နိုင်ငံရှိ ကုန်းတွင်းပိတ်ပြည်နယ်များ၏ ထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ ဖြတ်လမ်းမှ တင်ပို့နိုင်ရန် ရန်ကုန်မြို့၏ တောင်ဘက်၌ သင်္ဘောကျင်းနှင့် သင်္ဘောဆိပ်တခုကို တရုတ်နိုင်ငံက အကုန်အကျခံ တည်ဆောက်ပေးခဲ့သည်။

အိမ်နီးချင်း အိန္ဒိယနိုင်ငံကလည်း တရုတ်က မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးလာမှုကို စိုးရိမ်လာပြီး မြန်မာနှင့် သံတမန်ရေးအရ ပိုမိုတိုးမြှင့်ဆက်ဆံခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် အတာလ်ဘီဟာရီ ဗတ်ချ်ပါရီသည် မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် ယခုနှစ်အစောပိုင်းက တွေ့ဆုံခဲ့ကြပြီး ဆယ်နှစ်ကျော်ကာလအတွင်း အဆင့်အမြင့်ဆုံး သံတမန်ဆက်ဆံရေးကို ပြန်လည်ထူထောင်ခဲ့သည်။ ထို့အပြင် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ပင်လယ်ဆိပ်ကမ်းတခု တည်ဆောက်ပေးမည်ဟုလည်း သိရသည်။

ဤသို့ ဒေသတွင်း အင်အားကြီးနိုင်ငံများနှင့် သံတမန်ဆက်ဆံရေး မြန်မာနိုင်ငံက တိုးမြှင့်ခြင်းသည် အဆိုးမြင်စရာ မရှိပါ။ အထူးသဖြင့် ထိုနိုင်ငံကြီးများက မြန်မာနိုင်ငံကို ပိုမိုယဉ်ကျေးသည့် နိုင်ငံတနိုင်ငံ ဖြစ်လာအောင် စောင်မပေးနိုင်လျှင် ပိုမိုကောင်းမွန်သင့်လျော်ပါလိမ့်မည်။

ထိုသို့မဟုတ်ဘဲ ထိုနိုင်ငံတို့အနေဖြင့် ၎င်းတို့၏ ပြိုင်ဆိုင်မှုတွင် ပြေလည်ရာ ပြေလည်ကြောင်း ဆောင်ကြဉ်းပေးနိုင်သည့် ကြားခံအဖြစ် မြန်မာနိုင်ငံကို သဘောမထားဘဲ ၎င်းတို့ပြိုင်ဆိုင်မှုအတွက် အသုံးချနိုင်သည့် နယ်ရုပ်တရုပ်အဖြစ် သဘောထားဆက်ဆံလာကြပါက ပြဿနာရှိလာမည်ဖြစ်သည်။ ယခုအချိန်အထိတော့ အဆိုပါနှစ်နိုင်ငံတို့၌ ထိုသို့သောချဉ်းကပ်မှုမျိုး မတွေ့ရသေးပါ။ ထို့အပြင် ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွင်း ဝင်ရောက်ထိုးဖောက်နေမှုများနှင့် ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့သည့် အာဆီယံအဖွဲ့အပေါ် ပိုမိုဩဇာလွှမ်းမိုးလာမှုအပေါ်တွင်လည်း စိုးရိမ်မှုများ တိုးပွားလျက် ရှိသည်။

ယခုအခါ မြန်မာစစ်အစိုးရက ၎င်းတို့၏ တရားဝင်မှုကို အဆိုပါနိုင်ငံများထံမှ တဖက်လှည့်ဖြင့် ရယူနေသည်ကို ထိုနိုင်ငံများက တွေ့မြင်နေကြရပြီဖြစ်သည်။

ပိုမိုဆိုးရွားသည်မှာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက နျူကလီယားဓာတ်ပေါင်းဖိုတခု တည်ဆောက်ရန် ရုရှားနိုင်ငံနှင့် စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ထိုဓာတ်ပေါင်းဖိုသည် ဆေးသုတေသနလုပ်ငန်းများတွင်သာ သုံးစွဲရန်ဖြစ်သည်ဟု နှစ်ဖက်စလုံးမှ အာမခံ ပြောဆိုနေကြသော်လည်း နျူးကလီယား ရယူပိုင်ဆိုင်နိုင်ရေးအတွက် အကွက်ကောင်းကို ချောင်းနေကြသည့် အကြမ်းဖက်သမားများ အန္တရာယ်ကရှိနေရာ တကမ္ဘာလုံးအတွက် စိုးရိမ်စရာဖြစ်သည်။ မြန်မာစစ်အစိုးရသည် အသစ်တည်ဆောက်မည့် ဓာတ်ပေါင်းဖိုအတွက် မြန်မာသင်တန်းသား အယောက် (၃၀၀)ကျော်ကိုလည်း ရုရှားနိုင်ငံသို့ စေလွှတ်ထားပြီး ရုရှားနိုင်ငံလုပ် MiG-29 တိုက်လေယာဉ် (၁၀)စင်းကိုလည်း ရုရှားအစိုးရထံမှ ဝယ်ယူခဲ့သည်။

အဆိုးဆုံးမှာ ၁၉၈၃ ခုနှစ်က တောင်ကိုးရီးယားကိုယ်စားလှယ်များအား ရန်ကုန်မြို့တွင် ဗုံးခွဲလုပ်ကြံခဲ့ချိန်မှစ၍ သံတမန်အဆက်အသွယ်ဖြတ်ထားခဲ့သည့် မြောက်ကိုးရီးယားနှင့် မြန်မာစစ်အစိုးရသည် အဆက်အသွယ် ပြန်လည်ပြုလုပ်နေခြင်း ဖြစ်သည်။ အဆိုပါဗုံးခွဲလုပ်ကြံမှုတွင် တောင်ကိုးရီးယားအစိုးရကိုယ်စားလှယ်(၄)ဦးအပါအဝင် စုစုပေါင်း(၂၁)ဦး သေဆုံးခဲ့သည်။ ယခုအခါ ထိုနှစ်နိုင်ငံ စစ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် အဆင့်မြင့်ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်သည်။ ထို့ပြင် ၎င်းတို့ တရားဝင် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ဖွယ်လည်းရှိနေသည်။

အဆိုပါ အပယ်ခံနှစ်နိုင်ငံ ပြန်လည်ဆက်ဆံပေါင်းသင်းလာခြင်းသည် ဆိုးကျိုးကိုသာ ဖြစ်ပေါ်လာစေမည့် လက္ခဏာဖြစ်နေပေသည်။ မြောက်ကိုးရီးယားနိုင်ငံသည် အန္တရာယ်ကြီးမားသည့် လက်နက်နည်းပညာကိုသာ အဓိကတင်ပို့ရောင်းချနေသည့် နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံသည် ပြိုယမ်းမှ ဒုံးပျံများနှင့် အခြားလက်နက်များ ရရှိနေကြောင်း ကြားသိနေရသည်။

ကျနော်တို့မှာ အီရတ်စစ်ပွဲ၊ အရှေ့အလယ်ပိုင်းမှ ပြဿနာအခက်အခဲများနှင့် မခန့်မှန်းနိုင်လောက်အောင် ရှုပ်ထွေးနေသည့် ကိုးရီးယားကျွန်းဆွယ်ပြဿနာတို့အပေါ်မှာသာ အာရုံစိုက်နေရသောကြောင့် မြန်မာနိုင်ငံပြဿနာများကို သတိမထားနိုင် ဖြစ်ခဲ့သည်။ ၎င်းတို့သည် အာရှတိုက် လုံခြုံရေးနှင့် တည်ငြိမ်ရေးကို အဓိက ခြိမ်းခြောက်နေသည့် ပြဿနာရင်းမြစ်များဖြစ်သည်။ ကမ္ဘာ့နိုင်ငံများကလည်း မြန်မာ့ပြဿနာကို အလေးထားသင့်ပြီ ဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် မြောက်ကိုရီးယားနိုင်ငံတို့၏ ဆက်ဆံရေးကို အလေးထားစောင့်ကြည့်ရန် လိုအပ်နေပြီး နိုင်ငံတကာနှင့် ဝိုင်းဝန်း၍ အစီအစဉ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်မှသာ အန္တရာယ်လမ်းကြောင်းပေါ် လျှောက်လှမ်းနေသည့် စစ်ဗိုလ်ချုပ်ကြီးများအား လှည့်ပြောင်းနိုင်မည်ဖြစ်သည်။

❖

[မူရင်း Seeds of Instability ဆောင်းပါးကို အမေရိကန်နိုင်ငံ ဝါရှင်တန်ပို့စ် သတင်းစာတွင် စက်တင်ဘာ(၂၈)ရက်နေ့၌ ပထမဆုံးအကြိမ်ဖော်ပြခဲ့ပြီး၊ အောက်တိုဘာ (၅) ရက်နေ့၊ ထိုင်းနိုင်ငံထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ထပ်မံဖော်ပြခဲ့သည်။ ဆောင်းပါးရှင် ရစ်ချတ်ဂျီလူဂါသည် အင်ဒီယာနားပြည်နယ်မှ ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ်တဦးဖြစ်ပြီး အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌလည်း ဖြစ်သည်။]



မြောက်ကိုရီးယားစစ်တပ်၏ ဒုံးပျံတပ်ရင်း စစ်ရေးပြနေစဉ်

# အဖွဲ့ချုပ်ဝင်များနှင့် ပြည်သူများ ကုလအတွင်းရေးမှူးချုပ်ထံ စာပေးပို့

**အောက်တိုဘာ၊ (၁)ရက်။**

၃၀-၉-၀၃ ရက်နေ့က ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ် (၂၂)မြို့နယ်မှ အဖွဲ့ချုပ် လူငယ်အဖွဲ့ဝင်များ၊ ဒီမိုကရေစီလိုလားသူ ပြည်သူအချို့တို့စုပေါင်း၍ (၁၃၅၀)ဦး လက်မှတ်ရေးထိုးကာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံသို့ လိပ်မူ၍ မြန်မာ နိုင်ငံ၏ ဒီမိုကရေစီအရေး ဆောင်ရွက်ပေးပါရန် ပန်ကြားလွှာတစောင် ပေးပို့ခဲ့သည်။

ထိုစာကို ထောက်ခံသောအနေဖြင့် နောက်ထပ် တိုင်းနှင့် ပြည်နယ်အသီးသီးရှိ လူငယ်အဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ဒီမိုကရေစီ လိုလားသော မိဘပြည်သူအချို့တို့က ဆက်လက် လက်မှတ်ရေးထိုး ပေးပို့လျက်ရှိသည်။ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်မှ (၉၆)ဦးကလည်း လက်မှတ်ရေးထိုးပြီး ၁-၁၀-၀၃ နေ့စွဲဖြင့် ထပ်မံပေးပို့ခဲ့ကြောင်း သိရှိရသည်။

ပန်ကြားလွှာပါတောင်းဆိုချက်များမှာ–

(က) အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖမ်းဆီးထိန်းသိမ်းခံ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်နှင့် မတရား ဖမ်းဆီးမှုများကို ရပ်ဆိုင်းရန်၊

(ခ) အဓမ္မချိတ်ပိတ်ထားသော အဖွဲ့ချုပ် ရုံးအားလုံးကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးပြီး လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်နှင့် အခြားနိုင်ငံရေးပါတီများကိုလည်း လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့် ပေးရန်၊

(ဂ) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီး၏ အထွေထွေ ညီလာခံအသီးသီးက တညီတညွတ်တည်း ချမှတ်လိုက်သော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲရလဒ်သည် ဒီမိုကရေစီကို ပြည်သူလူထုက လိုလားကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟူသော ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ပေးရန် တို့ဖြစ်သည်။

အထက်ပါ တောင်းဆိုချက်များကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် လုံခြုံရေးကောင်စီမှသာလျှင် အမြန် အလေးအနက်ထား၍ အရေးယူဆောင်ရွက်ပေးမှသာ မြန်မာပြည်သူလူထု လိုလားတောင့်တလျက်ရှိသော ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးကို ဖြစ်ထွန်းပေါ်ပေါက်စေမည်ဟု လုံး၀(လုံး၀)ယုံကြည်ပါသည်ဟု ဖော်ပြပါရှိသည်။ ❖

## မုန်တိုင်းများကြား အဖွဲ့ချုပ်အလံများ လွှင့်ထူနေဆဲ

**အောက်တိုဘာ၊ (၃၁)ရက်။**

မကွေးတိုင်း မြို့သစ်မြို့တွင် အောက်တိုဘာ(၃၀)ရက်နေ့က အဖွဲ့ချုပ်၏ (၅)ကြိမ်မြောက် ဘုံကထိန်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဖွဲ့ချုပ်ရုံးများ ပိတ်ပင်ခံနေရချိန်တွင် အဖွဲ့ဝင်များကြား ပူးပေါင်းလှုပ်ရှားမှုတရပ် အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဘုံကထိန်သင်္ကန်းကပ်လှူပြီးနောက် လက်ရှိနိုင်ငံရေး အခြေအနေများအား သုံးသပ်ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။ ထို့နောက် အဖွဲ့ချုပ်ရုံးများ ပြန်ဖွင့်ပေးရေးအတွက် တောင်းဆိုမှု ပြုလုပ်ရန် ကျန်ရှိနေသည့် မကွေးတိုင်းအတွင်းမှ မြို့နယ်များအားလုံး တပြိုင်တည်း တောင်းဆိုမှုများ ပြုလုပ်ရန် ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။ ❖

# အထွေထွေညီလာခံသို့ အစီရင်ခံစာတင်ရန် ပင်ဟေးရိုး မြန်မာပြည်သွားမည်



မစ္စတာ ပေါ်လိုဆာဂျီယို ပင်ဟေးရိုး

**အောက်တိုဘာ၊ (၃၁)ရက်။**

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးစုံစမ်းရေးမှူး မစ္စတာ ပေါ်လိုဆာဂျီယို ပင်ဟေးရိုးသည် နိုဝင်ဘာ(၁)ရက်နေ့တွင် မြန်မာနိုင်ငံသို့ (၈)ရက်ကြာခရီးစဉ် သွားရောက်၍ စုံစမ်းတွေ့ရှိချက်များအား ကျင်းပနေဆဲ ကုလသမဂ္ဂအထွေထွေညီလာခံသို့ (၁၂)ရက်နေ့တွင် တင်သွင်းမည်ဟု သိရသည်။

ယခုခရီးစဉ်အတွင်း နေအိမ်အကျယ်ချုပ်ခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ ရန်ကုန်အခြေစိုက် ကုလသမဂ္ဂအဖွဲ့ခွဲရုံးများနှင့် ဒီပဲယင်းကိစ္စစုံစမ်းရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့တို့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဦးခွန်ထွန်းဦးက ဆိုသည်။

ယခုခရီးစဉ်အတွင်း ၎င်းသည် ဖမ်းဆီးခံထားရသည့် အဖွဲ့ချုပ်ခေါင်းဆောင်များ၊ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေးနှင့် ရှမ်းပြည်နယ်တွင် နအဖစစ်တပ်က တိုင်းရင်းသူအမျိုးသမီးများအား အဓမ္မပြုကျင့်ခဲ့မှုများကို စုံစမ်းသွားမည်ဟု သိရသည်။

မစ္စတာပင်ဟေးရိုးသည် ပြီးခဲ့သည့် ဩဂုတ်လက လူ့အခွင့်အရေးကော်မရှင်သို့ တင်သွင်းသည့် အစီရင်ခံစာတွင် မေ(၃၀) ဒီပဲယင်းအရေးအခင်းကြောင့် မြန်မာနိုင်ငံတွင် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ် လုံး၀ ပျက်သုဉ်းသွားပြီဖြစ်ကြောင်း တင်ပြခဲ့သည်။ ❖

# ဒုံးပျံလက်နက်နှင့် နည်းပညာ မြောက်ကိုရီးယားမှ ဝယ်ရန် နအဖကြိုးပမ်း

**အောက်တိုဘာ၊(၃)ရက်။**
**[အာရ်အက်ဖ်အေ]**

နအဖစစ်အုပ်စုသည် စစ်အင်အား ဖြည့်တင်းရန်အတွက် မြောက်ကိုရီးယားမှ ဒုံးပျံများ ဝယ်ယူရန် ကြိုးစားနေကြောင်း သိရသည်။

အမေရိကန်အစိုးရ တာဝန်ရှိသူတဦး ပြောဆိုချက်ကို ကိုးကားထားသည့် အာရ်အက်ဖ်အေသတင်းတပုဒ်တွင် မြောက်ကိုရီးယားသည် မြန်မာစစ်အုပ်စုကို ဒုံးပျံလက်နက်ဆိုင်ရာနည်းပညာများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချရန် ကြိုးစားခဲ့ကြောင်း၊ သို့သော် အရောင်းအဝယ် အမှန်တကယ် ဖြစ်မဖြစ်ကို အတည်ပြု၍ မရခဲ့ကြောင်း ထိုအရာရှိက ပြောဆိုခဲ့သည်ဟု ဆိုသည်။

ကမ္ဘာ့အသိုင်းအဝိုင်းတွင် အထီးကျန်ဖြစ်နေသည့် နှစ်နိုင်ငံတို့အကြား စစ်ဖက်ရေးရာများ အပြန်အလှန် လဲလှယ်မှု ပြုလုပ်နေသည့်အပေါ် အမေရိကန်က စိုးရိမ်မကင်းဖြစ်နေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားပြီး စစ်အင်အား တိုးချဲ့လိုစိတ်နှင့် အနောက်အုပ်စုအပေါ် အားကိုးလိုစိတ် မရှိသည့် မြောက်ကိုရီးယားအတွက် မြန်မာနိုင်ငံသည် နိုင်ငံခြားငွေရရှိရန် လမ်းကြောင်း အသစ်တရပ်ဖြစ်နေသည်ဟု ဆိုသည်။

အမည်မဖော်လိုသည့် သတင်းရပ်ကွက် တခု၏အဆိုကို ကိုးကား၍ ဂျပန် ကျိုဒိုသတင်းဌာနက ဖော်ပြခဲ့ရာတွင် ထိုနှစ်နိုင်ငံတို့အကြား ဒုံးပျံလက်နက် ရောင်းဝယ်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အမေရိကန်ထောက်လှမ်းရေးအဖွဲ့က ရရှိထားပြီဖြစ်ကြောင်းနှင့် နှစ်နိုင်ငံကြား အခြားစစ်လက်နက်ရောင်းဝယ်မှုများ ပြုလုပ်နေခြင်း ရှိမရှိကိုလည်း အမေရိကန်အစိုးရက သံသယရှိနေကြောင်း ဖော်ပြထားသည်။

မြောက်ကိုရီးယားသည် ၁၉၈၃ ခုနှစ်က မြန်မာနိုင်ငံသို့ တရားဝင် လာရောက်လည်ပတ်သည့် တောင်ကိုရီးယားသမတနှင့် အစိုးရအဖွဲ့ဝင်များအား ရန်ကုန်မြို့ အာဇာနည် ဂူဗိမာန်တွင် ဗုံးခွဲလုပ်ကြံခဲ့သည့်အတွက် မြန်မာနှင့် ယနေ့အချိန်အထိ သံတမန်အဆက်ဖြတ်ထားသည့် နိုင်ငံဖြစ်သည်။ ❖

# ရှို့မက်… တဲ့

❖ ရှို့မက် … တဲ့
ဒို့အတွက် မဟုတ်တာ
သိပ်သေချာသပေါ့။

❖ ပါလက်စတိုင်းတွေအတွက်
အမေရိကန်ရဲ့ ရှို့မက်
ဘာအဖြေထွက်ခဲ့သလဲ။

❖ မြန်မာများအတွက်
ယိုးဒယားရဲ့ ရှို့မက်
နို့သက်ခံ စို့ကြည့်ချင်သေးသလား …။

❖ ဟော… လာပြန်ပြီ
ပြည်တွင်းဖြစ် နိုင်ငံခြားအရက်
မြန်မာပြည်မှာ လုပ်တဲ့
စစ်အုပ်စုရဲ့ မြန်မာရှို့မက်
သက်သက်ဇာတ်ကြောဆွဲနေတာ
သဘောပေါက်ဖို့ ကောင်းပါတယ်။

❖ ရှို့မက်… တဲ့
နို့မျက်နေသူတွေသာ မျှော်လင့်
စကေးတောင်မသင့်ရသေးတဲ့ မြေပုံ
တော်တော်ယုံချင်စရာပဲ့
တလက်မ မိုင်တရာနှုန်းလား
အချက်တချက် ဆယ်နှစ်နှုန်းလား။

❖ ရှို့မက်… တဲ့
ဘို့အက်အောင် ခေါင်းစိုက်ရှန်း
ထမ်းပိုးတုံးကြီးကြီး လည်ပေါ်တင်
လူစင်စစ်က နွားအဖြစ်
စစ်တပ်က မောင်းနှင်တာ
ရိုကျိုးစွာ သွားကြရင်
တနေဝင်လို့သာ တမိုးသောက်
ပခုံးပေါက်တာပဲ အဖတ်တင်လိမ့်မယ်။

❖ ရှို့မက်… တဲ့
ညှို့ချက်တွေနဲ့ ငရဲလမ်း
ညို့နက်နေတဲ့ အမှောင်လမ်း
အဆို့အဗုက်တွေနဲ့ ကန္တာရလမ်း
ဖြတ်သန်းကြည့်ဖို့ မလိုပါ
စစ်အာဏာရှင်တို့ရဲ့ သေနတ်ပြောင်း
မြေပုံပေါ်တောင် မောင်းတင်ထားတာမြင်နိုင်တယ်။

**ဝင်း တင့် ထွန်း**

## ဗကသဥက္ကဋ္ဌ မင်းကိုနိုင်အား ချက်ချင်းလွှတ်ပေးရန် ဒီမိုကရေစီအဖွဲ့အစည်းအသီးသီးမှ တောင်းဆို



မြန်မာနိုင်ငံတွင် ထင်ရှားသည့် နိုင်ငံရေးအကျဉ်းသားတဦးဖြစ်သူ ဗကသအဖွဲ့ချုပ် ဥက္ကဋ္ဌ မင်းကိုနိုင်အား အောက်တိုဘာ(၁၈)ရက်နေ့တွင် ကျရောက်သည့် ၎င်း၏ (၄၁)နှစ်မြောက်မွေးနေ့တွင် ချက်ချင်းပြန်လွှတ်ပေးရန် ဒီမိုကရေစီအရေး လှုပ်ရှားနေကြသော အဖွဲ့အစည်းအသီးသီးမှ တောင်းဆိုခဲ့ကြသည်။

ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်သည် ၁၉၈၉ ခုနှစ်၊ မတ်လ(၂၄)ရက်နေ့တွင် စစ်ထောက်လှမ်းရေးတို့၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး ထောင်ဒဏ်(၁၀)နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ မင်းကိုနိုင်သည် ၁၉၉၉ ခုနှစ်က ထောင်သက်တမ်း စေ့သွားခဲ့သော်လည်း အာဏာပိုင်တို့က ပုဒ်မ(၁၀/က)ဖြင့် တနှစ်ပြီးတနှစ် ထပ်မံချုပ်နှောင်ခဲ့ရာ ယနေ့အချိန်ထိဖြစ်သည်။ နှစ်ရှည် ထောင်ဒဏ်ကျခံနေရခြင်းကြောင့် ၎င်း၏ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေသည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း မိသားစုဝင်များမှာ စီးပွားရေး အဆင်မပြေသဖြင့် (၁)နှစ်လျှင် (၂)ကြိမ်သာ ထောင်ဝင်စာ သွားရောက်တွေ့ဆုံနိုင်ကြောင်း သိရသည်။

စစ်အုပ်စုကို ခိုင်မာသောစိတ်ဓာတ်ဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်နေသူ ဗကသအဖွဲ့ချုပ်ဥက္ကဋ္ဌ မင်းကိုနိုင်အား ကနေဒါနိုင်ငံက ၁၉၉၉ ခုနှစ်တွင် ဂျွန်ဟမ်းဖရေး လွတ်မြောက်ရေးဆု၊ ၂၀၀၀ ခုနှစ်တွင် ချက်သမတနိုင်ငံက ဟိုမိုဟိုမေနီ လွတ်လပ်ခွင့်ဆု၊ ၂၀၀၁ ခုနှစ်တွင် နော်ဝေးနိုင်ငံက ကျောင်းသားငြိမ်းချမ်းရေးဆုနှင့် ၂၀၀၂ ခုနှစ်တွင် အီတလီနိုင်ငံက ဂုဏ်ထူးဆောင်နိုင်ငံသားဆုတို့ကို ချီးမြှင့်ခဲ့ကြသည်။

ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာမှ ဒီမိုကရေစီ လိုလားသူတို့၏ လေးစားဂုဏ်ပြုခြင်းကို ခံနေရသော မင်းကိုနိုင်အား ပြန်လည်လွှတ်ပေးရန် ဒီမိုကရေစီအဖွဲ့အစည်းအသီးသီးက အစဉ်တစိုက် တောင်းဆိုခဲ့ကြသော်လည်း နအဖစစ်အုပ်က ယနေ့အထိ ပြန်လည်လွှတ်ပေးခြင်း မရှိသေးပေ။

❖

## တကသဥက္ကဋ္ဌဟောင်း ဦးတင်အေး ထောင်တွင်းဒဏ်ရာများကြောင့် ကွယ်လွန်

**အောက်တိုဘာ၊ (၁၀)ရက်။**

တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ) ဥက္ကဋ္ဌဟောင်း ဦးတင်အေးသည် ထောင်တွင်းမှ ရရှိလာသည့် ဒဏ်ရာ ဒဏ်ချက်များကြောင့် ဩဂုတ်(၈)ရက်နေ့က ရန်ကုန်မြို့ နှင်းဆီကုန်း အထူးကုဆေးခန်း၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရှိရသည်။

ဦးတင်အေးအား လွန်ခဲ့သော (၅)နှစ်ခန့်က မြန်မာကျောင်းသားများ လှုပ်ရှားမှုသမိုင်း ရေးသားပြုစုခဲ့မှုတွင် ပါဝင်သည်ဟု စွပ်စွဲ၍ စစ်အစိုးရက ထောင်ဒဏ် (၇)နှစ် ချမှတ်ခဲ့သည်။ တောင်ငူထောင်တွင် ထောင်သက်တမ်း (၅)နှစ်ပြည့်အောင် နေခဲ့ရသည့် အချိန်အတွင်း ထောင်တွင်းအခြေအနေ ဆိုးဝါးမှုများနှင့် ညှင်းပန်းနှိပ်စက်မှုများကြောင့် ထောင်တွင်းမှာပင် ကိုယ်အောက်ပိုင်း သေခဲ့သည်။

ဦးတင်အေးကို စစ်အာဏာပိုင်များက မသေဆုံးမီ (၁)လအလိုမှ ထောင်မှ ပြန်လွှတ်ပေးခဲ့သည်။ ထောင်တွင်း ရရှိလာသည့် ဒဏ်ရာဝေဒနာများအား အပြင်ဆေးခန်းတခုတွင် ကုသမှုခံယူနေစဉ် ပြန်လည်ကောင်းမွန်လာခြင်း မရှိတော့ဘဲ သေဆုံးသွားခြင်းဖြစ်သည်။ ကွယ်လွန်ချိန်တွင် အသက်(၇၃)နှစ်ရှိပြီဖြစ်ပြီး ဇနီးနှင့် သားသမီး (၄)ဦး ကျန်ရစ်သည်။ ❖

## သတင်းလွတ်လပ်ခွင့် တတိယအဆိုးရွားဆုံးမြန်မာ

နိုင်ငံပေါင်း(၁၆၆)နိုင်ငံကို စာရင်းပြုလေ့လာချက်အရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတင်းစာလွတ်လပ်ခွင့် တတိယမြောက် အဆိုးရွားဆုံးနိုင်ငံဖြစ်ကြောင်း ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းသမားများအဖွဲ့က အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

နိုင်ငံတကာစာနယ်ဇင်းဆိုင်ရာ သုတေသီများ၊ တရားသူကြီးများ၊ လူ့အခွင့်အရေးအဖွဲ့များနှင့် စာနယ်ဇင်းသမားများအား လေ့လာစုံစမ်းမေးမြန်းချက်များကို အခြေခံထားသည့် အဆိုပါအစီရင်ခံစာတွင် သတင်းစာလွတ်လပ်ခွင့် အခြေအနေ အဆိုးရွားဆုံး ကမ္ဘာ့(၁၀)နိုင်ငံတွင် မြန်မာက တတိယနေရာတွင် ရှိနေကြောင်း ဖော်ပြခဲ့သည်။

အဆိုပါနိုင်ငံများတွင် အစိုးရက သတင်းစာနယ်ဇင်းလွတ်လပ်ခွင့်ကို တင်းကြပ်စွာ ထိန်းချုပ်ထားသည့်အတွက် နိုင်ငံရေးသတင်းများသာမက စီးပွားရေး၊ လူမှုရေးသတင်းများကိုပါ ဖော်ပြခွင့် မရရှိဟုဆိုသည်။ ယခုလို ထိန်းချုပ်ခံနေရခြင်းသည် ထိုနိုင်ငံများအတွက် ဆင်းရဲမွဲတေမှုကိုဖြစ်စေပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို နှောင့်နှေးစေကြောင်း အဆိုပါအဖွဲ့က ဆိုခဲ့သည်။

ထိုအဖွဲ့၏ အာရှပစိဖိတ်ဒေသရေးရာ တာဝန်ခံ မစ္စတာဗင်းဆင့်ဘရိုဆယ်က မြန်မာနိုင်ငံတွင် မေ–၃၀ ဒီပဲယင်းအရေးအခင်း ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း သတင်းလွတ်လပ်ခွင့် အခြေအနေ ပိုမိုဆိုးရွားလာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ဝင်များ၏ အခြေအနေကို ပြည်တွင်းရောပြည်ပကပါ သတင်းယူခွင့်၊ ဖော်ပြခွင့်မရရှိခဲ့ကြောင်း ပြောဆိုသွားသည်။

❖

## မြေလတ်ခရိုင်သုံးခုက တောင်းဆိုချက်များ နအဖထံပေးပို့

**အောက်တိုဘာ၊ (၈)ရက်။**
**[အာရ်အက်ဖ်အေ]**

ပြီးခဲ့သည့် စက်တင်ဘာ(၂၇)ရက်နေ့က အဲန်အယ်လ်ဒီ၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်း မြေလတ်ခရိုင်(၃)ခုက ကြေညာချက်တစောင် ထုတ်ပြန်ကာ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နအဖဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ထံ ပေးပို့ခဲ့ကြကြောင်း သိရသည်။

မန္တလေးတိုင်း မြေလတ်ဒေသတွင် ကျင်းပခဲ့သည့် အဆိုပါအခမ်းအနားသို့ မိတ္ထီလာ၊ ရမည်းသင်း၊ မြင်းခြံခရိုင်များအတွင်းရှိ မြို့နယ်ပေါင်း(၁၁)မြို့နယ်တို့မှ အဖွဲ့ချုပ်ဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ပါတီဝင်(၁၀၈)ဦးတို့ လက်မှတ်ရေးထိုးထားသည့် သဘောထား ကြေညာချက်တစောင်ထုတ်ပြန်ကာ နအဖ ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ထံသို့ ပေးပို့ခဲ့ကြသည်။

အဆိုပါ ကြေညာချက်နှင့်ပတ်သက်၍ မိတ္ထီလာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းလွင်က ကြေညာချက်တွင် တောင်းဆိုချက် (၃)ရပ် ပါဝင်ပြီး အချက်တိုင်းကို နအဖက ကြေညာထားသည့် နိုင်ငံရေး လမ်းညွှန်ချက်များနှင့် ယှဉ်လျက်ဖော်ပြခဲ့ကြောင်း ပြောကြားသွားခဲ့သည်။ တောင်းဆိုချက်များမှာ (၁) မေ(၃၀) ဒီပဲယင်းအရေးအခင်းကို နအဖအဖွဲ့က မှန်ကန်စွာသုံးသပ်၍ ဖြေရှင်းပေးရန်၊ (၂) ဒေါ်အောင်ဆန်းစုကြည်နှင့် တကွ ဖမ်းဆီးထိန်းသိမ်းခြင်းခံနေရသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊ (၃) ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အကြေအလည် ညှိနှိုင်းပြီးမှသာ အမျိုးသားညီလာခံကို ပြန်လည်ခေါ်ယူကျင်းပရန်တို့ ဖြစ်သည်။

ထိုတောင်းဆိုစာ ပေးပို့ခဲ့သည့်ကိစ္စအတွက် စက်တင်ဘာ(၃၀)ရက်နေ့တွင် မိတ္ထီလာရွေးကောက်ပွဲကော်မရှင်က ဒေါက်တာ သိန်းလွင်ကိုခေါ်ပြီး ယခုလို လုပ်ဆောင်ခြင်းသည် ဥပဒေချိုးဖောက်ရာ ရောက်သည့်အတွက် အရေးယူရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သော်လည်း ဒေါက်တာသိန်းလွင်က တရားဝင်လုပ်ရပ်များအပေါ် ယခုလို တားဆီးပိတ်ပင်နေပါက တရားမဝင်သည့် လုပ်ရပ်များ ပေါ်ပေါက်လာတတ်ကြောင်း ပြန်လည်ပြောဆိုခဲ့သည်ဟု သိရသည်။

ဒေါက်တာသိန်းလွင်သည် လွန်ခဲ့သည့် ဇူလိုင်(၂၇)ရက်နေ့ကလည်း အခြား လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့နှင့်အတူ ဒီပဲယင်းပြဿနာကို စုံစမ်းရေးကော်မရှင်ဖွဲ့၍ အမှုမှန်ဖော်ထုတ်ပေးရန်နှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားများအားလုံး အမြန်ဆုံး ပြန်လွှတ်ပေးရန် တောင်းဆိုစာ ပေးပို့ခဲ့သည်။ ❖

## မယ်တော်ဆေးခန်း အရှိန်မပျက် ဆက်လက်တည်တံ့ရေး အလားအလာများကောင်းမွန်နေ

**အောက်တိုဘာ၊ (၂၈)ရက်။**

ပြီးခဲ့သည့်လနှောင်းပိုင်းက အပိတ်ခံရတော့မည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည့် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ ဒေါက်တာစင်သီယာမောင်၏ မယ်တော်ဆေးခန်းသို့ ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး (Mr. Darryl Johnson)နှင့်အဖွဲ့သည် ဒေသဆိုင်ရာ ထိုင်းအာဏာပိုင်များ လိုက်ပါ၍ အောက်တိုဘာလ(၂၈)ရက်နေ့ နံနက်ပိုင်းက သွားရောက်လေ့လာခဲ့ပြီး ထိုင်းနိုင်ငံရောက် မြန်မာများအရေးကို အကူအညီများပေးရေးအတွက် စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သံအမတ်ကြီးသည် မယ်တော် ဆေးခန်းတွင် လက်ရှိလုပ်ကိုင်နေသည့် ကျန်းမာရေးလုပ်ငန်းများနှင့် ရှေ့ဆက်လုပ်ကိုင်မည့် အစီအစဉ်များအား မေးမြန်းသွားခဲ့ပြီး နယ်စပ်ကျန်းမာရေးလုပ်ငန်းများအား ဆက်စပ်လုပ်ကိုင်နိုင်ရန် မဲဆောက်ဆေးရုံကြီးကိုပါ သွားရောက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မယ်တော်ဆေးခန်း အရှိန်အဟုန်မပျက် ဆက်လက်လုပ်ကိုင်နိုင်ရေးကို သက်ဆိုင်ရာ ထိုင်းအဆင့်မြင့် အာဏာပိုင်များနှင့် ပြန်လည်ညှိနှိုင်း ဆွေးနွေးသွားမည်ဟု ဆိုသည်။

မယ်တော်ဆေးခန်းရှိ ကျန်းမာရေးဝန်ထမ်းများအား ထိုင်းလူဝင်မှု ကြီးကြပ်ရေးဌာနက အလုပ်လုပ်ခွင့်လက်မှတ်များ ဆက်လက်ထုတ်ပေးခြင်းမပြုဘဲ ပိတ်ပစ်တော့မည်ဟု သတင်းများ ထွက်ပေါ်လာပြီးနောက် ယခုလို အမေရိကန်သံအမတ်ကြီး ရောက်ရှိလာခြင်းသည် ဆေးခန်း ဆက်လက်တည်တံ့ရေးအတွက် အရေးပါသော အချက်တချက်ဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။

အောက်တိုဘာ (၇)ရက်နေ့ကလည်း ထိုင်းအထက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီဥက္ကဋ္ဌ မစ္စတာခရိုင်ဆတ်နှင့် အဖွဲ့ဝင်များ ဆေးခန်းသို့ လာရောက်လေ့လာခဲ့ကြပြီး ဆေးခန်းရှိ ကျန်းမာရေးဝန်ထမ်းများ အလုပ်လုပ်ခွင့်ရရှိစေရေးအတွက် တာ့ခ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဆွေးနွေးခဲ့သည်။ ထို့ပြင် ထိုကိစ္စကို ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာနသို့ တင်ပြပေးမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

မယ်တော်ဆေးခန်းကို ဒေါက်တာစင်သီယာမောင်က ၁၉၈၉ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး နောက်ပိုင်းတွင် ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ထိုင်းကျန်းမာရေးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်နေလျက်ရှိသည်။ ❖



မယ်တော်ဆေးခန်းသို့ ရောက်ရှိလာသော အမေရိကန်သံအမတ်ကြီးနှင့် ထိုင်းအာဏာပိုင်တဦး

# တဆယ့်ငါးနှစ်လွန်ပြီးတဲ့နောက်

ဗညြ

ရှစ်လေးလုံးအရေးတော်ပုံကြီး ပြီးဆုံးလို့ စစ်တပ်က အာဏာသိမ်းတာ (၁၅)နှစ်ပြည့်တဲ့ ဒီအချိန်မှာ အခြေအနေတွေကို ပြန်ကြည့်လိုက်တော့ နောက်ထပ် ရှစ်လေးလုံးလို အရေးတော်ပုံကြီးတခု လိုအပ်နေပြီဖြစ်ကြောင်း တွေ့မြင်ရပါတယ်။

ဗမာပြည်သမိုင်းမှာ ဖြစ်ပွားခဲ့တဲ့ စစ်တပ်အာဏာသိမ်းမှု (၃)မှုထဲက နောက်ဆုံးတခုဖြစ်တဲ့ ၁၉၈၈ က အာဏာသိမ်းပွဲဟာ သူ့အရင်ကဟာတွေနဲ့မတူ စစ်အာဏာရှင်တွေအနေနဲ့ ကတိစကားတွေ အများကြီးပေးပြီး အကောင်အထည်ဖော်ရတဲ့ အာဏာသိမ်းပွဲ ဖြစ်ပါတယ်။ ကတိစကားဆိုတဲ့အထဲမှာ သူ့အရင်က အာဏာယူထားသူတွေကို ဖယ်ရှားပစ်လိုက်ရတာလည်း ပါပါတယ်။ ဒါပေမယ့် အခု (၁၅)နှစ်ကြာတဲ့အခါမှာတော့ အဲဒီကတိစကားတွေ ဘယ်တခွန်းမှ အကောင်အထည်မပေါ်ရုံမက ဟိုတုန်းကထက် ဆိုးဝါးတဲ့ ဘက်ပေါင်းစုံ ချွတ်ခြုံကျမှု၊ ဖိနှိပ်ခြိမ်းခြောက်မှုကြီးတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ဗမာပြည်က စစ်အုပ်စုရဲ့ အာဏာသိမ်းသမိုင်းကို ပြန်စဉ်းစားကြည့်လိုက်ရင်....

၁၉၅၈ တုန်းက အာဏာသိမ်းမှုတွေဟာ ဗိုလ်နေဝင်းနဲ့ ဆိုရှယ်လစ်ဗိုလ်တွေ ငါ့ဝမ်းပူဆာ မနေသာဆိုသလို သူတို့အာဏာလိုချင်လို့ကို သိမ်းခဲ့တာ ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုကတော့ အာဏာအရသာကို မြက်မြက်စားဖူးပြီဖြစ်တဲ့ ဗိုလ်နေဝင်း တယောက် ဆိုရှယ်လစ်အုပ်စုနဲ့လဲ ဝေခွဲဖို့ မလိုတော့တဲ့ အနေအထားမှာ အာဏာကို လက်မလွှတ်ချင်လို့ ရာသက်ပန် ရည်စူးပြီး အာဏာသိမ်းတာ ဖြစ်ပါတယ်။ နောက်ပြီး အဲဒီအချိန်မှာ စစ်တပ်အတွင်း ကိုယ့်ကိုယ်ကို ဗိုလ်နေဝင်းရဲ့ အန္တေဝါသိကလို့ သတ်မှတ်ထားတဲ့ ဗိုလ်အောင်ကြီးကလွဲရင် သူနဲ့ ရိုးစွဲလိုက်နိုင်တဲ့ ဗိုလ်ချုပ်မရှိတော့ပါဘူး။ သူ့အနေနဲ့ ပထမအကြိမ် အတွေ့အကြုံအရ ဦးနုလက်ထဲက အာဏာကို သိမ်းယူရတာ ဘယ်လောက်လွယ်တယ်ဆိုတာလည်း သိနေတာကိုး။ ဒါတွေနဲ့မတူ ၁၉၈၈ တုန်းကတော့ မိမိအသက်ရှင် တည်ရှိရေးအတွက် ရုန်းကန်ရတာဖြစ်တယ်။ ပထမတခါနဲ့ ဒုတိယတခါမှာ စစ်တပ်က လက်ဦးမှုရှိရှိ လုပ်ခဲ့တာဖြစ်ပြီး တတိယတခါမှာတော့ သူတို့က အခြေအနေနောက်က လိုက်နေရတာ ဖြစ်ပါတယ်။

ပထမနှစ်ခါဟာ ရွေးကောက်ပွဲက တင်မြှောက်ထားတဲ့ အစိုးရကို ဖယ်ရှားပစ်တာဖြစ်ပြီး တတိယတခါကတော့ သူတို့ စစ်ဗိုလ်ချင်းတင်ထားတဲ့ အစိုးရကို ဖယ်ရှားပစ်ရတာ ဖြစ်တယ်။ စစ်ဗိုလ်ချုပ်တွေကို ဖယ်ရှားတာ၊ အစားထိုးခန့်ထားတာ လုပ်နိုင်တဲ့ လူဟာ ကန့်လန့်ကာနောက်မှာပဲ နေလို့ရတော့တယ်ဆိုတဲ့ အဓိပ္ပာယ်လဲ ဖြစ်ပါတယ်။

ဒီနေရာမှာ အဲဒီဩဂုတ်လတုန်းက အခြေအနေကို ပိုမိုတိကျအောင် ပြောဖို့လိုတာ တချက် ရှိနေပါတယ်။ အဲဒါက အဲဒီတုန်းက အခြေအနေအရဆိုရင် အာဏာဟာ မနည်းလှတဲ့ နေရာတွေမှာ စစ်အစိုးရလက်ထဲကနေ လွတ်ထွက်စပြုနေပြီး လူထုလက်ကို ရောက်စပြုနေပြီဖြစ်တယ် ဆိုတာပါပဲ။ သပိတ်တပ်တွေရဲ့ ဩဇာဟာ ကျယ်ပြန့်သထက် ကျယ်ပြန့်လာနေ၊ ပါဝင်ပူးပေါင်းသူတွေ များသထက် များလာနေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ဒီအာဏာသိမ်းပွဲဟာ လူထုလက်ထဲက လုယူတာလို့ ပြောရင်တောင် ရပါတယ်။

ဒါကြောင့်လည်း တတိယတခါ အာဏာသိမ်းမှုကျတော့ သမိုင်းမှာ သွေးထွက်သံယိုအဖြစ်ဆုံး ဖိနှိပ်မှုကြီးတွေကို တွေ့ခဲ့ရတာပါပဲ။ ဖဆပလ၊ ပထစလို သာမန်အုပ်စိုးသူလက်က အာဏာသိမ်းရာမှာ သာမန် လက်နက်မဲ့သူဆီက လုယူရတာနဲ့ သိပ်ကွာလှတာမဟုတ်ပါဘူး။ သူတို့က ပြန်အာမခံပါဘူး။ အဲဒါနဲ့မတူ ရှစ်လေးလုံးအလံကို လုံးဝမစွန့်လွှတ်တဲ့ လူထုကြီးကတော့ ဒီနေ့အထိ အရှုံးမပေးသေးပါ။

ပထမနဲ့ ဒုတိယအကြိမ် အာဏာသိမ်းမှုတွေမှာ အာဏာကို တကယ်ကိုင်ထားသူ ကိုယ်တိုင် ရှေ့ကိုထွက်လာတာဖြစ်ပြီး တတိယအကြိမ်မှာတော့ အာဏာကို တကယ်ကိုင်ထားသူ ဗိုလ်နေဝင်းဟာ နောက်ကကြိုးကိုင်တဲ့ အနေအထားကို ရောက်သွားပါတယ်။ ဒါဟာ ဗိုလ်နေဝင်းနဲ့ တပ်နဲ့အဟပ်ကွာ၊ နောက်ဆုံးမှာ သူပါ အစွန့်ပစ်ခံရတဲ့ အကြောင်းရင်းတခု ဖြစ်ခဲ့ပါတယ်။

တတိယအကြိမ် အာဏာသိမ်းမှုမှာ စစ်အုပ်စုတတိယမျိုးဆက်ကို ပွဲထုတ်ခဲ့ရတယ်။ ဒါပေမယ့် လူထုဖိအားမှုအမျိုးမျိုးကြောင့် နဂိုကမှ သန္ဓေမမှန်၊ မျိုးမစစ်တဲ့ ဒီမျိုးဆက်ဟာ ခဏတာလေးအတွင်းမှာပဲ တဖြုတ်ဖြုတ်ကြွေကျတာ၊ အစားထိုးခံရတွေ ကြုံကြုရပြီး တခါမှမကြုံဖူးတဲ့ စစ်အုပ်စုတွင်း လုပ်ကြံသတ်ဖြတ်တာကိုတောင် တွေ့လိုက်ရပါတယ်။ ဒီလိုနဲ့ စတုတ္ထမျိုးဆက်ကို နေရာဖယ်ပေးလိုက်ရတာ တွေ့ကြရပါတယ်။

ပထမအကြိမ် အာဏာသိမ်းမှုတွေတုန်းက ကမ္ဘာ့အင်အားကြီးတွေဟာ သူတို့ဟာ သူတို့ စစ်အေးစစ်ပွဲနဲ့ အလုပ်ရှုပ်နေတာမို့ သူတို့အတွက် ဗျူဟာအရ အရေးမပါလှတဲ့ ဗမာပြည်အရေးကို ဘာမှ အလေးမထားခဲ့ဘူး။ တက်တဲ့အစိုးရတိုင်းကို အသိအမှတ်ပြုထောက်ခံခဲ့တာချည့်ပဲ။ ဒါပေမယ့် တတိယအကြိမ် အာဏာသိမ်းမှုဟာ ကမ္ဘာ့အခင်းအကျင်းမှာ စစ်အေးစစ်ပွဲ ပြီးဆုံးတာနဲ့ လာပြီးတိုက်ဆိုင်နေတယ်။ ဒါကြောင့် အနောက်နိုင်ငံတွေရဲ့ အာရုံစိုက်မှုနဲ့ ပါဝင်ပတ်သက်မှုတွေ များလာတယ်။

ဒါနဲ့တဆက်တည်း ဒွေးရော ဥပါဒ်ပါလိုက်လာတာက အရင်က သူတို့ရှောင်ရှားနေခဲ့တဲ့ မီဒီယာဆိုတာတွေကို ခေါင်းရှောင်မရလောက်အောင် ဖြစ်လာရတယ်။

ပထမအာဏာသိမ်းမှုမှာ သူတို့စစ်အုပ်စု သဘောမကျတဲ့ နိုင်ငံရေးအင်အားစုတွေကို ဖမ်းဆီး၊ ကိုကိုးကျွန်းပို့တာတွေ လုပ်ခဲ့တယ်။ ပါတီတွေကို ဖျက်သိမ်းတာ မလုပ်ရဲသေးဘူး။ ဒုတိယအကြိမ် အာဏာသိမ်းမှုကတော့ စစ်အုပ်စုမှတပါး ဘယ်အင်အားစု၊ ဘယ်သူ တဦးတယောက်ကိုမှ နိုင်ငံရေးလုပ်ခွင့် မပေးဘူးလို့ ဆုံးဖြတ်လုပ်ခဲ့တာမို့ မဆလ တပါတီ အာဏာရှင်စနစ်လို့ ပြောစရာ ဖြစ်ခဲ့တယ်။ ဒါတွေနဲ့မတူ တတိယအာဏာသိမ်းမှုမှာ အတိုက်အခံတွေကို တရားဝင် အသိအမှတ်ပြုခဲ့ရတယ်။ အနှစ်(၃၀)နီးပါး တပါတီ အာဏာရှင်စနစ်အောက်နေခဲ့ရာကနေ လွတ်ထွက်လာတဲ့အနေအထားမို့ ဗမာပြည်သမိုင်းမှာသာမက ကမ္ဘာ့သမိုင်းမှာပါ အင်မတန်ရှားတဲ့ နိုင်ငံရေးပါတီပေါင်း (၁၉၀)ကျော် ပါဝင်တဲ့ နိုင်ငံရေးဇာတ်ခုံကြီးကို အားလုံးတွေ့ခဲ့ရတယ်။ လူထုက အောင်ပွဲခံရင် ဒီလိုပဲ အောင်ပွဲခံတတ်တယ်လို့ သဘောထားရမှာ ဖြစ်ပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံကြီးက သင်ကြားပေးလိုက်တဲ့ အချက်တချက်က စစ်အုပ်စုတလက်ကိုင် လုပ်ထားတယ်ဆိုတဲ့ ဒီစစ်တပ်ကို ဖြိုခွဲလို့ရတယ်၊ နောက်ပြီး ဘယ်လိုဖြိုခွဲရမယ်ဆိုတာ ဖြစ်ပါတယ်။ စစ်အုပ်စုအနေနဲ့ ကမန်းကတမ်း အာဏာသိမ်းတယ်လို့ ကြေညာရတဲ့ အဓိကအကြောင်းရင်းတခုက သူတို့ရဲ့စစ်တပ် စတင်ပြိုကွဲလာလို့ပါပဲ။ စက်တင်ဘာလထဲ ရောက်တော့ လူထုဆန္ဒပြပွဲကြီးတွေထဲကို ရဲတွေနဲ့ စစ်တပ်တွေ စပြီး ပါဝင်စပြုနေပါပြီ။ တခြားလဲ သူတို့ စစ်တပ်တွေထဲမှာ လူထုမသိတဲ့ ထိန်းမရ သိမ်းမရကိစ္စတွေဖြစ်နေတာ ရှိနိုင်ပါတယ်။ ဒီအခြေအနေကို ထိန်းဖို့၊ ရပ်တန့်စေဖို့ အာဏာသိမ်းတယ် ကြေညာရတာပါ။ အဲဒီအချိန်မှာ သူတို့အဖို့ ဒီလို အကြမ်းဖက်အာဏာသိမ်းခြင်းကလွဲလို့ တခြားရွေးစရာ မရှိတော့တဲ့ အခြေအနေကို ရောက်နေပါပြီ။

အခု နောက်ပိုင်းမှာကတော့ ရှစ်လေးလုံးကာလတုန်းက ငါတို့ ဘယ်လိုသာ လုပ်ခဲ့ရင်လို့ စုတ်တသပ်သပ် ပြန်သုံးသပ်ကြတာတွေ ပြည်တွင်းပြည်ပ နေရာအနှံ့ ကြားကြရပါတယ်၊ "ဒို့လက်ထဲမှာသာ လက်နက်ရှိခဲ့ရင်၊" "ငါတို့တတွေ ဒေသအလိုက် အစိုးရတွေသာ ဖွဲ့ခဲ့ရင်၊" "ဦးအောင်ကြီးပြောတဲ့ တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့ ဆိုတာကိုသာ နားမယောင်ခဲ့ရင်" စသဖြင့် ကိုယ့်ရှုဒေါင့်နဲ့ကိုယ် ပြောကြတာတွေ လူတိုင်းကြားဖူးကြမှာပါ။ ဒါ သဘာဝကျပါတယ်။ တကယ်ပဲ ရှစ်လေးလုံးအရေးတော်ပုံကြီးနဲ့ ပတ်သက်ပြီး ခေါင်းတွေများများနဲ့ သုံးသပ်နိုင်ရင် အင်မတန်ကောင်းမှာပါ။ အရေးတော်ပုံကြီးမတိုင်မီ ပြင်ဆင်မှုတွေ၊ စတင်ရုပ်လုံးပေါ်ချိန်၊ မုန်တိုင်းထန်ချိန်၊ အာဏာသိမ်းချိန်၊ နောက်ဆက်တွဲများစသဖြင့် အခန်းတွေခွဲပြီးသုံးသပ်တာမျိုး လုပ်သင့်လှပါတယ်။

သမိုင်းတပတ်ပြန်ကျော့နိုးနိုး စောင့်ဆိုင်းနေသူကို လူမိုက်လို့ဆိုနိုင်သလို သမိုင်းကို မသိသူဟာ လူမိုက်ဖြစ်ပါတယ်။ သမိုင်းသစ်ကို တည်ဆောက်မည့်သူများဟာ ပြီးခဲ့တဲ့ သမိုင်းကို သိဖို့လိုပါတယ်။ ရှစ်လေးလုံးသမိုင်းကို အတွေ့အကြုံ သင်ခန်းစာများနဲ့ အတူ မှတ်တမ်းတင်ထားသင့်ပါတယ်။

နဝတ–နအဖ (၁၅)နှစ်သမိုင်းကတော့ မကြာလှသေးတာမို့ အထူးပြောဖို့ မလိုပါ။

ကမ္ဘာမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းဝင်အနေအထားနဲ့ အစချီခဲ့တဲ့ ဗမာပြည် စီးပွားရေးဟာ ဆိုးသထက် ဆိုးဝါးလာပြီး ဖွံ့ဖြိုးမှုအနည်းဆုံးတွေအထဲက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံလို့တောင် သီးခြားသတ်မှတ်ပေးလို့ရတဲ့ အခြေအနေဆိုက်နေပြီ။ မဆလလက်ထက်တုန်းက မကြုံခဲ့ရဘူးတဲ့ ဘဏ်ကပ်ဆိုက်မှုတွေ၊ ငွေစက္ကူတန်ဘိုးကျမှုတွေဟာ အထင်ရှားဆုံးဥပမာတွေ ဖြစ်ပါတယ်။

တက္ကသိုလ်ဘွဲ့ဆိုရင်လည်း ဘွဲ့ရသူကိုယ်တိုင်ကတောင် ပြန်ရှက်ရတဲ့ အနေအထားဖြစ်တယ်။ လွန်ခဲ့တဲ့ အနှစ်(၄၀)လောက်တုန်းက လူထုသတင်းစာမှာ ကာတွန်းဆရာဝင်းဖေ ကာတွန်းတခု (၆၁)က ရေးဖူးပါတယ်။ အဲဒီမှာ ပထစအစိုးရဝန်ကြီးဟာ ကလေးကို ဆေးတိုက်မလို့ လုပ်နေတဲ့ သူ့မိန်းမလက်ကို အူယားဖားယား လှမ်းဆွဲရင်း "ဟ–ဟ၊ အဲဒီဆေးဟာ ငါတို့ကလေးကို တိုက်ဖို့မဟုတ်ဘူး။ သူများကလေးကို တိုက်ဖို့"လို့ ပြောပါတယ်။ သူ့မိန်းမလက်ထဲက ဆေးပုလင်းအပေါ်မှာ ရေးထားတာက "အစိုးရကျောင်းများ"တဲ့။ အခုလည်း စစ်ဗိုလ်တွေဟာ ကိုယ့်သားသမီးတွေကို ပြည်ပပို့သင်ကြားပေးပြီး ပြည်တွင်းပညာရေးကိုတော့ သူများသားသမီးများအတွက်လို့ သတ်မှတ်ထားကြပါတယ်။

ကျန်းမာရေးနယ်ပယ်မှာလည်း အလားတူပါပဲ။ ပြည်သူ့ဆေးရုံဆိုတာ ဆေးဖိုးဝါးခ နည်းနည်း တတ်နိုင်သူတွေအတွက်၊ တတ်နိုင်သူတွေက ပုဂ္ဂလိကဆေးရုံတွေကိုသွား၊ ဒီထက်တတ်နိုင်သူတွေက နိုင်ငံခြားသွား၊ ဆေးဖိုးမတတ်နိုင်သူကတော့ ဆေးမြီးတိုစားပြီး အိမ်မှာပဲ အသေခံရတဲ့အဖြစ်ပါ။ အေအိုင်ဒီအက်စ်လို ရောဂါတွေရဲ့ တိုးတက်မှုနှုန်းဟာလဲ တကယ့်ကို ကြောက်ခမန်းလိလိပါ။

တိုင်းပြည်ရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအခြေအနေတွေကို ဒီဆောင်းပါးမှာ အထူးရေးမနေတော့ပါ။

တခုပဲ ပြောဖို့လိုတာက နအဖအစိုးရရဲ့ အခြေအနေပါ။ သူတို့တတွေ ဘယ်လိုပဲ ဟန်ကိုယ့်ဖို့လုပ်နေနေ ကနေ့အခါမှာ သူတို့ဟာ လိပ်ပက်လက်လန်၊ ပွေးတွင်းထွက် ဖြစ်နေပါတယ်။ သူတို့ ဘာလုပ်ရမှန်း မသိအောင် အကြပ်ဆိုက်နေပါတယ်။ သူတို့ ခေါင်းဆောင်ပိုင်းအတွင်း ရာထူးတွေ ကုလားဖန်ထိုးကြ၊ သူများက Road Map ဆိုလို့ Road Map လုပ်ကြ၊ အိမ်နီးနားချင်းနိုင်ငံအားလုံးကို သွားပြီး ရှင်းပြရ၊ မင်းတရားကြီးများ ရာဇဗ္ဗန္ဓော ငဲ့မနေနိုင်ကြပါဘူး။ ဒီလိုအချိန်မှာ သူတို့အနေနဲ့ ဗိုလ်စိုးဝင်းလိုလူကို ရာထူးတင်၊ ဗိုလ်ခင်ညွန့်လိုလူကို မိန့်ခွန်းထွက်ပြောခိုင်း စသဖြင့် မျက်နှာပြောင်တိုက်၊ လူမိုက်လုပ်နေတာဟာ သူတို့အဖို့ ၁၉၈၈ စက်တင်ဘာလတုန်းကလိုပဲ တခြားရွေးစရာ မရှိတော့လို့ ဖြစ်ပါတယ်။

ဒီလိုအချိန်မှာ ပြည်သူလူထုဖက်က စနစ်ကျပြီး ထိရောက်တဲ့ လှုပ်ရှားမှုကြီးတခု ဖန်တီးနိုင်အောင် ဘက်ပေါင်းစုံ အဆင့်ရှိရှိ ပြင်ဆင်ရမယ်ထင်ပါတယ်။ ပြည်ပကို မျှော်ကိုးနေလို့ မရပါဘူး။ သမိုင်းမှာ တိုင်းပြည်တပြည်ရဲ့ အတွင်းရေးကို ပြည်ပက ဝင်ပါတယ်ဆိုတာ သူတို့အကျိုးကျေးဇူး ရှိလို့သာ ဖြစ်ပါတယ်။ ဒါတရားပါ။ ခြွင်းချက် မရှိဖြစ်ပါတယ်။ ဗမာပြည်သားတွေဟာ ပြည်ပကရတဲ့ ကိုယ့်အတွက် အကျိုးရှိတာ မှန်သမျှကို မှန်မှန်ကန်ကန်အသုံးချပြီး ကိုယ့်လွတ်မြောက်ရေးအတွက် ကိုယ့်ဟာကိုယ် ပြင်ဆင်ရမှာပါ။ ရုရှားနိုင်ငံက ၁၉၀၅ ခု တော်လှန်ရေးဟာ ၁၉၁၇ ခုနှစ် အောက်တိုဘာ တော်လှန်ရေးအတွက် ဝတ်စုံပြည့် ဇာတ်တိုက်တာ ဖြစ်ခဲ့သလို ရှစ်လေးလုံးအရေးတော်ပုံဟာ နောင်မှာ ပေါ်လာမယ့် စစ်အစိုးရကို အပြီးအပိုင် ဖြုတ်ချတဲ့ လူထုတိုက်ပွဲကြီးအတွက် ဝတ်စုံပြည့် ဇာတ်တိုက်တာ ဖြစ်စေရမယ်။ နို့မို့ရင် အဲဒီတုန်းက အာဇာနည်တွေအပေါ် နောင်လူများက တာဝန်မကျေရာ ကျမှာပဲ။

❖ ❖ ❖



ဒီလိုအချိန်မှာ ပြည်သူလူထုဖက်က စနစ်ကျပြီး ထိရောက်တဲ့ လှုပ်ရှားမှုကြီးတခု ဖန်တီးနိုင်အောင် ဘက်ပေါင်းစုံ အဆင့်ရှိရှိ ပြင်ဆင်ရမယ်ထင်ပါတယ်။ ပြည်ပကို မျှော်ကိုးနေလို့ မရပါဘူး။ သမိုင်းမှာ တိုင်းပြည်တပြည်ရဲ့ အတွင်းရေးကို ပြည်ပက ဝင်ပါတယ်ဆိုတာ သူတို့အကျိုးကျေးဇူးရှိလို့သာ ဖြစ်ပါတယ်။ ဒါတရားပါ။ ခြွင်းချက်မရှိဖြစ်ပါတယ်။ ဗမာပြည်သားတွေဟာ ပြည်ပကရတဲ့ ကိုယ့်အတွက် အကျိုးရှိတာမှန်သမျှကို မှန်မှန်ကန်ကန်အသုံးချပြီး ကိုယ့်လွတ်မြောက်ရေးအတွက် ကိုယ့်ဟာကိုယ် ပြင်ဆင်ရမှာပါ။

# နအဖ၏လမ်းပြမြေပုံကို လက်မခံရန် စာဖြန့်ခဲ့သည့် ကျောင်းသားခုနစ်ဦး အဖမ်းခံရ

**အောက်တိုဘာ၊(၂၃)ရက်။**
**[အေအက်ဖ်ပီ]**

နအဖဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ပြီးခဲ့သည့် ဩဂုတ်လတွင် ချပြခဲ့သည့် ဒီမိုကရေစီလမ်းပြမြေပုံသည် နိုင်ငံ၏ လိုလားချက်များကို ကိုယ်စားမပြုသောကြောင့် လက်မခံနိုင်ကြောင်း၊ စာရွက်စာတမ်း ဖြန့်ဝေခဲ့သည့် ကျောင်းသား(၇)ဦးကို ပြီးခဲ့သည့် စက်တင်ဘာလနှောင်းပိုင်းက ရန်ကုန်မြို့တွင် ဖမ်းဆီးထားကြောင်း ပြည်ပရောက် ကျောင်းသားအဖွဲ့အစည်းတခုဖြစ်သည့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ–နိုင်ငံခြားရေးကော်မတီ (ABFSU-FAC)က အောက်တိုဘာ(၂၁)ရက်နေ့တွင် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါကျောင်းသားများ လက်ကမ်းဖြန့်ဝေခဲ့ကြသည့် စာရွက်စာတမ်းများတွင် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ နိုင်ငံရေးလမ်းပြမြေပုံသည် တိကျသည့် အချိန်သတ်မှတ်ချက်မပါရှိသည့်ပြင် ၁၉၉၀ ပြည့် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍကို ထည့်သွင်းဖော်ပြထားခြင်း မရှိဘဲ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်ရေးကိုသာ ရည်ရွယ်ထားသည်ကို တွေ့ရသဖြင့် မြန်မာပြည်သူများအနေဖြင့် အဆိုပါလမ်းပြမြေပုံကို လက်မခံသင့်ကြောင်း ရေးသားတောင်းဆိုထားသည်။

ထိုထုတ်ပြန်ချက်နှင့် ပတ်သက်၍ ဗကသ–နိုင်ငံခြားရေးတာဝန်ခံ ကိုမင်းနိုင်က စစ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံတွင် အမှန်တကယ် နိုင်ငံရေးတိုးတက်ပြောင်းလဲမှုကို အားပေးသည်ဆိုပါက လူထုလူတန်းစားပေါင်းစုံကို နိုင်ငံရေးတွင် တက်တက်ကြွကြွနှင့် လွတ်လပ်စွာ ပါဝင်မှုကို ခွင့်ပြုရမည်ဖြစ်ရာ ဖမ်းဆီးထားသည့် ကျောင်းသားများအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရမည်ဖြစ်ကြောင်း တောင်းဆိုလိုက်သည်။ ❖

# နိုင်ငံတကာပါလီမန်များသမဂ္ဂက မြန်မာဒီမိုကရေစီအရေး ပြတ်ပြတ်သားသားတောင်းဆို

**အောက်တိုဘာ၊ (၂၉)ရက်။**

ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာတွင် အောက်တိုဘာလအတွင်း ကျင်းပခဲ့သည့် (၁၇၃)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များသမဂ္ဂ(IPU) ညီလာခံက နအဖ စစ်အုပ်စုအား မြန်မာ့ဒီမိုကရေစီအရေးနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့်အချက်များကို ပြတ်သားစွာ ချမှတ်တောင်းဆိုခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ ပါလီမန်အဖွဲ့ (၁၄၄)ဖွဲ့ပါဝင်သည့် အဆိုပါ IPU က မြန်မာနိုင်ငံ စစ်အုပ်စုအား ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု၍ အကောင်အထည်ဖော်ရန်၊ ဖမ်းဆီးထိန်းသိမ်းထားသည့် မြန်မာနိုင်ငံမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံ၍ ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးအတွက် ဆုံးဖြတ်ချက်ချ တိုက်တွန်းဆောင်ရွက်ပေးရန်၊ ဒီပဲယင်းလုပ်ကြံမှုနောက်ပိုင်း ပျောက်ဆုံးသွားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ပြန်လည်ဖော်ထုတ်ပေးရန်၊ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၏ကိစ္စကို စုံစမ်းစစ်ဆေးဖော်ထုတ်ပေးရန် စသည့်အချက်များကို တောင်းဆိုလိုက်သည်။

ထို့ပြင် နအဖစစ်အုပ်စု၏ နိုင်ငံရေးလမ်းပြမြေပုံနှင့်ပတ်သက်၍ မြန်မာ့ဒီမိုကရေစီရေးအတွက် နိုင်ငံတကာပါလီမန်များသမဂ္ဂက များစွာမှ သံသယဖြစ်ရကြောင်းနှင့် နအဖစစ်အုပ်စု၏ အမျိုးသားညီလာခံသည် စစ်အာဏာ တည်မြဲသက်ဆိုးရှည်ရန် ရည်ရွယ်လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း တညီတညွတ်တည်း ဖော်ပြခဲ့ကြသည်။

IPU သည် နှစ်စဉ်ညီလာခံများ ကျင်းပ၍ မြန်မာနိုင်ငံမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အခြေအနေ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအခြေအနေတို့ကို ဆွေးနွေးသုံးသပ်၍ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU)သည် ၁၉၉၉ ခုနှစ်တွင် (IPU)၌ စတင်၍ အဖွဲ့ဝင်ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များအနက် လတ်တလော အကျဉ်းချခံထားရသူ (၁၈)ဦး၊ ဒီပဲယင်း လုပ်ကြံခံရမှုအပြီး အဖမ်းခံထားရသူ (၈)ဦး၊ အကျယ်ချုပ်ခံထားရသူ (၈)ဦးနှင့် ပျောက်ဆုံးနေသူ (၅) ဦး စုစုပေါင်း(၃၉)ဦးတို့သည် စစ်အာဏာပိုင်များ၏ ဖမ်းဆီးဖိနှိပ်မှုများ ခံနေကြရဆဲဖြစ်ကြောင်း မြန်မာနိုင်ငံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ မှတ်တမ်းအရ သိရသည်။

❖

# ကေအဲန်ယူတပ်မဟာ(၇)ဌာနချုပ်အား နအဖတပ်များ သိမ်းပိုက်နိုင်ခြင်းမရှိ ဒေသခံအများအပြား ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်ကြ

**အောက်တိုဘာ၊ (၂၁)ရက်။[ဒီဗွီဘီ]**

ဩဂုတ်လ (၅)ရက်နေ့မှ စတင်ပြီး နအဖနှင့် ဒီကေဘီတပ်များ ပူးပေါင်း၍ ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) လက်အောက်ရှိ တပ်မဟာ(၇) နယ်မြေအား အပြင်းအထန် ထိုးစစ်ဆင်ခဲ့ခြင်းကြောင့် ယခုလ(၁၆)ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ် (ကေအဲန်အယ်လ်အေ)က ဆုတ်ခွာပေးခဲ့ကြောင်း သိရသည်။

သို့သော် ကေအဲန်ယူတပ်မဟာ(၇) ဌာနချုပ်နှင့် (၃)ကီလိုမီတာအကွာတွင် ရောက်ရှိနေသည့် နအဖတပ်များသည် ယင်းဌာနချုပ်စခန်းအား သိမ်းပိုက်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ ယခုလို ကေအဲန်အယ်လ်အေက ဆုတ်ခွာခဲ့ခြင်းသည် အင်အားမမျှ၍ ရှောင်ပေးသည့်သဘောဖြစ်ပြီး နအဖတပ်များ အလွယ်တကူ မဝင်ရောက်နိုင်ရန် ကာကွယ်ရေးမိုင်းများ ကြိုတင်ချထားသဖြင့် ယခုထိ တပ်မဟာဌာနချုပ်တွင်းသို့ နအဖတပ်များ ဝင်ရောက်နိုင်ခြင်း မရှိသေးကြောင်း တပ်မဟာ(၇)အထူးတပ်ရင်း (၁၀၁) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဖောဒိုက ဆိုသည်။

ယခုလို နအဖတပ်များ ကေအဲန်ယူ ထိန်းချုပ်နယ်မြေကို (၂)လကျော် ထိုးစစ်ဆင်ခဲ့သည့်အတွက် လွန်ခဲ့သောလအတွင်းက မဲ့ပလက်ဒေသရှိ ရွာသား(၁၀၀)ကျော် ထိုင်းမြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ရသည်။ အဆိုပါ ထွက်ပြေးလာသူများအား ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများသို့ ပို့ဆောင်ပေးနိုင်ခဲ့သော်လည်း အချို့ ကျန်ရှိနေသူများမှာ ထိုင်းနယ်စပ်ဂိတ်များ၏ တင်းကျပ်သည့် ပိတ်ဆို့မှုများကြောင့် အခက်ကြုံနေရဆဲဖြစ်သည်ဟု ကရင်ဒုက္ခသည် စောင့်ရှောက်ရေးအဖွဲ့ (ကေအာရ်စီ)က ပြောကြားခဲ့သည်။ ❖



နယ်စပ်သို့ ထွက်ပြေးရောက်ရှိလာသော ကရင်ဒုက္ခသည်တစု

# မန္တလေးတိုင်းအမျိုးသမီးခေါင်းဆောင် ဒေါ်ဝင်းမြမြ ရွှေဘိုထောင်ရောက် ဒီပဲယင်းအရေးအခင်း ဖမ်းဆီးခံထားရသူ(၅)ဦး ပြန်လည်လွတ်မြောက်

**အောက်တိုဘာ၊ (၁၆)ရက်။ [ဒီဗွီဘီ]**

ဒီပဲယင်းအရေးကိစ္စတွင် ဒဏ်ရာ ပြင်းထန်စွာ ရရှိပြီး ဖမ်းဆီးခံခဲ့ရသူ မန္တလေးတိုင်း အဖွဲ့ချုပ် အမျိုးသမီးခေါင်းဆောင် ဒေါ်ဝင်းမြမြအား နအဖ အာဏာပိုင်များက မုံရွာစစ်ဆေးရုံမှ ရွှေဘိုထောင်သို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

အမရပူရမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမြင့်၏သား ကိုဇော်လေးအပါအဝင် အချုပ်ခံရသူ (၅)ဦးအား ယခုလ (၁၄)ရက်နေ့က ပြန်လွှတ်ပေးခဲ့သော်လည်း ဒေါ်ဝင်းမြမြကိုမူ (၁၃)ရက်နေ့က ရွှေဘိုထောင်သို့ ပြောင်းရွှေ့ခဲ့ကြောင်း ပထမဆုံးအကြိမ် ထောင်ဝင်စာသွားရောက်တွေ့ဆုံခဲ့သော ၎င်း၏အစ်ကိုဖြစ်သူက ဆိုသည်။

ဒေါ်ဝင်းမြမြသည် ဘယ်လက်ကောက်ဝတ် ကျိုးခဲ့သောနေရာ၌ အရိုးအနည်းငယ်စွန်းထွက်နေသေးသလို ညာဘက်လက်မောင်းနေရာတွင် အနည်းငယ်သိမ်ပြီး တံတောင်ဆစ်မှာ အနည်းငယ်ဖောင်းနေသေးကြောင်း၊ ပုံမှန်အနေအထားသို့ ပြန်ရောက်ရန် ရက်ရှည် အချိန်ယူရမည်ဖြစ်ကြောင်း အစ်ကိုဖြစ်သူက ဆိုသည်။ သို့ရာတွင် ဒေါ်ဝင်းမြမြသည် စိတ်ဓာတ်ပိုင်းဆိုင်ရာတွင် စိတ်ပျက်အားငယ်ခြင်း အလျဉ်းမတွေ့ရဘဲ အလွန်ကြံ့ခိုင်လျက်ရှိကြောင်းကိုလည်း ၎င်းက ဒီဗွီဘီကို ပြောကြားခဲ့သည်။

ယခုလ(၁၄)ရက်နေ့က မုံရွာစစ်ဆေးရုံမှ ပြန်လည် လွတ်မြောက်လာသူများမှာ ဘုတလင်မြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘိုညွန့်၊ မန္တလေးတိုင်း ချမ်းအေးသာဇံမြို့နယ် အဖွဲ့ချုပ်ဝင် ဦးသန်းဝင်း၊ အရှေ့မြောက်မြို့နယ် အဖွဲ့ချုပ် လူငယ်တာဝန်ခံ ကိုဝင်းကို၊ အမရပူရမြို့နယ်အဖွဲ့ချုပ်ဝင် ကိုဇော်လေးနှင့် မုံရွာမြို့မှ ကိုအောင်ကျော်ထွန်းတို့ဖြစ်သည်။ အာဏာပိုင်များက ကိုဇော်လေးအား ဝန်ခံကတိ လက်မှတ်ထိုးခိုင်း၍ ပြန်လွှတ်ပေးခဲ့သော်လည်း ဖခင်ဖြစ်သူအား ရွှေဘိုထောင်၌ ဆက်လက်ဖမ်းဆီးထားဆဲဖြစ်သည်။ ကိုဇော်လေးသည် လွတ်မြောက်လာခဲ့သော်လည်း ဦးခေါင်းတခုလုံး အရိုက်ခံထားသည့် ဒဏ်ရာများနှင့် ပြည့်နေပြီး နဖူးဒဏ်ရာမှာ ချုပ်ရိုးမကျက်သေးသည့်အတွက် ဆေးကုသမှု ခံယူနေရဆဲဖြစ်ကြောင်း သိရသည်။



မန္တလေးတိုင်းအမျိုးသမီးခေါင်း
ဒေါ်ဝင်းမြမြ

❖

# ခန္တီးထောင်မှနိုင်ငံရေးအကျဉ်းသားများ ခဲပုပ်ရေကြောင့် ကျန်းမာရေးဆိုးရွားနေ

**အောက်တိုဘာ၊ (၆)ရက်။[ဒီဗွီဘီ]**

စစ်ကိုင်းတိုင်း ခန္တီးထောင်ရှိ နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေမှာ အလွန်ဆိုးဝါးနေကြောင်း စက်တင်ဘာလကုန်ပိုင်းက ထောင်ဝင်စာတွေ့ခဲ့သည့် မိသားစုဝင်တို့၏ အဆိုကို ကိုးကား၍ ဒီဗွီဘီအသံလွှင့်ဌာနက ထုတ်လွှင့်သွားခဲ့သည်။

အဆိုပါအကျဉ်းထောင်တွင် ဒီပဲယင်းခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်၏ ကားကို မောင်းပေးခဲ့သူ ကိုကျော်စိုးလင်းနှင့် မကွေးတိုင်း ရေနံချောင်းမြို့ လူငယ်အဖွဲ့ချုပ်ဝင် ကိုမြင့်ငွေတို့သည် မျက်နှာတခုလုံး ဖူးရောင်နေကြပြီး အစားအသောက် ညံ့ဖျင်းလှသည့်အတွက် လူများလည်း အလွန်ပိန်ချုံးနေကြောင်း ထောင်ဝင်စာသွားတွေ့ခဲ့သူ ကိုကျော်စိုးလင်း၏မိခင်က ဒီဗွီဘီနှင့် မေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

ထိုသို့ မျက်နှာများ ဖူးယောင်နေကြခြင်းမှာ ထောင်တွင်း ခဲပုပ်ရေတိုက်၍ ခဲပုပ်ရေနှင့်သာ ရေချိုးနေကြရခြင်းကြောင့် ဖြစ်နိုင်ကြောင်း ထောင်အတွေ့အကြုံရှိသူများက ပြောဆိုနေကြသည်။

ကိုကျော်စိုးလင်း၏ ဖခင်ဖြစ်သူ မန္တလေးတိုင်း အဖွဲ့ချုပ်ဘဏ္ဍာရေးမှူး ဦးကိုကိုကြီးမှာလည်း ပြီးခဲ့သည့် ဇူလိုင်(၁၉) ရက်နေ့က သားဖြစ်သူအား သွားရောက်တွေ့ဆုံပြီးအပြန် မန္တလေးလေဆိပ် အရောက်တွင် စစ်ထောက်လှမ်းရေးက အကြောင်းမဲ့ ဖမ်းဆီးသွားခဲ့သည်။ ဦးကိုကိုကြီးသည် မန္တလေးထောင်တွင် ဖမ်းဆီးချုပ်နှောင်ခံနေရကြောင်း သိရသော်လည်း ယနေ့အချိန်အထိ မိသားစုဝင် တဦးတယောက်နှင့်မျှ တွေ့ဆုံခွင့် မရသေးကြောင်း သိရသည်။

ပြီးခဲ့သည့်လက ခန္တီးအကျဉ်းထောင်သို့ နိုင်ငံရေးအကျဉ်းသားများနှင့် တွေ့ဆုံရန် သွား ရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (ICRC)ကိုလည်း အာဏာပိုင်များက ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရသေးဟုဆိုကာ (၂)ရက်နောက်ကျပြီးမှ တွေ့ဆုံခွင့်ပေးခဲ့သည်။

ICRC အဖွဲ့သည် ခန္တီးအကျဉ်းထောင်တွင် ယခုလ(၆)ရက်နေ့အထိ နိုင်ငံရေးအကျဉ်းသား(၅၀)နှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ စာအစောင်(၄၀)ကို သက်ဆိုင်ရာမိသားစုများထံ ပေးပို့ပေးခဲ့ကြောင်း သိရှိရသည်။ ❖

○ ယခင်လမှအဆက်

# ဖွတ် မထွက်ခင်ကတည်းက တောသိုမှန်း သိတယ် [၃]

**မောင်ပေါက်ကျိုင်း**

၁၉၉၆ခု နိုဝင်ဘာ(၉)ရက်နေ့က NLD ခေါင်းဆောင်များဖြစ်တဲ့ ဦးတင်ဦး၊ ဦးကြည်မောင်၊ ဒေါ်အောင်ဆန်းစုကြည်တို့ စီးနင်းလာတဲ့ ကားတန်းကို ကျောက်ခဲ၊ ချိန်းကြိုး၊ သံဒုတ်စတဲ့ လူကိုသေစေနိုင်လောက်အောင် အန္တရာယ်ပေးနိုင်တဲ့ လက်နက်မျိုးစုံနဲ့ တဦးတယောက်ရဲ့ စီစဉ်ညွှန်ကြားထားတဲ့ အမိန့်ကိုနာခံပြီး အကြမ်းဖက်တိုက်ခိုက်တဲ့ ကိစ္စဖြစ်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မော်တော်ကား နောက်ဘက်လေကာမှန် ဟက်တက်ကွဲသွားပြီး ဦးတင်ဦးနဲ့ ဦးကြည်မောင်တို့ စီးလာတဲ့ကားမှာ နောက်ဘက်တံခါး နှစ်ခုလုံးရှိ မှန်များနဲ့ နောက်ဘက်လေကာမှန်ကြီးတချပ်လုံး လုံးဝပျက်စီးသွားခဲ့တယ်။ ဒါဟာ ပထမအကြိမ် အသက်ကို ထိခိုက်စေနိုင်တဲ့ စနစ်တကျ ကြံစည်လုပ်ဆောင်ချက်ဖြစ်တယ်။

၁၉၉၇ ဖေဖော်ဝါရီလ(၁၂)ရက်၊ နှစ်(၅၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားအတွက် NLD ဌာနချုပ်သို့ တက်ရောက်ဖို့ လာတဲ့ အဖွဲ့ချုပ် အဖွဲ့ဝင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို မလာနိုင်အောင် အမျိုးမျိုး နှောင့်ယှက်ဟန့်တားပြီး ဖမ်းဆီးထိန်းသိမ်းခဲ့တယ်။ တချို့ဆိုရင် စစ်ဆင်ရေးများမှာ အတင်းအဓမ္မ အထမ်းသမားအဖြစ် အဖမ်းခံကြတယ်။ ဥပမာ ပဲခူးတိုင်း၊တောင်ငူမြို့နယ် အဖွဲ့ချုပ်အဖွဲ့ဝင်(၁၈)ဦးအား ထန်းတပင်မြို့နယ် တပြေးကျေးရွာကတဆင့် စစ်ဆင်ရေးရှေ့တန်းကို အဓမ္မပို့လိုက်တယ်။ အဲဒီထဲက တောင်ငူမြို့နယ် NLD ဒု–ဥက္ကဋ္ဌ ကရင်အမျိုးသား ဦးစောထွန်းနွယ် (၇၅)နှစ်ဟာ လမ်းခရီးမှာတင် ပင်ပန်းတဲ့ဒဏ်နဲ့ ကွယ်လွန်သွားခဲ့တယ်။

၁၉၉၇ ဇန်နဝါရီလ (၉–၁၄)ရက်အတွင်း ထိုင်း–မြန်မာနယ်စပ်တနေရာမှာ ကျင်းပပြုလုပ်ခဲ့တဲ့ တိုင်းရင်းသားလူမျိုးစုများရဲ့ ကြေညာချက် ထွက်ပေါ်လာတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်က တရားဝင်ကမ္ဘာသိ ထောက်ခံခဲ့တယ်။ ဒါနဲ့ပတ်သက်လို့ စစ်အာဏာပိုင်တွေက မကြေလည်တဲ့အတွက် ၁၉၉၇ မတ်လ(၁၀)ရက်မှာ ရွှေးကောက်ပွဲကော်မရှင်က NLD ခေါင်းဆောင်ပိုင်းကို ခေါ်တွေ့ခဲ့တယ်။ ကော်မရှင်က ပြောတာကတော့ “ဒေါ်စုကြည်အနေနဲ့ မဲသရောထ ကြေညာချက်ကို ထောက်ခံတယ်ဆိုတာ ဘယ်လိုလဲဆိုတာ သိချင်လို့ပါ”လို့ဆိုတယ်။ NLD ဥက္ကဋ္ဌဦးအောင်ရွှေက ဒေါ်စုကြည်ကို မသိပါ၊ ဒေါ်အောင်ဆန်းစုကြည်ဆိုတာ ရှိပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်ဟု ပြောပါလို့ ပြန်ပြောခဲ့တယ်။ ဒါကြောင့် ကော်မရှင်အတွင်းရေးမှူး ဦးအေးမောင်က ဒေါ်အောင်ဆန်းစုကြည်လို့ ပြောင်းသုံးလာရတယ်။ ဒါကဘာကို ဖော်ပြနေသလဲဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခန်းကဏ္ဍကို အခြေအနေပေးရင် ပေးသလို မှေးမှိန်သေးသိမ်အောင် လုပ်နေတာပဲဖြစ်တယ်။ တိုင်းရင်းသားလူမျိုးစုများနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သွေးစည်းညီညွတ်မှုကို စစ်အုပ်စုအာဏာပိုင်တွေက မနာလို မရှုစိမ့်တာပဲ ဖြစ်တယ်။

NLD ဟာ ၂၅–၃–၉၆ နေ့ကတည်းက စစ်အုပ်စုအာဏာပိုင်တွေကို “ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပမယ့်ရက် သတ်မှတ်ပေးဖို့ “လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းဆောင်ရွက်ရေးအတွက် စီစဉ်ပေးဖို့”ကိစ္စတွေကို တာဝန်သိသိနဲ့ အကြောင်းကြားခဲ့တယ်။ ဒါပေမယ့် စစ်အာဏာပိုင်တွေက ဘာတခုမှ အကြောင်းမပြန်ခဲ့ဘူး။ အဲဒီလို စစ်အာဏာပိုင်တွေရဲ့ ရှစ်နှစ်ကြာတဲ့အထိ တာဝန်မဲ့ ပျက်ကွက်မှုကြောင့် မဲဆန္ဒရှင်လူထုရဲ့ဆန္ဒနဲ့အညီ NLD က တိုင်းရင်းသားလူမျိုးများ ပါဝင်တဲ့ ပြည်သူ့လွှတ်တော်တရပ် ခေါ်ယူဖွဲ့စည်းပေးဖို့ ကြေညာချက်အမှတ် ၃၅(၈/၉၈)ကိုထုတ်ပြန်ပြီး“၁၉၉၈ ခုနှစ် ဩဂုတ်လ(၂၁)ရက်မတိုင်မီ လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးပါရန်”ဆိုပြီး၂၃–၆–၉၈ နေ့မှာ စစ်အာဏာပိုင်တွေထံ တိုက်တွန်းတောင်းဆိုခဲ့တယ်။

အဲဒီလို လွှတ်တော်ခေါ်ယူဖွဲ့စည်းရေးနဲ့ ပတ်သက်ပြီး NLD က သူ့ရဲ့ ရပ်တည်ချက်ကို ထုတ်ပြန်ပြီးတဲ့နောက်မှာ စစ်အာဏာပိုင်တွေက NLD ရဲ့ ဗဟိုအလုပ်အမှုဆောင်တွေကို ခေါ်တွေ့ပြီး NLD က လွှတ်တော်ခေါ်ရင် နဝတက သူတို့ရဲ့ ဥပဒေအမှတ်(၅/၉၆)နဲ့ အရေးယူမယ်ဆိုပြီး ခြိမ်းခြောက်ခဲ့တယ်။

NLD က ၁၉၉၈ ခုနှစ် မေလ(၂၇/၂၈)မှာ ကျင်းပတဲ့ ရွေးကောက်ပွဲ(၈)နှစ်မြောက် အခမ်းအနားမှာ လွှတ်တော်ဖွဲ့စည်းရေးနဲ့ ပတ်သက်ပြီး ခုလိုဆုံးဖြတ်ခဲ့တယ်။

“လွှတ်တော်ခေါ်ရမည့် နောက်ဆုံး နေ့ရက် သတ်မှတ်ပြီး အာဏာပိုင်များအား အသိပေးရမည့်ကိစ္စကို ဤညီလာခံကြီးက ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား မကြာမီ ရက်အတွင်း ဆောင်ရွက်ရန် တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။”

အဲဒီလို တခဲနက် တောင်းဆို ဆုံးဖြတ်လိုက်တဲ့ နောက်ပိုင်းနဲ့ လွှတ်တော်ခေါ်ယူဖွဲ့စည်းမယ်လို့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကြေညာလိုက်တဲ့ နောက်ပိုင်းကစပြီး NLD လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်နယ်/တိုင်း၊ မြို့နယ်၊ရပ်/ကျေး အသီးသီးက စည်းရုံးရေးအဖွဲ့ဝင်များနဲ့ သာမန်အဖွဲ့ဝင်မြောက်များစွာတို့ကို စစ်အာဏာပိုင်တွေက ဖမ်းဆီးချုပ်နှောင် ထိန်းသိမ်းခဲ့တယ်။ ၂၄–၉–၉၈နေ့အထိ စာရင်းအရဆိုရင် လွှတ်တော်ကိုယ်စားလှယ်(၂၀၀)နဲ့ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်/ကျေး အဖွဲ့ဝင်(၇၂၁)ဦးပေါင်း (၉၂၁)ဦး ဖမ်းဆီးထိန်းသိမ်း ခံခဲ့ကြရတယ်။

အခုလိုဖမ်းဆီးထိန်းသိမ်းရာမှာ ၁၉၆၁ ခုနှစ်“ခြေချုပ်နဲ့ ခံဝန်ချက်ဥပဒေ”ဆိုတဲ့ အလွန်ဆိုးဝါးတဲ့ ဥပဒေနဲ့ ဖမ်းဆီးတာပါလုပ်လာတယ်။ ဒီဥပဒေဟာ မကောင်းမှုဒုစရိုက်မှုတွေကို ကျူးလွန်ခဲ့ဖူးသူ၊ ကျူးလွန်လေ့ရှိသူ၊ အဖန်တလဲ ကျူးလွန်လေ့ရှိသူတွေကို အရေးယူတဲ့ဥပဒေပါပဲ၊ လူထုက လေးလေးနက်နက် တခဲနက် ရွေးကောက်တင်မြှောက်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ခုလို အောက်တန်းကျတဲ့ ဥပဒေတွေနဲ့ ဖမ်းဆီးတာဟာ လူထုကို စော်ကားတာပါပဲ။

ဖမ်းဆီး ထိန်းသိမ်းထားစဉ်မှာလည်း တချို့လွှတ်တော်ကိုယ်စားတွေကို ခြိမ်းခြောက် ဖိအားပေးအကြပ်ကိုင်ပြီး အဖွဲ့ချုပ်ကို သစ္စာဖောက်ဖို့ မက်လုံးပေးသိမ်းသွင်းတာ၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မျက်ကွယ်မှာ ခြိမ်းခြောက်တဲ့နည်း၊ လှည့်စားဖြားယောင်းတဲ့နည်းတွေနဲ့ လူထုကို ဆင့်ခေါ်ပြီး “အများပြည်သူအတွက် အကျိုးမပြုသူများ” လို့ အဆိုသွင်း၊ ထောက်ခံစေတဲ့ ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲဆိုတာတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို အယုံအကြည်မရှိ မထောက်ခံကြောင်း စတာတွေကို လုပ်ခဲ့တယ်။

စစ်အုပ်စုက ခုလို ဥပဒေမဲ့ အာဏာကို အလွန်အကျွံ အသုံးချပြီး မတရားဖမ်းဆီးချုပ်နှောင်ထားတာကို တောင်ဖမ်းဆီးတယ်လို့ ပွင့်ပွင့်လင်းလင်း ဝန်မခံဘဲ “ဆွေးနွေးနေပါသည်”လို့ လိမ်ညာခဲ့တယ်။ ဒါဟာ မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စ၊ သိက္ခာကျလွန်းတဲ့ လုပ်ရပ်ဖြစ်တယ်။ အဲဒီလို “ဧည့်ဂေဟာများမှာ ခေါ်ယူဆွေးနွေးနေပါသည်” ဆိုတဲ့ ကာလအတွင်းမှာ ဖမ်းဆီးထားသူတွေကို စစ်အာဏာပိုင်တွေက တာဝန်အရ ကျွေးမွေးရမှာကို မကျွေးမွေးဘဲ ရပ်ရွာများထဲက ပုဂ္ဂလိကပိုင် စားသောက်ဆိုင်တွေက မတရားခြိမ်းခြောက်၊ နိုင်ထက်စီးနင်းပြုပြီး အစားအသောက်ကို မှာပြီးကျွေးခဲ့တယ်။ ပိုဆိုးတာက အစားအစာ ကောင်းကောင်းတွေကို ပြင်ဆင်ထားပြီး တကယ်မကျွေးဘဲ ကျွေးမွေးဟန် ဓာတ်ပုံ၊ ဗီဒီယိုတွေ ရိုက်ကူးသလုပ်ပြီး လူတယောက်နဲ့ ထိုက်တန်တဲ့ အစားအစာကို မကျွေးဘဲ နေ့စဉ် ညစ်ညမ်းတဲ့ ဗွီဒီယိုများကို ပြသခဲ့တယ်။

တကယ်က ဖမ်းဆီးထားစဉ်မှာ ဆွေးနွေးတာမဟုတ်ဘဲ စစ်ထောက်လှမ်းရေးက မေးခွန်းတွေမေးပြီး စစ်ဆေးနေတာ ဖြစ်တယ်။ ဥပမာ မေးခွန်းတွေကို ဖော်ပြရရင်။

(၁) NLD ဗဟိုရဲ့လက်ရှိအခြေအနေနဲ့ လျှောက်လှမ်းနေတဲ့ နိုင်ငံရေးလမ်းကြောင်းပေါ် သဘောထား၊

(၂)NLD အနေနဲ့ လွှတ်တော်ခေါ်ယူတဲ့အပေါ် သဘောထား၊

(၃) လွှတ်တော်ခေါ်မပေးရင် ဖြစ်ပေါ်လာနိုင်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အခြေအနေပေါ် အမြင်၊

(၄) အဖွဲ့ချုပ်က လွှတ်တော်ခေါ်ရင် တက်ရောက်မည်၊ မတက်ရောက်မည်၊

(၅) NLD ဗဟိုအလုပ်အမှုဆောင် သဘောထား၊

(၆) နဝတ အပေါ် သဘောထား၊

(၇) ထိန်းသိမ်းခံထားရမှုနဲ့ ပတ်သက်ပြီး စစ်အာဏာပိုင်တွေအပေါ် သဘောထား၊

– စတာတွေဖြစ်တယ်။ ခုလို စစ်ဆေးမေးမြန်းရုံသာမက စစ်အာဏာပိုင်တွေက ဖမ်းဆီးထားသူတွေကို အတင်းအဓမ္မ ဖိနှိပ်ညှဉ်းပန်းပြီး ကာယကံရှင်များရဲ့ သဘောတူညီမှု လုံးဝမရှိဘဲ နုတ်ထွက်ဖို့ လက်မှတ်ရေးထိုးစေခဲ့တယ်။ လက်မှတ်မထိုးကြဘဲ ရဲရဲဝံ့ဝံ့ တောင့်ခံကြတဲ့ ပုဂ္ဂိုလ်တွေကို စစ်ထောက်လှမ်းရေးတွေက “ခင်ဗျားတို့ ခိုင်းတာကိုလုပ်၊ မလုပ်ရင် ဒီထက်နစ်နာသွားမယ်”လို့ ရိုင်းပြစွာ ခြိမ်းခြောက်ခဲ့တယ်။ လွှတ်တော်ခေါ်ယူရေးမှုကို ကိုင်စွဲပြီး ရပ်တည်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို စစ်တပ်စခန်းတွေမှာ (၃)နှစ်ခန့် မတရားချုပ်နှောင်ထားခဲ့တယ်။

၁၉၉၈ ခု ဇွန်လ(၂၅)ရက်နေ့ NLD ဗဟိုစာဖတ်ဝိုင်းကို လာရောက်တဲ့ အဖွဲ့ချုပ်အဖွဲ့ဝင် လူငယ်တွေကို စစ်အာဏာပိုင်တွေက တားဆီးရိုက်နှက်တဲ့ ကိစ္စတုန်းက အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်တဲ့အထိ ဖြစ်ခဲ့တယ်။ ဒါဟာ ၉–၁၁–၉၆ နေ့က NLD ခေါင်းဆောင်သုံးဦးတို့ရဲ့ ကားတန်းကို လူရမ်းကားတစုက လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ရှေ့မှာပဲ ရိုက်နှက်ခဲ့တဲ့ကိစ္စပြီးရင် ဒုတိယအကြိမ် အသက်အန္တရာယ်ကို ထိခိုက်စေနိုင်တဲ့ အကြမ်းဖက်မှုဖြစ်တယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၉၆၁ ခုနှစ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေနဲ့ စစ်အာဏာပိုင်တွေက သိက္ခာမဲ့စွာ အရေးယူခံထားရတဲ့ လွှတ်တော်ကိုယ်စားများရဲ့ မိသားစုတွေထံ အားပေးစကားပြောဖို့ ခရီးထွက်ခဲ့တယ်။ ၇–၇–၉၈ နေ့ ပဲခူးတိုင်း၊ မင်းလှနဲ့ ၂၀–၇–၉၈ နေ့ ဧရာဝတီတိုင်း ပန်းတနော်ခရီးစဉ်တွေမှာလည်း အာဏာပိုင်တွေရဲ့ မတရားတားဆီးပိတ်ဆို့မှုတွေ ခံခဲ့ရတယ်။

နောက်တခါ ၂၄–၇–၉၈ နေ့ ဧရာဝတီတိုင်း–ပုသိမ်သို့ သွားတဲ့ခရီး၊ ညောင်တုန်းမြို့နယ် အညာစုရွာအနီးမှာလည်း မတရားတားဆီး ကန့်သတ်မှုတွေကို ကျူးလွန်ပြီး ထိပ်တိုက်ရင်ဆိုင်ရေးကို ဖြစ်ပေါ်စေဖို့ ဖန်တီးခဲ့တယ်။



> ၁၉၉၇ မတ်လ(၁၀)ရက်မှာ ရွှေးကောက်ပွဲ ကော်မရှင်က NLD ခေါင်းဆောင်ပိုင်းကို ခေါ်တွေ့ခဲ့တယ်။
> ကော်မရှင်က ပြောတာကတော့ “ဒေါ်စုကြည်အနေနဲ့ မဲသရောထ ကြေညာချက်ကို
> ထောက်ခံတယ်ဆိုတာ ဘယ်လိုလဲဆိုတာ သိချင်လို့ပါ”လို့ဆိုတယ်။
> NLD ဥက္ကဋ္ဌဦးအောင်ရွှေက ဒေါ်စုကြည်ကို မသိပါ၊ ဒေါ်အောင်ဆန်းစုကြည်ဆိုတာ ရှိပါတယ်၊
> ဒေါ်အောင်ဆန်းစုကြည်ဟု ပြောပါလို့ ပြန်ပြောခဲ့တယ်။

ရှေ့လတွင် ဆက်လက်ဖော်ပြပါမည်


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

## မဲ့ခေါင်ခါး (ခေါ်) ဇလားဒုက္ခသည်စခန်း နှစ်မကုန်မီ ပြောင်းရမည်

**အောက်တိုဘာ၊ (၁၄)ရက်။**

လူဦးရေ (၁၅၀၀၀)ကျော်ရှိသည့် မဲခေါင်ခါး(ခေါ်) ဇလားဒုက္ခသည်စခန်းအား ယခုနှစ် ဒီဇင်ဘာလကုန်တွင် နေရာသစ်သို့ အပြီးသတ်ပြောင်းရွှေ့ရန် စခန်းတာဝန်ခံများအား ထိုင်းအာဏာပိုင်များက ညွှန်ကြားခဲ့ကြောင်း စခန်းတွင်းမှလာသည့် သတင်းများအရ သိရှိရသည်။

အောက်တိုဘာလ (၅)ရက်နေ့တွင် ချင်းမိုင်၊ မဲဟောင်ဆောင်၊ မဲစရင်းယန်းမှ ထိုင်းအာဏာပိုင်များသည် စခန်းတွင်းသို့ လာရောက်စစ်ဆေးခဲ့ကြပြီးနောက် ယခုလို ညွှန်ကြားခဲ့ခြင်းဖြစ်ပြီး အစီအစဉ်အရ စခန်းအတွင်းရှိ အိမ်ခြေစုစုပေါင်း (၂၇၀၀) အတွက် အိမ်ထောင်ဦးစီးများသည် ပြောင်းရွှေ့မည့်နေရာသစ်တွင် အဆောက်အဦများ ဆောက်လုပ်ရန် အသင့်ပြင်နေရပြီဖြစ်သည်။

စခန်းသစ်တည်ဆောက်မည့် မြေပုံအရ ယခုပြောင်းရွှေ့မည့်နေရာသစ်သည် ကရင်ဘာသာစကားနှင့် 'ဖွေးဘော်လူ'ဟုခေါ်သည့် နေရာဒေသဖြစ်ပြီး မယ်ဟောင်ဆောင်ခရိုင်၊ စုတ်မဲမြို့နယ်၊ မဲ့လာအွန်းတောတွင် တည်ရှိသည်။ အဆိုပါ စခန်းသစ်နေရာဒေသသည် ကေအဲန်ယူ၄ နချုပ်ဟောင်းဖြစ်သည့် မာနယ်ပလောနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိ၍ ယခုအခါ ဒီကေဘီအေတပ်များနှင့် နအဖတပ်များ တပ်စွဲရာဒေသဖြစ်သည့်အတွက် စခန်းရှိ ဒုက္ခသည်များမှာ ၎င်းတို့၏ လုံခြုံရေးအတွက် စိုးရိမ်လျက်ရှိသည်။ ❖



ပြောင်းရွှေ့ခံရတော့မည့် မဲ့ခေါင်ခါး (ခေါ်) ဇလားဒုက္ခသည်စခန်း တစိတ်တဒေသ

## လမ်းပြမြေပုံ ထောက်ခံပွဲများကို လာဘ်ထိုး တက်ခိုင်း

**အောက်တိုဘာ၊ (၂၁)ရက်။ [ဒီဗွီဘီ]**

စစ်အုပ်စုသည် ၎င်း၏နိုင်ငံရေးလမ်းပြမြေပုံအား ထောက်ခံသည့်ပွဲများကို နိုင်ငံတဝှမ်း အဓမ္မကျင်းပခိုင်းလျှက်ရှိရာ တက်ရောက်သူ နည်းပါးလာ၍ လက်ဆောင်ပစ္စည်းများဖြင့် လာဘ်ထိုး၍ တက်ခိုင်းနေကြောင်း ဒီဗွီဘီသတင်းတရပ်အရ သိရှိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလ(၁၈)ရက်နေ့က ပြုလုပ်ခဲ့သည့် တနင်္သာရီတိုင်း မြိတ်မြို့ထောက်ခံပွဲသို့ တက်ရောက်ခဲ့သည့် သက်ဆိုင်ရာဝန်ထမ်းတဦးအား လစာမဲ့ခွင့် (၃)ရက်နှင့် သက်သာဆန် (၂)ပြည်၊ ကျောင်းဆရာတဦးအား ကျောင်းဝတ်စုံတစုံ၊ အလယ်တန်း ကျောင်းသားတဦးအား ဗလာစာအုပ်တအုပ်နှင့် ဘောလ်ပင် (၃)ချောင်း၊ အထက်တန်းကျောင်းသားတဦးအား ဗလာစာအုပ်(၁၂)အုပ်နှင့် ဘောလ်ပင်(၃)ချောင်း၊ တက္ကသိုလ်ကျောင်းသားတဦးအား ဗလာစာအုပ် (၁၅)အုပ်နှင့် မှတ်တမ်းစာအုပ် (၁)အုပ်စီ ပေး၍ တက်ရောက်စေခဲ့ကြောင်း သိရှိရသည်။

အောက်တိုဘာလ(၂၁)ရက်နေ့က ပြုလုပ်ခဲ့သည့် ပုဂံမြို့ ပြည်လုံးကျွတ် ထောက်ခံပွဲတွင်လည်း ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဝန်ထမ်းများအား မတက်မနေရအမိန့်ဖြင့် ဆင့်ခေါ်ခဲ့သည့်အတွက် ကိုယ့်စားရိတ်နှင့်ကိုယ် သွားရောက်ခဲ့ကြရပြီး ပျက်ကွက်သူများအား ဒဏ်ငွေတပ်ခဲ့ကြောင်း သိရသည်။

ထိုလမ်းပြမြေပုံထောက်ခံပွဲကို မြန်မာ့ရှေးဟောင်းပုဂံမြို့တွင်မှ ကျင်းပစေခြင်းမှာ စစ်အုပ်စု၏ လတ်တလော ကိုးကွယ်နေသည့် အခါတော်ပေး ဘိုးတော်သန်းလှက ၎င်းတို့၏လမ်းပြမြေပုံ အထမြောက် အောင်မြင်ရန် ယတြာချေသည့်အနေဖြင့် အနော်ရထာမင်းကြီး တည်ထောင်ခဲ့သည့် ပထမမြန်မာနိုင်ငံတော်ကြီး၏မြို့တော် ပုဂံမြို့တွင် အောင်မြေနင်းရန် အခါပေးခဲ့ခြင်းကြောင့် ဖြစ်သည်ဟု နီးစပ်သူများအဆိုအရ သိရှိရသည်။

စစ်အုပ်စုက ထိုသို့ လူထုထောက်ခံပွဲများဖြင့် ၎င်းတို့၏လမ်းပြမြေပုံကို အတင်းအဓမ္မထောက်ခံခိုင်းနေသော်လည်း မြန်မာ့ဒီမိုကရေစီအင်းအားစုများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများက ထိုလမ်းပြမြေပုံ လုံးဝ လက်ခံခြင်းမရှိကြောင်း သိရှိရသည်။ ❖

## အကျင့်ပျက်(၁၀)နိုင်ငံထဲတွင် မြန်မာပါဝင်

ဂျာမနီအခြေစိုက် အာရှပညာရှင်များ သုတေသနဌာနက ထုတ်ပြန်လိုက်သည့် Transparency International (TI)စာတမ်းအရ ကမ္ဘာပေါ်တွင် အကျင့်ပျက်လာဘ်စားမှုများနှင့် သိက္ခာအမဲ့ဆုံး (၁၀)နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံ ပါဝင်နေကြောင်း သိရသည်။ ထိုစာတမ်းအရ မြန်မာနိုင်ငံမှ အာဏာသိမ်းဗိုလ်ချုပ်ကြီးများသည် လာဘ်စားမှု၊ အကျင့်ပျက်မှုများနှင့် ဂုဏ်သိက္ခာ အမဲ့ဆုံး နိုင်ငံတနိုင်ငံဖြစ်နေကြောင်း သိရသည်။ ❖

## ဘိန်းစိုက်မှုအခြေအနေမှန် ဒေသခံတို့ ထုတ်ဖော်

နိုင်ငံခြားအကူအညီမပါဘဲ ဘိန်းစိုက်ပျိုးမှု ကျဆင်းလာအောင် လုပ်ဆောင်နိုင်ခဲ့သည်ဟု နအဖ ပြည်ထဲရေးဝန်ကြီးက အောက်တိုဘာ(၁၇)ရက်နေ့က ပြောဆိုခဲ့သည်။

သို့ရာတွင် ပလောင်ပြည် လွတ်မြောက်ရေးတပ်ဦးမှ အထွေထွေအတွင်းရေး မိုင်အိုက်ပုန်းက လူသိများသောနယ်မြေများတွင် စိုက်ပျိုးမှုများ လျော့နည်းသွားသော်လည်း နေရာသစ်များသို့ ပြောင်းရွှေ့စိုက်ပျိုးနေကြောင်း ပြောကြားခဲ့သည်။ ❖

## မွန်ပြည်နယ်အတွင်း ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ၍ စပါးစိုက်ကေများပျက်စီး

**အောက်တိုဘာ၊ (၁၇)ရက်။**

တနင်္သာရီတိုင်း ကံပေါက်ဒေသမှ ကရင်ပြည်နယ် မြိုင်ကလေး ဘိလပ်မြေစက်ရုံသို့ ဆက်သွယ်ထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် အောက်တိုဘာ(၁၇)ရက်နေ့က မွန်ပြည်နယ်မုဒုံမြို့ ကွမ်လှာရွာ အနောက်ဘက် ပင့်နှိုပ်တံတားအနီးတွင် ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူ မရှိခဲ့သော်လည်း ပေါက်ကွဲသည့်နေရာတွင် လူတရပ်စာခန့်နက်သောတွင်းကြီး ဖြစ်သွားခဲ့ပြီး ပိုက်လိုင်းတလျှောက် စိုက်ပျိုးထားသော စပါးကေအတော်များများ ပျက်စီးခဲ့သည်ဟု ဆိုသည်။ အဆိုပါပေါက်ကွဲမှုမှ ထွက်ပေါ်လာသော ဓာတ်ငွေ့အနံ့ဆိုးများမှာလည်း ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ပျံ့နှံ့သွားသည်ဟု ဆိုသည်။

ဒေသခံများအဆိုအရ ယခုလို ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုမျိုး (၂)ကြိမ် ဖြစ်ပွားခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် တကြိမ်နှင့် ယခုနှစ် ဖေဖော်ဝါရီလ(၈)ရက်နေ့တွင် တကြိမ် ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ မကြာခဏ ပေါက်ကွဲမှုများဖြစ်ပွားနေသည့်အတွက် ပိုက်လိုင်းဖြတ်သွားရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်းရှိ ဒေသခံပြည်သူများမှာ ဓာတ်ငွေ့ပိုက်လိုင်းအန္တရာယ်ကို စိုးရိမ်ကြောင့်ကြနေကြရကြောင်း သိရှိရသည်။ ❖

## တနင်္သာရီတိုင်းတွင် တရုတ်စစ်လက်နက်များအစား အိန္ဒိယလုပ်များဖြင့် အစားထိုး

**အောက်တိုဘာ၊ (၁၅)ရက်။[ဒီဗွီဘီ]**

နအဖစစ်တပ်က တနင်္သာရီတိုင်း ကော့သောင်ခရိုင်အတွင်း လက်ရှိအသုံးပြုနေသည့် တရုတ်နိုင်ငံလုပ် စစ်လက်နက်များအား အိန္ဒိယနိုင်ငံလုပ်များဖြင့် အစားထိုးသုံးစွဲရန် ပြင်ဆင်နေကြောင်း သိရသည်။

အဆိုပါစစ်လက်နက်များအား ရန်ကုန်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ လွှန်ခဲ့သော ဇူလိုင်လကတည်းက ကြိုတင်ပို့ဆောင်ထားခဲ့ခြင်းဖြစ်ပြီး ကော့သောင် အမှတ်(၃) စစ်ဗျူဟာ ရုံးချုပ်လက်အောက်ခံ ရှေ့တန်းရေတပ်စခန်းများအပါအဝင် ပင်လယ်ဘက်ရှိ လက်နက်ကြီးစခန်း (၁၁)ခုနှင့် နယ်စပ်ရှိ လက်နက်ကြီးစခန်း (၁၀)ခုတို့မှ တရုတ်နိုင်ငံလုပ်လက်နက်များဖြစ်သည့် (၅၇-မမ) ဒုံးပစ်လောင်ချာများ၊ (၈၃-မမ) အကြီးတန်းလေယာဉ်ပစ် စက်သေနတ်များကို ဝန်တင်တန်ချိန် (၃၀၀၀) သယ်ဆောင်နိုင်သည့် သင်္ဘောများဖြင့် လိုက်လံသိမ်းဆည်းနေကြောင်း သိရသည်။ ထိုသိမ်းဆည်းလိုက်သည့် လက်နက်များအစား ဇူလိုင်လက ရန်ကုန်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပို့ဆောင်ခဲ့သော အိန္ဒိယနိုင်ငံလုပ် စစ်လက်နက်များဖြင့် တပ်ဆင်သုံးစွဲသွားမည်ဟု သိရသည်။

အဆိုပါ လက်နက်ပြောင်းလဲတပ်ဆင်မှုများကို ကော့သောင်ခရိုင်အတွင်းသို့ အောက်တိုဘာ (၈)ရက်နေ့က ရောက်ရှိလာသည့် ကမ်းရိုးတန်းစစ်ဒေသတိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က ကိုယ်တိုင် ကြပ်မတ်ညွှန်ကြားနေခြင်းဖြစ်ကြောင်း သိရသည်။ ❖

## စစ်အာဏာရှင်စနစ်အဆုံးတိုင်ပျက်သုဉ်းရေး ဖို့ဝိန်းညီလာခံက မဟာဗျူဟာရေးဆွဲပြီ

**အောက်တိုဘာ၊ (၁၃)ရက်။**

အမေရိကန်ပြည်ထောင်စု အင်ဒီယားနားပြည်နယ် ဖို့ဝိန်းမြို့တွင် မြန်မာ့ဒီမိုကရေစီအင်အားစုများက စစ်အာဏာရှင်စနစ် နိဂုံးချုပ်ရေးအတွက် ရည်မှန်းချက်(၅)ရပ်ပါရှိသည့် မြန်မာနိုင်ငံဒီမိုကရေစီ ရရှိရေး လမ်းညွှန်အစီအစဉ် ချမှတ်ရေး ဆွေးနွေးပွဲကြီးကို အောက်တိုဘာ(၁၁)ရက်နေ့မှ (၁၂)ရက်နေ့အထိ (၂)ရက်ကြာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကြီးအား စစ်အာဏာရှင်စနစ် နိဂုံးချုပ်ရေးအတွက် မဟာဗျူဟာရေးဆွဲရေး၊ တိုင်းရင်းသားများအကြား ပိုမိုခိုင်မာသည့် စည်းလုံးညီညွတ်မှု တည်ဆောက်ရေး၊ ပညာရေး ကိုယ်ပိုင်ရန်ပုံငွေ ထူထောင်ရေး၊ စစ်အုပ်စုအပေါ် နိုင်ငံတကာ ဖိအားပေးမှုများ ပိုမိုမြှင့်တင်နိုင်ရေးနှင့် ပြည်တွင်းပြည်ပ ဒီမိုကရေစီလှုပ်ရှားမှုများ၏ ရှေ့လုပ်ငန်းစဉ်များကို အသေးစိတ် ချမှတ်ခဲ့ကြသည်။

ထိုဆွေးနွေးပွဲကြီးမှနေ၍ လက်ရှိ ကြုံတွေ့နေရသည့် မြန်မာ့နိုင်ငံရေးအခြေအနေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ရောက်ရှိရေးအတွက် ကြိုးပမ်းရန်နှင့် အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်နှင့် ကွန်ဂရက်လွှတ်တော်တို့တွင် အကူအညီတောင်းခံရန်၊ ပြည်ပတွင် ရောက်ရှိနေကြသည့် နအဖစစ်ဗိုလ်ချုပ်ကြီးများ၏ သားသမီးများကို ဖော်ထုတ်အရေးယူနိုင်ရေးအတွက် စာရင်းတင်သွင်းရန်၊ အမေရိကန်ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုကို ချိုးဖောက်နေသည့် စီးပွားရေးကုမ္ပဏီများအား ဖော်ထုတ်ရန်၊ တချိန်တည်းတွင် မြန်မာသံရုံးကို အခွန်မပေးဆောင်ရန် ဆုံးဖြတ်ချက်များကိုလည်း ချမှတ်ခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးကြီးနှင့် ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ(NCGUB) ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက ပြောကြားခဲ့ရာ၌ အစည်းအဝေးတွင် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး အနာဂတ်တွင် ဖယ်ဒရယ်ပြည်ထောင်စုပုံစံနှင့် တိုင်းပြည်ကို ပြန်လည်တည်ဆောက်သွားရန် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ကြကြောင်း ပြောဆိုခဲ့သည်။

ထိုဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်နိုင်ရေးအတွက် အလုပ်အဖွဲ့တခု ဖွဲ့စည်းခဲ့ကြောင်းကိုလည်း ဝန်ကြီးချုပ်က ပြောကြားသွားခဲ့သည်။

ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရနှင့် မြန်မာနိုင်ငံအမျိုးသားကောင်စီတို့မှ ခေါင်းဆောင်များ၊ ပြည်ပရောက်အတိုက်အခံများ၊ ဩစတြေးလျ၊ ဂျပန်၊ ထိုင်း၊ ကနေဒါနိုင်ငံတို့မှ မြန်မာ့အရေးလှုပ်ရှားနေသူများနှင့် အမေရိကန်ပြည်ထောင်စုတဝှမ်းရှိ ဒီမိုကရေစီအဖွဲ့အစည်းများမှ စုစုပေါင်း လူ(၃၀၀)ကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ❖




ဖို့ဝိန်းညီလာခံသို့ တက်ရောက်လာကြသူများ




**ဝင်းတင့်ထွန်း**

(၁)

ငယ်ငယ်တုန်းက ကလေးလေးတွေကို ဝတ်ဆင်ပေးတတ်ကြတာက ငွေခြေကျင်း။ ခြေကျင်းမှာ တချို့ဆိုရင် ခြူလေးတွေတောင် ဆွဲလို့။ ကလေးက လေးဘက်ထောက်ပြီး ပြေးလွှားဆော့ကစားရင်ပဲဖြစ်ဖြစ် မတ်တပ်လျှောက်တတ်ပြီး ဟိုဟိုဒီဒီ သွားလာလှည့်ပတ်ပျော်မြူးရင်ပဲဖြစ်ဖြစ် ခြေကျင်းနဲ့ ခြူသံဟာ တလွင်လွင် လွင်နေတတ်တယ်။ ကြည်နူးစရာပေါ့။ ကလေးဘယ်နားရောက်နေသလဲဆိုတာကိုလဲ လွယ်လွယ်ကူကူ ရှာဖွေနိုင်တာပေါ့။ တကယ့်ကို မြူခြူသံ။

နည်းနည်းအရွယ်ရောက်လာတော့ အငြိမ့်ပွဲတွေ မကြာမကြာ ကြည့်ဖူးတယ်။ အငြိမ့်မင်းသမီးတွေ တော်တော်များဟာ ခြေကျင်းလေးတွေနဲ့ ရွှေခြေကျင်း၊ တချို့ဆိုရင် တဖက် နှစ်ကွင်းသုံးကွင်း။ မင်းသမီးရဲ့ ပြန့်ထမိ ထမိနားခတ်ခတ်ပြီး သွက်သွက်လက်လက် ‘က’လိုက်တဲ့အခါ ရွှေခြေကျင်းလေးတွေက ဝင်းခနဲ ဝင်းခနဲ။ ဆိုင်းချက်စည်းဝါးနဲ့အတူ ခြေကျင်းသံလွင်လွင်ကလဲ ကကွက်ထဲမှာ ပေါင်းစပ်စီးမျောလို့။ အနုပညာမြောက်နေလိုက်တာ။ ခြေမှာစကားလက်ဖျား ကဗျာပေါ့။

အဖေတို့ခေတ်က နာမည်ကြီး အငြိမ့်မင်းသမီးတလက်ဟာ မြခြေကျင်းမငွေမြိုင်တဲ့။

ဇာတ်ပွဲထဲက ဇာတ်ဝင်ခန်းတခန်းမှာပါတဲ့ ခြေကျင်းကတော့ သိပ်မကောင်း။ “ကြေးတိုက်သွင်း ခြေကျင်းခေတ်စေ”တဲ့။ ကြေးတိုက်ဆိုတာ ထောင်ပေါ့၊ တိုက်ပေါ့။ ပဒေသရာဇ်ဧကရာဇ်မင်းရဲ့ သံလျက်ကြီးမြှောက်ပြီး ခပ်ထန်ထန် ပြောလိုက်သံဟာ တွေ့ရာဖိနပ်စုတ် ဒါမှမဟုတ် ပြောင်းဖူးရိုးနဲ့ မျက်နှာလှမ်းပေါက်ချင်စရာပေါ့။ ဝန်ကြီး၊ ဝန်ကလေး၊ ပုဏ္ဏား ဒါမှမဟုတ် အာဏာပါးကွက်သား စတဲ့ ဘုရင်အပါးက ကပ်ဖားရပ်ဖား မျက်နှာလိုအားရ ဂုံးရပ်များကလဲ စီရင်ချက်ချခံရသူမင်းသား ဒါမှမဟုတ် သူတော်ကောင်းကို အတင်းပတင်း ကြမ်းကြမ်းတမ်းတမ်း ဆွဲကြ လွဲကြ ထိုးကြ နှက်ကြ ကန်ကျောက်ကြပေါ့၊ ဘယ်လိုမှ မလှပ။

တချိန်က မန္တလေးသူလေးတွေရဲ့ ရွှေခြေကျင်းကျတော့လဲ အင်မတန် လှနေပြန်တယ်။ စက်ဘီးနင်းလိုက်တိုင်း ရွှေခြေကျင်းလေးတွေက သလုံးသားဝင်းဝင်းလေးတွေကို အရောင်တင်ပေးနေသလို။ မျက်စေ့ပသာဒဖြစ်စရာ မန်းရိုးရာအလှတမျိုးပေါ့။ ကျနော်တို့ ငယ်ငယ်က ခေတ်စားခဲ့ဖူးတဲ့ အဆိုတော် သန်းထွန်းလေးရဲ့ မွေးဌာနီထဲမှာတောင် “စက်ဘီးလေးတွေ စီးကာကိုယ်စီ ရွှေခြေကျင်းနဲ့ ဝါဝင်းလို့တာ”လို့ ဟစ်ကြွေးသီကျူးခဲ့သေးတယ် မဟုတ်လား။

အဲဒီလို ငွေခြေကျင်း၊ မြခြေကျင်း၊ ရွှေခြေကျင်းတို့က ကြည်နူးစရာ မျက်စေ့ပသာဒဖြစ်စရာ မွေ့လျော်ဖွယ်ရာ ကောင်းသလောက် သံခြေကျင်းကတော့ အကျည်းတန်လွန်း ကြမ်းတမ်းလွန်း၊ ရိုင်းပျလွန်းလှပါတယ်။ သံခြေကျင်းဟာ ပုံသဏ္ဍာန်သာ စက်ဆုပ်ရွံရှာဖွယ်ရာ ကောင်းတာမဟုတ်၊ အနှစ်သာရသဘောကလဲ အင်မတန် မုန်းတီးဖွယ်ကောင်းပါတယ်။

အလှတန်ဆာအဖြစ် ကိုယ့်ဟာကိုယ် မြတ်မြတ်နိုးနိုး တပ်ဆင်ထားတဲ့ ခြေကျင်းနဲ့၊ ဘဝကြမ္မာအဖြစ် သူတပါးက ရက်ရက်စက်စက် တပ်ဆင်ပေးထားတဲ့ ခြေကျင်းဟာ ဘယ်လိုလုပ်ပြီး တူနိုင်ပါ့မလဲ။ ပုံသဏ္ဍာန်ရော အနှစ်သာရပါ ဖြောင့်ဖြောင့်ကြီးကို ဆန့်ကျင်ခြားနားနေခဲ့တယ်။ အလှခြေကျင်းက ဝတ်ဆင်ထားသူကိုသာမက ကြည့်မြင်ရသူကိုပါ စိတ်ကြည်နူးစေသလောက်၊ ဘဝခြေကျင်းကတော့ ဝတ်ဆင်ထားခြင်းခံရသူကိုသာမက ကြည့်မြင်ရသူကိုပါ စိတ်နှလုံး မချမ်းမမြေ့ ဖြစ်စေတယ်။ ယဉ်ကျေးမှုနဲ့ အမှတ်အသားနဲ့ ရိုင်းစိုင်းမှုရဲ့ အမှတ်အသားကို ‘ခြေကျင်း’ ဆိုတဲ့ တူညီဝေါဟာရတလုံးတည်းပေါ်မှာ ဘာကြောင့် အတူတူရပ်တည်စေခဲ့ရတာလဲ။

ငယ်ငယ်တုန်းက ခြေကျင်းမဝတ်ခဲ့ရဘူးပဲ ညီမလေးတွေ ခြေကျင်းဝတ်တာကိုသာ မြင်တွေ့နေခဲ့ရဖူးတဲ့ ကျနော်ဟာ ကြီးမှ ခြေကျင်းဝတ်ခံနေရတာကတော့ တော်တော်ကို အမြီးအမောက်မတည့်တဲ့ကိစ္စကြီးပါပဲ။ အမြီးအမောက်မတည့်တာလဲ မပြောနဲ့လေ။ ဖင်မှန်းခေါင်းမှန်းမသိတဲ့ ကောင်တွေက သူတို့ကိုယ်သူတို့ ‘အစိုးရ’လို့ မြိန့်မြိန့်ကြီး ကြေညာသတ်မှတ်ပြီး၊ သူတို့ထင်သလို ရမ်းကားယုတ်မာတာတွေကို ‘ဥပဒေ’လို့ ခေါ်တွင်စေပြီး မတော်မတရား လုပ်ဆောင်ခဲ့ကြတာပဲ။

> ငယ်ငယ်တုန်းက ခြေကျင်းမဝတ်ခဲ့ရ ဖူးပဲ ညီမလေးတွေ ခြေကျင်းဝတ်တာကိုသာ မြင်တွေ့နေခဲ့ရဖူးတဲ့ ကျနော်ဟာ ကြီးမှ ခြေကျင်းဝတ်ခံနေရတာကတော့ တော်တော်ကို အမြီးအမောက်မတည့်တဲ့ကိစ္စကြီးပါပဲ။ အမြီးအမောက်မတည့်တာလဲ မပြောနဲ့လေ။ ဖင်မှန်းခေါင်းမှန်းမသိတဲ့ ကောင်တွေက သူတို့ကိုယ်သူတို့ ‘အစိုးရ’လို့ မြိန့်မြိန့်ကြီး ကြေညာသတ်မှတ်ပြီး၊ သူတို့ထင်သလို ရမ်းကားယုတ်မာတာတွေကို ‘ဥပဒေ’လို့ ခေါ်တွင်စေပြီး မတော်မတရား လုပ်ဆောင်ခဲ့ကြတာပဲ။

လောကကြီး (၃)ပါးမှာတောင် ဗုဒ္ဓဘုရားရှင်က အနတ္တ အစိုးမရလို့ ပြောထားတာကို ကိုယ့်ကိုယ်ကို အစိုးရလို့ ထင်ရုံမက အရှက်မဲ့မဲ့နဲ့ အစိုးရဆိုတဲ့ ဝေါဟာရကို ခပ်ပြောင်ပြောင် ရေလဲအမျိုးမျိုးနဲ့ ကြေညာသုံးစွဲနေတဲ့ကောင်တွေပဲ။ ဘယ့်လောက် အမြီးအမောက် မတည့်တာဖြစ်ဖြစ် လုပ်တော့မှာပေါ့။ ကိုယ့်ဟာကိုယ် လက်နက်အားကိုးနည်းနဲ့ အတင်းပတင်း အာဏာသိမ်း လုယက်ပြီး တက်လာခဲ့တဲ့ကောင်တွေက ‘တရားဥပဒေ’ဆိုတာကို ခပ်တည်တည် အော်ဟစ်နေတာကိုက ဒီကောင်တွေ ဘယ့်လောက် သောက်ရှက်နဲ့သလဲဆိုတာ ဖော်ပြပေါ်လွင်နေပြီးပဲ။

ခက်တာက အဲဒီလိုကောင်တွေရဲ့ ထင်သလို ရမ်းကားလုပ်ဆောင်မှုကို တဖက်သတ်ခံနေရတာကိုက သေသေချာချာ စဉ်းစားကြည့်ရင် အင်မတန် မခံချင်စရာကောင်းတယ်။ ရင်နာစရာလဲကောင်း ကြေကွဲစရာလဲ ကောင်းတယ်။

ပထမဆုံး ခြေကျင်းခတ်ခံရတာက ရုံးထွက်အဖြစ် ခြေကျင်းခတ်ခံရတာ။ ထောက်လှမ်းရေးမှူးချုပ်ဆိုတဲ့ အကုသိုလ်တာဝန်ခံ ဘိုနီ၊ ပြည်ထဲရေးဝန်ကြီးဖြစ်လာတော့ (၁၉၇၁ လား၊ ၇၂ လား မသိပါဘူး၊ အဲဒီအကုသိုလ်ရဲ့ အကုသိုလ်ပြန်တမ်းရက်စွဲ ကောင်းကောင်းကန်းကန်းလုပ်ပြီး မှတ်သားမထားမိပါဘူး) ပြည်ထဲရေးဌာနအောက် ရှိတယ်ဆိုတဲ့ အကျဉ်းထောင်ဥပဒေဆိုတာကို တိုးတာ ချဲ့တာ လုပ်သတဲ့။ အကုသိုလ်ပါဆိုမှ ဘယ့်နှယ် ကောင်းတာမွန်တာတော့ တိုးပါ့ ချဲ့ပါ့မလဲ။ မကောင်းတာကိုပဲ မကောင်းတဲ့ရည်ရွယ်ချက်နဲ့ ထပ်တိုးတာပေါ့။ ထောင်ထဲမှာ ထောင်သားပဲရှိတယ်။ နိုင်ငံရေးသမာဆိုတာ မရှိဖို့ ဘာဖို့ဆိုတာ အဲဒီကာလမှာ တဆင့်တိုး တံခွန်ထူပြီး ထွက်လာတာပေါ့။ အဲဒီလို ညစ်ညစ်ပတ်ပတ် တဆင့်တိုးဖိနှိပ်ရေး ပြဋ္ဌာန်းသတ်မှတ် စီစဉ်ချက်တွေထဲမှာ အကျဉ်းသားတယောက်၊ ပြစ်ဒဏ်စီရင်ထားခြင်းခံရသူ ရာဇဝတ်သားတယောက် နောက်မှုရှိသေးလို့ နောက်မှုအတွက် တရားရုံးထုတ် ရုံးထွက်ရမယ်ဆိုရင် ခြေကျင်းခတ်ပြီး ထုတ်စေထွက်စေဆိုတာ တခုအပါအဝင်ပေါ့။

ဖြစ်ချင်တော့ ကျနော့်မှာ ထောင်ထဲဆွဲအသွင်းခံရပါတယ်ဆိုတဲ့အထဲ ဂုဏ်ထူးကနှစ်ခုထပ်နဲ့။ ထောက်လှမ်းရေးဆိုတဲ့ ကောင်များရဲ့ မေတ္တာတုံးကြီးကြီးကို ဟီးတိုက်ပြီး အပို့ခံရတဲ့ ကျနော်ဟာ အမှုနှစ်မှုတပ်ပြီး အစွဲခံရတယ်။ နှစ်မှုစလုံးဟာ ၅/ည။ တမှုက ရန်ကုန်အတွက်၊ တမှုက ပဲခူး တောင်ငူ အတွက်တဲ့။ ကာလတခုတည်းအတွင်းမှာ နိုင်ငံရေးအဖွဲ့အစည်းကလဲ တခုတည်း၊ နိုင်ငံရေးလှုပ်ရှားမှုကလဲ တခုတည်း ဖြစ်ပါလျက်နဲ့ နှစ်မှုခွဲပြီး ရုံးတင်တရားစွဲဆိုတာ ဖြစ်ပါတယ်။ ပဲခူးတောင်ငူမှုက ထောင် (၅)နှစ်ချပြီးတဲ့အခါ ရန်ကုန်မှုအတွက် တိုက်ထဲမှာ ဆက်နေရပါတယ်။ အဲဒီအမှုအတွက် ထောင်ချခံဖို့ ရုံးဆက်ထွက်ရတဲ့အခါ ကျနော်နဲ့ ခြေကျင်းဟာ ဘဝပေးကုသိုလ်ကြမ္မာအရ ဖူးစာဆုံရပါတော့တယ်။ ပထမဆုံး ခြေကျင်း ဝတ်ရတာပါ။

အံမယ်.... ရွှေခြေကျင်း၊ ငွေခြေကျင်း၊ မြခြေကျင်း မဟုတ်ပါပဲ သံခြေကျင်းဆိုတာမှာလဲ အမျိုးမျိုးရှိသတဲ့။

ပြင်ပလောကမှာမှ လူတန်းစားအမျိုးမျိုးရှိပြီး လူတန်းစား ခွဲခြားခံရတာ မဟုတ်၊ နရသိန်လောကမှာလဲ လူတန်းစား အခွဲခံရပြီး ခွဲခွဲခြားခြား ပြုမူဆက်ဆံတယ်။ ခြေကျင်းခတ်ခံရတာချင်း အတူတူတောင် အကောင်ကြီးကြီး အမြီးရှည်ရှည်တွေ အတွက်က တမျိုး၊ ရိုးရိုးအကျဉ်းသားများ အတွက်က တမျိုးတဲ့။

ဟော.... ရိုးရိုးထဲမှာတောင်မှ အကြမ်းဖျင်းအားဖြင့် (၃)မျိုးရှိနေပြန်သတဲ့။ မန္တလေးကွင်းတဲ့၊ မော်လမြိုင်ကွင်းတဲ့၊ ရိုးရိုးကွင်းတဲ့။

မန္တလေးကွင်းဆိုတာက မန္တလေးသူတွေ ခြေကျင်းဝတ်တတ်တာကြည့်ပြီး မှည့်ထားပုံရပါတယ်။ မော်လမြိုင်ကွင်းဆိုတာကျတော့ကော၊ မော်လမြိုင်သူတွေ ခြေသလုံးတုတ်တယ်လို့ဆိုကြတယ် မဟုတ်လား။ အဲဒီတော့ မန္တလေးကွင်းထက် ပိုလဲကြီး၊ ပိုလဲတုတ်၊ ပိုလဲလေးလံတဲ့ ကွင်းမျိုးကို မော်လမြိုင်ကွင်းလို့ အမည်သညာ ပြုထားကြတယ်ဆိုပဲ။ ဟိုတုန်းက သခင်နုရဲ့ နာမည်ကြီးဝတ္ထုတပုဒ် “ရက်စက်ပါပေ့ကွယ်”ဆိုတာထဲမှာ “မင်းကို မမကြီးနဲ့ ပေးစားရမှာပဲ”ဆိုရင် မမကြီးလို့ နာမည်ပေးထားတဲ့ အင်မတန်လေးလံလွန်းတဲ့ ကျောက်ဆုံကြီးနဲ့ တွေ့ပေးပြီး လူကို ဆုံလှည့်ခိုင်းသတဲ့။ အဲဒါက အင်္ဂလိပ်ခေတ် နယ်ချဲ့သမားရဲ့ ထောင်တွင်း ရက်စက်ယုတ်မာမှု တခုပေါ့။

‘ဗြဟ္မစိုရ်တရား ထွန်းကားတဲ့ မြန်မာ့ဆိုရှယ်လစ် လူ့ဘောင်သစ်သို့’လို့ မိုးတလုံးလေတလုံး ကြွေးကြော်နေတဲ့ မဆလခေတ်ကြီးထဲကျတော့ ကိုလိုနီခေတ်ကတောင် ရှိခဲ့ဖူးတဲ့ ‘ဘီ’ကလပ်ကို ဖျက်သိမ်းပစ်လိုက်ရုံမက ထောင်ထဲမှာ နိုင်ငံရေးသမားဆိုတာ မရှိရတဲ့။ နောက်မှုထွက်ရင် ခြေကျင်းခတ်တဲ့။ မော်လမြိုင်သူနဲ့ ပေးစားလိုက်လို့ ဆိုရင်တော့ ရောမ ခြေကျင်းတုတ်တုတ်ကြီးနဲ့ ညားရပါလိမ့်မယ်။

ခြေကျင်းခတ်ခံရပြီဆိုရင် ဘယ် ခြေကျင်းမျိုးခတ်ခတ် ခြေကျင်းချည်း ဘယ်ဟုတ်လိမ့်မလဲ။ ခြေကျင်းနဲ့ တဆက်တည်း မိတ်ဖက်တန်ဆာ ဒွါဒရာတွေလဲ အပိုဆုအဖြစ် မလွဲမသွေ ပါလာပါတယ်။ ခြေကျင်းတဖက်စီမှာတင် တဆက်တည်း ကွင်းဆက်သံကွင်းတိုက နှစ်ခု၊ အဲဒီသံကွင်းဆက်နှစ်ခုနဲ့ တဆက်တည်း သံချောင်းကြီးက တပေနီးပါး၊ အဲဒီနောက် ထိပ်ဆုံးမှာမှ နောက်ထပ် သံကွင်းဆက် လက်ကိုင်နှစ်ဖက် ပေါင်းလိုက်ရင် အနည်းဆုံး နှစ်ပိဿာခွဲ သုံးပိဿာလောက် ရှိနိုင်တယ်။

ခြေကျင်းခတ်ပုံခတ်နည်းကလေးကလဲ အင်မတန် ယဉ်ကျေးလှပါတယ်။ ပန်းပဲထုတဲ့ ပေခုံပေါ် ခြေထောက်ကို အလျားလိုက် တင်ပေးလိုက်ရတယ်။ လူက မြေပြင်ပေါ် ဖင်ချထိုင်ထားရပြီး ခြေထောက်အစုံကို ဆန့်ပေးထားလိုက်ရတာ။ ကိုးရို့ကားရားမလုပ်နဲ့ ခြေလှုပ်လို့ကတော့ ခြေထောက် တူစာ ဖြစ်သွားနိုင်တဲ့ အနေအထားမျိုး။

ဟနေတဲ့ သံခြေကျင်းကြီးကို ခြေထောက်ပေါ် ထပ်ပြီးတဲ့အခါ ပေခုံပေါ် အဆင်သင့် တင်ပေးပြီးသား ဖြစ်တဲ့အခါ ပန်းပဲထုတဲ့ သံတူကြီးကို မြှောက်မြှောက်ပြီး ထုနေပုံဟာ တချက်လောက် ချော်ထုမိလို့ကတော့ ခြေသလုံးရိုး ထက်ပိုင်း ကျိုးသွားနိုင်တယ်။ ကျနော့်မှာ အငြိမ်သက်ဆုံး ငြိမ်ပေးနေရရင်း မောင်မင်းကြီးသား ခြေကျင်းခတ်တာဝန်ခံအကျဉ်းသားကို မေတ္တာပို့ပြီး နေရတယ်။ မောင်မင်းကြီးသားက ပစောက်ပုံ ဖြစ်နေတဲ့ သံခြေကျင်းကို ဝလုံးပုံသဏ္ဍာန်ဖြစ်အောင် ဟိုဖက်စွန်းက ထုလိုက် ဒီဖက်စွန်းက ထုလိုက်နဲ့၊ ဟိုဖက် ဒီဖက် ဝက်ပိုးဆက် ဆက်မိသွားမှ နှစ်ဖက်စွန်းက အပေါက်သေးသေး ဟပ်မိထပ်မိသွားမှ သံစထည့်ပြီး လေးဇစ်ရိုက်တယ်။

ဆက်လက်ဖော်ပြပါမည်

## တောင်ငူလွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့် ထောင်တွင်းတွင် ကျန်းမာရေးအခြေအနေဆိုးဝါးနေ

**အောက်တိုဘာ၊ (၉)ရက်။[ဒီဗွီဘီ]**

ထောင်ဒဏ် (၇)နှစ် ကျခံနေရသည့် ပဲခူးတိုင်း၊ တောင်ငူမြို့နယ် အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်သည် ကျန်းမာရေးအခြေအနေ အလွန်ဆိုးဝါးနေသောကြောင့် ထောင်အချုပ်ဆေးရုံတွင် ဆေးကုသမှုခံနေရကြောင်း သိရသည်။

ဦးအောင်စိုးမြင့်သည် ဆီးချိုရောဂါအခံရှိသူဖြစ်ပြီး ထောင်းတွင်းရရှိသောအနာများကြောင့် သတိလစ်သည်အထိ ရောဂါဆိုးဝါးလာသဖြင့် ယခုလို ဆေးဝါးကုသခံယူရခြင်းဖြစ်သည်ဟု သူ၏ မိသားစုဝင်များမှ ပြောကြားသွားကြောင်း သိရသည်။

ဦးအောင်စိုးမြင့်သည် လွန်ခဲ့သော ဩဂုတ်လ(၂၉)ရက်နေ့က မိန်းကလေးငယ်တဦးအား ဆိုင်ကယ်တိုက်မိရာမှ ယခုလို ထောင်ဒဏ်ကျခံရခြင်းဖြစ်သည်။ အတိုက်ခံရသည့် မိန်းကလေးက ၎င်းဘက်မှ မှားသဖြင့် အမှုမဖွင့်လိုကြောင်း တရားရုံးအထိ လာရောက်ဝန်ခံသော်လည်း အာဏာပိုင်များက ပုဒ်မအမျိုးမျိုးတပ်ပြီး ယခုလို မတရားစီရင်အပြစ်ပေးခဲ့ကြောင်း သိရသည်။ ❖

# သတင်းတိုထွာ

## အားလုံးပါဝင်နိုင်ပါတယ် ဆိုပေမယ့် ...

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ အာစီယံထိပ်သီးဆွေးနွေးပွဲတက်ရန် ရောက်ရှိလာသည့် နအဖ ဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီးက နအဖ၏ လမ်းပြမြေပုံအရ ကျင်းပမည့် အမျိုးသားညီလာခံတွင် အားလုံးပါဝင်နိုင်အောင် စီစဉ်ထားပါတယ်ဟု အာရ်အက်ဖ်အေကို ပြောကြားသွားသည်။ သို့ရာတွင် အဲန်အယ်လ်ဒီနှင့် တိုင်းရင်းသာနိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ အဆိုအရ နအဖက မိမိတို့ကို ဘာမှအကြောင်းကြားထားခြင်း မရှိသလို တစုံတရာ အသိပေးခြင်းလည်း မရှိကြောင်း ပြောကြားခဲ့ကြသည်။ ❖

## လွှတ်တော်ကိုယ်စားလှယ်၏ နာရေးကြော်ငြာ ဆင်ဆာထိ

ယခုလ(၂၂)ရက် ဗုဒ္ဓဟူးနေ့က ကွယ်လွန်သွားခဲ့သူ ပဲခူးတိုင်း သာယာဝတီမြို့နယ် အမှတ်(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးစံဝင်း၏ ဈာပနကို သောကြာနေ့က ရန်ကုန် ရေဝေးသုဿန်တွင် ပြုလုပ်ပြီးစီးခဲ့သည်။ ဈာပနသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခွင့် မရသော်လည်း အခြားအဖွဲ့ချုပ်ဝင် အများအပြား တက်ရောက်နိုင်ခဲ့ကြသည်။ ဦးစံဝင်း၏ သတင်းစာ နာရေးကြော်ငြာတွင် 'ဇေယျကျော်ထင် ဒုဗိုလ်မှူးကြီးစံဝင်း(ငြိမ်း) ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး'ဟူ၍ ဖော်ပြခဲ့သော်လည်း အဖွဲ့ချုပ်၏ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ဖော်ပြခွင့်ကို ဆင်ဆာဖြတ်ခံခဲ့ရသည်။ ❖

## ကမ္ဘာ့အငယ်ဆုံး နိုင်ငံရေးအကျဉ်းသားလေးရဲ့ကံ

အာဏာပိုင်များအား မချေမခံ ပြန်လည်ပြောဆိုမှုနှင့် ထောင်ဒဏ် (၂)နှစ် ချမှတ်ခြင်းခံနေရသည့် မစန်းစန်းမော်သည် ယခုလ (၅)ရက်နေ့ နံနက်ပိုင်းတွင် အင်းစိန်ဆေးရုံ၌ သားမောင်အောင်းဆန်းအိုးဝေကို မွေးဖွားခဲ့သည်။ မွေးဖွားပြီး နောက်တရက်တွင် မိခင်ရော ကလေးကိုပါ အာဏာပိုင်များက အင်းစိန်ထောင်သို့ ပြန်လည်ပို့ခဲ့သည့်အတွက် မောင်အောင်ဆန်းအိုးဝေသည် ကမ္ဘာ့အသက်အငယ်ဆုံး နိုင်ငံရေးအကျဉ်းသမားအဖြစ် သတင်းဌာနများက ဖော်ပြခြင်း ခံခဲ့ရသည်။ အောက်တိုဘာ(၁၆)ရက်နေ့တွင် မောင်အောင်ဆန်းအိုးဝေနှင့် မိခင် မစန်းစန်းမော်ကို နအဖက ပြန်လွှတ်ပေးခဲ့သည်။ ❖

## ဘိုးဘွားပိုင်မြေအတွက် အသေခံကာကွယ်

ရေစကြိုမြို့နယ်တွင် တမာတန်းမြို့သစ် တည်ဆောက်မည့် အစီအစဉ်ဖြင့် ဒေသခံတို့၏ ထန်းတောများကို အာဏာပိုင်များက ဘူဒိုဇာများနှင့် ဖျက်ဆီးပြီး အဓမ္မသိမ်းယူခဲ့သည့်အတွက် စက်တင်ဘာ(၂၁)ရက်နေ့က အမျိုးသမီးအချို့က အသက်နှင့်ရင်း၍ ဆန္ဒပြခဲ့ကြသည်။ အာဏာပိုင်များက ထန်းပင်များကို ဘူဒိုဇာနှင့် ထိုးလှဲနေစဉ် ထန်းသမားတဦး၏ ဇနီးဖြစ်သူ မနွဲ့ရီက ထန်းပင်ကို ဖက်တွယ်ထားပြီး အသေခံမည်ဟု ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ အာဏာပိုင်များက မြို့ကွက်သစ် ဖော်ထုတ်ပြီး မြေကွက်များ ရောင်းစားနေသည့်အတွက် ယခုလို အသေခံဆန္ဒပြခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ❖

## ကြံ့ဖွံ့ ပါတီဖြစ်တော့မည်

စက်တင်ဘာ(၁၇)ရက်နေ့က ပြုလုပ်သည့် မွန်ပြည်နယ် ကြံ့ဖွံ့နှစ်ပတ်လည် အစည်းအဝေးတွင် ပြည်နယ်အတွင်းရေးမှူးက ကြံ့ဖွံ့အဖွဲ့ဝင်များအား အမျိုးသားနိုင်ငံရေးပါတီအဖြစ် ရပ်တည်ရန် ပြင်ဆင်ထားကြဖို့ တရားဝင်ပြောကြားခဲ့သည်ဟု ဆိုသည်။

ကြံ့ဖွံ့အဖွဲ့သည် နအဖက ဦးစီးတည်ထောင်ထားသည့် အဖွဲ့ဖြစ်ပြီး စတင်ဖွဲ့စည်းစဉ်က လူမှုရေးသက်သက်အဖွဲ့အစည်းဖြစ်ကြောင်း နအဖက မကြာခဏ ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော် နအဖ ဝန်ကြီးချုပ်သစ်၏ လမ်းပြမြေပုံကြေညာအပြီးတွင် ရွေးကောက်ပွဲဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် ကြိုးစားနေပြီဟုဆိုသည်။ ❖

## စိုက်ပျိုးစရာမြေ မရှိတော့

နအဖ စစ်အုပ်စုက ၁၉၉၈–၂၀၀၂ ခုနှစ်အတွင်း မွန်ပြည်နယ်ဒေသခံ (၃၇၀)ဦးထံမှ ကျပ်ငွေသန်းပေါင်း (၁၃၁၁)တန်ဖိုးရှိ မြေဧကပေါင်း (၇၇၈၀)ကို အဓမ္မသိမ်းယူခဲ့သဖြင့် 'စိုက်ပျိုးစရာ မြေမရှိတော့'ဟု အမည်ပေးထားသည့် အစီရင်ခံစာတရပ်ကို မွန်ပြည်သူ့အခွင့်အရေးဖောင်ဒေးရှင်းက ထုတ်ပြန်ခဲ့သည်။ ယခုလို ဒေသခံပြည်သူများ၏ လယ်မြေများကို အဓမ္မသိမ်းယူခံရခြင်းမှာ ခါတ်ငွေ့ပိုက်လိုင်းဖောက်လုပ်ခြင်းကြောင့် အဓိကဖြစ်ကြောင်း ဖော်ပြခဲ့ပြီး မွန်ပြည်နယ် ရေးမြို့နယ်တွင် အများဆုံး သိမ်းယူခံခဲ့ရသည်ဟု ဆိုသည်။ ❖

# လယ်မြေများ အသိမ်းခံရ၍ တောင်သူကြီးများ အခက်ကြုံနေရ

**အောက်တိုဘာ၊ (၂၀)ရက်။ [ဒီဗွီဘီ]**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပလင်ကျေးရွာအုပ်စုရှိ လယ်မြေဧက(၇၀၀)ကျော်ကို ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပြုလုပ်ရန် အာဏာပိုင်များက သိမ်းယူခဲ့သောကြောင့် ဒေသခံတောင်သူဦးကြီးများ အကျပ်အတည်း ကြုံတွေ့နေရကြောင်း သိရသည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွက် ပုပ္ပလင်ကျေးရွာအုပ်စုအတွင်းရှိ ငါးရံ့ကုန်းရွာပတ်ပတ်လည်မှ လယ်မြေဧက(၇၀၀)ကျော်နှင့် တောင်ပေါ်တောင်ရွာရှိ မြေဧက(၄၀)နီးပါးကို သိမ်းယူရန် ၂၀၀၁ ခုနှစ်ကတည်းက အမိန့်ထုတ်ထားခဲ့သော်လည်း စီမံကိန်း မပြုလုပ်သေးသဖြင့် တောင်သူကြီးများက စပါးနှင့် ရာသီသီးနှံများကို စိုက်ပျိုးထားကြသည်ဟု ဆိုသည်။

သို့သော် ပြီးခဲ့သည့်ဇွန်လက ရဲရွာစီမံကိန်းသို့ လာရောက်ကြည့်ရှုသည့် လျှပ်စစ်ဝန်ကြီးက ၎င်းမြေပေါ်တွင် စိုက်ပျိုးထားသည့် သီးနှံများအား ဖျက်ဆီး၍ စီမံကိန်းစတင်ရန်အမိန့်ပေးခဲ့သဖြင့် စီမံကိန်းဝန်ထမ်းများက ထိုစိုက်ခင်းများအား ဘူဒိုဇာနှင့် ထိုးပစ်ခဲ့ကြောင်း သိရသည်။

ဒေသခံတောင်သူဦးကြီးများမှာ လယ်မြေများ သိမ်းဆည်းခံရခြင်း၊ စိုက်ထားသည့် သီးနှံစပါးများ ဖျက်ဆီးခံရခြင်းတို့အပြင် သောက်သုံးရေနှင့် လောင်စာထင်း ရှားပါးမှုများအတွက် အကြပ်အတည်းများစွာ ကြုံတွေ့နေကြရပြီး အချို့မိသားစုများမှာ အစားအစာခေါင်းပါးမှုများပင် ရင်ဆိုင်နေရကြောင်း သိရသည်။ ❖

# တပ်ရိပ်သာဆောက်ရန် မြေယာများ အဓမ္မသိမ်းယူ

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေသောင်ကမ်းခြေ၏ တောင်ဘက်မှ ရှောက်ချောင်းကျေးရွာအထိ (၄)မိုင်ခန့် ရှည်လျားသော ကမ်းခြေနေပြည်သူများ၏ ဥယျာဉ်ခြံမြေများအား တပ်မတော်ဧည့်ဂေဟာ တည်ဆောက်ရန် အကြောင်းပြ၍ မတရား သိမ်းယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဘိုးဘွားပိုင်မြေများအား မတရားသိမ်းယူနေသည့်အတွက် ဒေသခံရွာသားများက မိမိတို့အနေဖြင့် ဘိုးဘွားပိုင်မြေများမှ ဖယ်မပေးနိုင်ကြောင်း ငြင်းဆိုရာ ဗိုလ်ကြီးတဦးက မြေမှန်သမျှသည် နိုင်ငံတော်ပိုင်မြေဖြစ်ကြောင်း ပြောဆိုပြီး ထိုမြေများတွင် စိုက်ထားသည့် အုန်းပင်တပင်လျှင် (၂၅၀၀)ကျပ် ပေး၍ အတင်းအဓမ္မ သိမ်းဆည်းဖယ်ရှားခဲ့ကြောင်း သိရသည်။

ယခုအခါ မိမိတို့ ဘိုးစဉ်ဘောင်ဆက် ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ ရေလုပ်ငန်း လုပ်ကိုင်ခြင်းတို့ဖြင့် နှစ်ပေါင်းများစွာ အသက်မွေးဝမ်းကျောင်းပြုလုပ်လာခဲ့သည့် ဒေသခံရွာသူရွာသားများမှာ ထိုအဓမ္မသိမ်းပိုက်မှုကို မကျေမနပ်ဖြစ်နေကြသော်လည်း ငုံ့ခံနေကြရကြောင်း ကြားသိရသည်။ ❖

# သစ်တောများ အလွန်အမင်း ခုတ်ယူခြင်းကြောင့် ကချင်ပြည်နယ်တွင် သဘာဝဘေးများ ကြုံတွေ့ရဖွယ်ရှိနေ

**အောက်တိုဘာ၊ (၁၄)ရက်။**

မြန်မာ့သစ်တောများ အကြီးအကျယ် ပြုန်းတီးနေသည်ဆိုသည့် Global Witness အဖွဲ့၏ စွပ်စွဲချက်များသည် မှားယွင်းနေကြောင်း နအဖ ဒုနိုင်ငံခြားရေးဝန်ကြီးက ယမန်နေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် တုန့်ပြန်ပြောဆိုသွားကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်က လန်ဒန်အခြေစိုက် Global Witness အဖွဲ့က ထုတ်ပြန်သည့် မြန်မာနိုင်ငံ သစ်တောပြုန်းတီးမှု မှတ်တမ်း၌ မြန်မာ့သစ်တောများသည် ကြောက်စရာကောင်းအောင် ပြုန်းတီးနေကြောင်း ဖော်ပြခဲ့ရာ ထိုစွပ်စွဲချက်များမှာ အခြေအမြစ် မရှိကြောင်း နအဖ ဒုနိုင်ငံခြားရေးဝန်ကြီး ဦးခင်မောင်ဝင်းက သတင်းစာဆရာများအား ပြောဆိုခဲ့သည်။

၎င်းက မြန်မာ့သစ်တောဌာနသည် နှစ်ပေါင်း(၁၅၀)ကျော် အတွေ့အကြုံအရ သစ်များကို စည်းကမ်းတကျ ထုတ်ယူနေပြီး တောင်ကတုံးများ ဖြစ်သွားအောင် ခုတ်ယူခြင်းမျိုး မရှိဟု ပြောဆိုခဲ့သည်။

Global Witness အဖွဲ့ လှုပ်ရှားမှုတာဝန်ခံ မစ္စတာဂျွန်ပက်ခရိုက မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် တောင်ကတုံးဖြစ်အောင် သစ်ခုတ်မှုတို့ ရှိနေကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထိုအဖြစ်အပျက်များ မရှိသော်လည်း နယ်စပ်တလျှောက် အထူးသဖြင့် ကချင်ပြည်နယ်တွင် တောင်ကတုံးများဖြစ်အောင် ခုတ်ယူမှုများရှိနေကြောင်း ပြောကြားခဲ့သည်။ ထိုသစ်ခုတ်မှုများတွင် အများစုသည် တရုတ် သစ်ကုမ္ပဏီများဖြစ်ပြီး စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့များက ခုတ်ယူနေကြခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုလို သစ်တောများ မဆင်မခြင် ခုတ်ယူမှုများကြောင့် ကချင်ပြည်နယ်တွင် သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ်များ ကြုံတွေ့ရမည့်ဘေးကို အလွန်စိုးရိမ်နေရကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားသည်။

မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှုသည် စိုးရိမ်စရာမရှိကြောင်း နိုင်ငံခြားရေးဌာန ဒုဝန်ကြီး၏ ငြင်းဆိုချက်နှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ဒီဗွီဘီက မေးမြန်းခဲ့ရာတွင် မစ္စတာပက်ခရိုက ၎င်းတို့အဖွဲ့ရရှိထားသည့် အထောက်အထားများအရ အစိုးရက သစ်ထုတ်လုပ်ရန် လျာထားသည့်ပမာဏနှင့် အမှန်တကယ် သစ်ခုတ်ယူသည့် ပမာဏသည် အဆမတန် ကွာခြားနေကြောင်း၊ သစ်တင်ပို့ရာတွင်လည်း အစိုးရက ထုတ်ပြန်သည့် နိုင်ငံခြားသစ်တင်ပို့မှုပမာဏနှင့် အမှန်တကယ် တင်ပို့သည့်နှုန်းမှာ ကွဲပြားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် နှစ်စဉ် သစ်တင်ပို့သည့်ပမာဏ ကုဗမီတာ တစ်သန်း (၁,၀၀၀,၀၀၀)ခန့် ရှိနေသည့်အတွက် အလွန်များပြားသည့် ပမာဏဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

၎င်းက "မြန်မာနိုင်ငံက သစ်တောပြုန်းတီးမှုအကြောင်း ကျနော်တို့ ပြောနေတာက သစ်တောထိန်းသိမ်းဖို့တခုတည်း မဟုတ်ပါဘူး။ မြန်မာ့သဘာဝအရင်းအမြစ် ပြုန်းတီးရတာဟာ လက်ရှိနိုင်ငံရေး ပဋိပက္ခတွေကြောင့်ဖြစ်ပါတယ်။ ကျနော်တို့ အဓိကမီးမောင်းထိုးပြချင်တာက ကချင်ပြည်နယ်က သစ်ပင်တွေ ခုတ်လိုက်လို့ ကချင်ဒေသခံတွေဘာမှ အကျိုးမဖြစ်လာတဲ့ကိစ္စပါ။ ဒီကိစ္စကို အချိန်မနှောင်းခင် ဖြေရှင်းဖို့ လိုမယ်လို့ ယူဆပါတယ်"ဟု သတိပေး ပြောကြားသွားသည်။ ❖



ကချင်ပြည်နယ်ဒေသအတွင်း ခုတ်ယူထုတ်နေသော မြန်မာ့အဖိုးတန်သစ်များ

# ကေအဲန်အယ်လ်အေနှင့် နအဖ စစ်တပ် တိုက်ပွဲသတင်းမှတ်တမ်း



အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင်နေသော ကေအဲန်အယ်လ်အေ တပ်သားများ

**အောက်တိုဘာ၊ [ကေအဲန်ယူ]**

၃-၁၀-၀၃။ ။ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ(၇) တပ်ရင်း(၂၁)နှင့် နအဖ စစ်တပ်တို့ ကလော့ကတီရွာအနီး (၁၁း၄၅) အချိန်တွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိမှု မသိရ။

၈-၁၀-၀၃။ ။ (၁၁း၃၀)အချိန်တွင် KNLA နှင့် နအဖ ခမရ(၇၀၅)စစ်ကြောင်း(၂)တို့သည် ထီးသေထာခီးရွာတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ ဗိုလ်တဦး၊ တပ်ကြပ်တဦးအပါအဝင် (၉)ဦးသေဆုံးကြောင်း သိရသည်။ KNLA ဘက်မှ ဒဏ်ရာရရှိမှု မရှိခဲ့ပေ။

၁၁-၁၀-၀၃။ ။ ဖောမူဘောကျိုးရွာ၊ သေဘိုးကြူးရွာ၊ ပနာဒီခလီးရွာများတွင် နအဖ ခမရ(၇၀၃)တပ်ရင်းအား KNLA မှ ချုံခိုတိုက်ခိုက်ခဲ့ရာ နအဖ တပ်ကြပ် (၁)ဦးနှင့် ရဲဘော် (၁)ဦးတို့ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

၁၂-၁၀-၀၃။ ။ KNLA နှင့် နအဖ ခမရ(၇၀၃)တပ်ရင်းတို့သည် ဖောဒေညားကျိုးရွာတွင် (၃)ကြိမ်၊ ဒိုသူးကလိုးရွာတွင် တကြိမ်၊ ထီးဆံဆောအေထာရွာတွင် တကြိမ်၊ လူပလယ်ကြိုးရွာတွင် တကြိမ် ရင်ဆိုင်တိုက်ပွဲများဖြစ်ပွားခဲ့ရာ နအဖဘက်မှ တပ်ကြပ်တဦး သေဆုံးပြီး တပ်ကြပ်တဦး၊ တပ်သား (၆)ဦးနှင့် ပေါ်တာတဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပေါ်တာအား နအဖမှ ပစ်သတ်ခဲ့သည်ဟု သိရသည်။

၁၃-၁၀-၀၃။ ။ တာဒိုသူးခီးရွာ၊ ဒေးလော့ခီးရွာနှင့် တယ်မယ်ကဒါရွာများတွင် နအဖ စပ်တပ်အား KNLA မှ (၁၀း၃၀) အချိန်တွင် တပြိုင်တည်း ချုံခိုတိုက်ခိုက်ခဲ့ရာ နအဖဘက်မှ (၂)ဦး သေဆုံးပြီး၊ (၈)ဦး ဒဏ်ရာရရှိသွားသည်။

၁၄-၁၀-၀၃။ ။ KNLA နှင့် နအဖ စစ်တပ်တို့သည် တယ်မယ်ကဒါရွာအနီးတွင် တိုက်ပွဲ (၂)ကြိမ်ဖြစ်ပွားခဲ့ရာ နအဖဘက်မှ (၂)ဦးသေဆုံးပြီး (၁၅)ဦး ဒဏ်ရာရရှိသွားသည်။

၁၅-၁၀-၀၃။ ။ (၁၂း၀၀)အချိန်တွင် နအဖစစ်တပ်အား KNLA မှ မယ်ပူခီးရွာအနီးတွင် ချုံခိုတိုက်ခိုက်ခဲ့ရာ နအဖဘက်မှ ရဲဘော် (၃)ဦး ဒဏ်ရာရရှိသွားသည်။

၂၀-၁၀-၀၃။ ။ KNLA နှင့် နအဖ ခမရ(၇၀၉)စစ်ကြောင်းတို့သည် လေးဒေးရွာအနီးတွင် သုံးကြိမ်တိုင်တိုင် တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ (၃)ဦး ဒဏ်ရာရရှိခဲ့ပြီး KNLA ဘက်မှ ဒဏ်ရာမရရှိကြောင်း သိရသည်။

၂၄-၁၀-၀၃။ ။ (၉း၃၀)အချိန်တွင် KNLA နှင့် နအဖစစ်တပ်တို့ ထီးဝါးကလေထာရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ (၅)ဦး သေဆုံးပြီး၊ (၅)ဦး ဒဏ်ရာရရှိသွားသည်။ (၁၀း၀၀)အချိန်တွင် နအဖ ခမရ(၇၀၆)စစ်ကြောင်းနှင့် ဖောဒေညားကျိုးရွာအနီးတွင် ထပ်မံတိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ (၁)ဦး သေဆုံးပြီး၊ (၁)ဦး ဒဏ်ရာရရှိသွားသည်။ ❖

# အ ဟောင်း ထည် များ

လရောင်နောက် ပြေးလိုက်ခြင်းဟာ
တကယ်တော့
ဗလာဘဲ မေမေရဲ့။

အူတူတူကောင်တောင်မှ သိတယ်၊
အတုပါ
ဆင်းလာတာက။

ကျနော်တို့ ခေါင်းမော့လျှောက်တယ်
နွေဦးကိုတွေ့ဖို့
ဒါပေမယ့်
အလင်းတုတွေ မုန်းတယ်။

ဟောဒီတကြောလုံးမှာ
စိတ်ကြိုက်ရွေးရတဲ့ သမယ
ကောင်းနိုးရာရာရွေးတဲ့ထဲ
ကျနော်တို့ ထည်လဲ မဝတ်တတ်ဘူး။ ။

ပွင့်သစ်
(ကဂိုန်ကန်)

## အောင်လံမြို့ အမှတ်(၉)သကြားစက် ကုန်ကြမ်းပြတ်လပ် တောင်တွင်းကြီးမြို့မှ တောင်သူများ ကြံစိုက်ရန် အဓမ္မခိုင်းစေခံနေရ

**အောက်တိုဘာ၊ (၂၁)ရက်။[ဒီဗွီဘီ]**

မကွေးတိုင်း အောင်လံမြို့ရှိ အမှတ်(၉) သကြားစက်၌ ကြံကုန်ကြမ်း လျော့နည်းနေသဖြင့် အာဏာပိုင်တို့က တောင်တွင်းကြီးမြို့နယ်မှ ဒေသခံတောင်သူများအား ကြံမစိုက်မနေရ အမိန့်ထုတ်ထားသဖြင့် အခက်ကြုံနေရကြောင်း သိရသည်။

အထူးသဖြင့် ပြောင်းနှင့် နှမ်း အဓိကထား စိုက်ပျိုးရာ တောင်တွင်းကြီးမြို့ အရှေ့ဘက် ကင်ပွန်းတောင်ချောင်းတလျှောက်မှ ကျေးရွာများအား အဓမ္မ ကြံစိုက်ပျိုးစေခြင်းဖြစ်သည်။ ကြံထက် (၂)ဆ ဝင်ငွေကောင်းသော ပြောင်းနှင့် နှမ်း စိုက်ပျိုးနေသည့် ဒေသခံ တောင်သူများအနေဖြင့် အာဏာပိုင်တို့၏ စီမံကိန်းကို နှစ်မြို့ခြင်းမရှိကြကြောင်း သိရသည်။

အဆိုပါကျေးရွာတို့မှ ကြံစိုက်ပျိုးစေရန်အတွက် အာဏာပိုင်များက ဒေသခံတောင်သူများအား အဓမ္မ ဝန်ခံလက်မှတ်ထိုးစေခဲ့သည်ဟု ဆိုသည်။ ဒေသခံတောင်သူတဦး၏အဆိုအရ စိုက်ပျိုးချိန် (၁၂)လကြာသော ကြံစိုက်ခင်း တဧကလျှင် အစိုးရဈေး (၁)သိန်း(၂)သောင်းသာရပြီး စိုက်ပျိုးချိန် (၄)လသာကြာသည့် ပြောင်းဖူးတဧကလျှင် ကျပ်ငွေ (၁)သိန်း (၂)သောင်းရနေသည့်အတွက် မည်သူမျှ ကြံမစိုက်ချင်သော်လည်း မြေယာများ သိမ်းမည်ဟု ခြိမ်းခြောက်လာသည့်အတွက် လာမည့်(၁၀)လပိုင်း ပြာသိုလအတွင်းတွင် စတင်စိုက်ပျိုးကြရတော့မည်ဖြစ်ကြောင်း သိရသည်။ ❖

## စစ်ကိုင်းတိုင်း လေရှီးမြို့တွင် ကျောင်းသားလေးများပါ စစ်သင်တန်းတက်နေရ

**အောက်တိုဘာ၊ (၆)ရက်။[ဒီဗွီဘီ]**

ပြည်ပရန်ကာကွယ်ရေး ရည်ရွယ်ချက်ဖြင့် နအဖစစ်အစိုးရက မြန်မာနိုင်ငံအနှံ့ ပြည်သူ့စစ်သင်တန်းများကို အစိုးရဝန်ထမ်းများနှင့် ပြည်သူလူထုအား အဓမ္မတက်ခိုင်းနေရာ စစ်ကိုင်းတိုင်း၊ နာဂတောင်တန်း လေရှီးမြို့နယ်တွင် အထက်တန်းနှင့် အလယ်တန်းကျောင်းသားများပါမကျန် အတင်းအဓမ္မ တက်ခိုင်းနေကြောင်း သိရှိရသည်။

ထိုသို့သင်တန်းပို့ချရာတွင် လေရှီးမြို့နယ် ရဲအကြပ်များက ထိုမြို့နယ်အတွင်းရှိ (၈)တန်းမှ (၁၀)တန်းအထိ ကျောင်းသားများကို သစ်သားသေနတ်များဖြင့် စစ်သင်တန်းများ ပေးနေခြင်းဖြစ်သည်။ အလားတူ နာဂတောင်တန်း ဆွန်မရာဒေသနှင့် စစ်ကိုင်းတိုင်းကလေးမြို့မှ ဝန်ထမ်းများ၊ အရပ်သားများကို နယ်မြေခံရဲတပ်ဖွဲ့များက ယခုလ (၁၀)ရက်နေ့မှ စတင်၍ စစ်သင်တန်းများ အဓမ္မတက်ခိုင်းနေကြောင်း သိရသည်။

နာဂတောင်တန်းတွင် ယခုအခါ တောင်ယာစပါးရိတ်သိမ်းချိန်နှင့် အမဲလိုက်ချိန် ဖြစ်နေရာ ဒေသခံတိုင်းရင်းသားများ အခက်တွေ့နေကြရသည်။ ❖

## မြဝတီတံတားအနီး ပဟေဠိဆန်သည့် ဗုံးပေါက်ကွဲမှုဖြစ်ပွား

**အောက်တိုဘာ၊ (၇)ရက်။[ဒီဗွီဘီ]**

မြန်မာနိုင်ငံဘက်ခြမ်း ထိုင်းမြန်မာ ချစ်ကြည်ရေးတံတားထိပ်ရှိ မြဝတီ လူဝင်မှုကြီးကြပ်ရေးဂိတ်အနီး၌ အောက်တိုဘာလ (၆)ရက်နေ့ နေ့လည်ပိုင်းက ဗုံးတလုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ထိုဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုမရှိခဲ့သော်လည်း ဗုံးပေါက်ကွဲသည့်အချိန်တွင် နယ်စပ်ဖြတ်ကျော်ခွင့် လက်မှတ်လုပ်နေသူ မြန်မာနိုင်ငံသား(၄)ဦးတို့ကို ဂိတ်တာဝန်ကျ အာဏာပိုင်များက မသင်္ကာသည့်အတွက် စစ်ဆေးရန် ရိုက်နှက် ခေါ်ဆောင်သွားခဲ့သည်ဟု သိရှိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ မြန်မာစစ်အုပ်စုဘက်မှ တစုံတရာ စွပ်စွဲပြောဆိုခြင်း မရှိခဲ့သော်လည်း နိုင်ငံရေးသုံးသပ်သူများက နအဖသည် ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာဆီယံ ထိပ်သီးညီလာခံအကြိုအတိုက်အခံအင်အားစုများအား ထိုင်းအစိုးရက တင်းကြပ်စွာစောင့်ကြည့်စေရန် အချက်ပေးသည့်အနေဖြင့် ဖောက်ခွဲခဲ့ပုံရကြောင်း ဝေဖန်ခဲ့ကြသည်။ မြဝတီမြို့တွင် ယခုနှစ်အတွင်း ဗုံးပေါက်ကွဲမှု (၃)ကြိမ် ဖြစ်ပွားခဲ့သော်လည်း တကြိမ်မျှ ထိခိုက်ဒဏ်ရာရ သေဆုံးမှု မရှိခဲ့ကြောင်း သိရသည်။ ❖

## အမေရိကန်ဒဏ်ခတ်အပြီး မြန်မာနိုင်ငံ၌ ကုမ္ပဏီ(၆၀)ကျော် ပိတ်ပစ်ရ

**အောက်တိုဘာ၊ (၁၆)ရက်။**

မြန်မာနိုင်ငံအား အမေရိကန်အစိုးရမှ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှု စတင်သည့် တလအတွင်း ကုမ္ပဏီစက်ရုံပေါင်း (၆၀) ကျော် ပိတ်ပစ်လိုက်ရကြောင်း အရှေ့ဖျားဒေသ စီးပွားရေးစာစောင်တွင် ဖော်ပြထားသည်။

စက်ရုံအများစုမှာ ရန်ကုန်မြို့ လှိုင်သာယာနှင့် တောင်ဒဂုံရှိ အထည်ချုပ်စက်ရုံများဖြစ်သည်ဟုဆိုသည်။ မေ(၃၀) ဒီပဲယင်းတိုက်ခိုက်မှုနှင့် ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထားခြင်းကြောင့် အမေရိကန်အစိုးရမှ မြန်မာနိုင်ငံအား ဩဂုတ်လ(၂၁)ရက်နေ့မှစ၍ ပို့ကုန်များကို ပိတ်ဆို့ဒဏ်ခတ်ခဲ့ခြင်းဖြစ်သည်။

မကြာသေးမီက ရန်ကုန်ရှိ နိုင်ငံခြားကယ်ဆယ်ရေးအဖွဲ့တခုမှ ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် ပတ်သက်ပြီး စစ်တမ်း ကောက်ယူခဲ့ရာ စက်ရုံအလုပ်သမားပေါင်း (၆)သောင်းကျော် အလုပ်လက်မဲ့ဖြစ်နေပြီး အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း စစ်တမ်းကောက်ယူခဲ့သူ အရာရှိတဦးမှ ပြန်လည်ပြောပြခဲ့ကြောင်း အဆိုပါစီးပွားရေးစာစောင်၌ ဖော်ပြပါရှိသည်။ ❖

Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာ**
ခင်လွန်း

မိုးကြိုး သတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

## စစ်အုပ်စုက ဘာသာရေးအဓိကရုဏ်းများ ဖန်တီး
### သံဃာတော်များအပါအဝင် လူအချို့သေဆုံးခဲ့သည့်အတွက် မကျေနပ်မှုများကြီးထွားလာနေ

ပြည်တွင်း ပြည်ပတွင် ရင်ဆိုင်ကြုံတွေ့နေရသော အထွေထွေအကျပ်အတည်းများကို အာရုံလွှဲပြောင်းနိုင်ရေးအတွက် နအဖ စစ်အုပ်စုသည် ဘာသာရေးပဋိပက္ခများကို အစီအစဉ်တကျ ဖန်တီးခဲ့ရာ ယခုလအတွင်း မန္တလေး၊ ကျောက်ဆည်နှင့် ရန်ကုန်မြို့ကြီးများတွင် ဘာသာရေးပဋိပက္ခများ ဖြစ်ပွားခဲ့သည့်အတွက် သံဃာတော်(၁)ပါးအပါအဝင် လူ(၁၁)ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရမှုများနှင့် ပျက်စီးဆုံးရှုံးမှုအများအပြား ရှိခဲ့ရာ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ ပခုက္ကူ၊ မော်လမြိုင်၊ ကျောက်ဆည်နှင့် အခြားမြို့များတွင် သံဃာတော်များအား ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း သိရှိရသည်။

အောက်တိုဘာ (၁၉)ရက်နေ့ညက မန္တလေးတိုင်း ကျောက်ဆည်မြို့တွင် ဗုဒ္ဓဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအကြား ဘာသာရေးပဋိပက္ခများ ဖြစ်ပွားခဲ့သည့်အတွက် (၁)နှစ်အရွယ် ကလေးငယ်လေးတဦးအပါအဝင် လူ(၁၁)ဦး သေဆုံးခဲ့ရပြီး လူနေအိမ်နှင့် အဆောက်အဦးများ မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရသည်။

အဆိုပါပဋိပက္ခအား ထိုင်းနယ်စပ်ရောက်မြန်မာအတိုက်အခံများအပေါ် နအဖက စွပ်စွဲပြောဆိုခဲ့သော်လည်း မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မှ အသျှင်ဝီရသူကမူ အာဏာပိုင်တို့၏ စွပ်စွဲချက်သည် မဟုတ်မှန်ကြောင်း၊ ဘာသာရေးပဋိပက္ခများ ဖြစ်ပွားလာအောင် လှုံ့ဆော်နေသည့်သူများမှာ စစ်အုပ်စုတစု၏ လက်ချက်သာဖြစ်ကြောင်း၊ မန္တလေးမြို့ပေါ်တွင် တရားပွဲများကျင်းပပြီး ရှင်းလင်းဟောကြားခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဆရာတော်အား အာဏာပိုင်များက အောက်တိုဘာ(၂၇)ရက်နေ့ည တရားပွဲတပွဲ ဟောကြားရန် စီစဉ်နေစဉ် ဖမ်းဆီးခဲ့သည်။

ထိုသို့ ဆရာတော်ကို ဖမ်းဆီးခဲ့ခြင်းအတွက် မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်များဖြစ်ကြသည့် မစိုးရိမ်တိုက်သစ်၊ တိုက်ဟောင်းနှင့် မြတောင်စာသင်တိုက်တို့မှ သံဃာတော်များ မကျေမနပ်ဖြစ်ကာ ထောင်ပေါင်းများစွာသော သံဃာတော်များနှင့် မြို့ခံလူထုက ဆရာတော်အသျှင်ဝီရသူကို ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုဆန္ဒပြခဲ့ကြသည်။ သံဃာတော်များ၏ တောင်းဆိုမှုကို အာဏာပိုင်များက လိုက်လျောမှု မပြုသည့်အပြင် ပစ်ခတ်ဖြိုခွင်းခဲ့သဖြင့် သံဃာတော်(၁)ပါး ပျံလွန်တော်မူခဲ့ပြီး သံဃာ(၃)ပါး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း မန္တလေးမြို့ခံများက ပြောဆိုသည်။

ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်များအားလုံးကို အာဏာပိုင်များက ပိတ်ပစ်လိုက်ပြီး စာသင်သားသံဃာတော်များကိုလည်း နေရပ်သို့ပြန်ရန် အမိန့်ပေးခဲ့သည်။ ထို့ပြင် မန္တလေးမြို့ရှိ စာသင်ကျောင်းတိုက်များအား လုံခြုံရေး ထူထပ်စွာချထားပြီး ညမထွက်ရအမိန့် ထုတ်ပြန်ထားခဲ့သည်။ အကယ်၍ လိုက်နာမှုမရှိပါက ပစ်ခတ်မည်ဖြစ်ကြောင်း အလယ်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမိန့်ထုတ်ပြန်ခဲ့သည့်အတွက် သံဃာတော်များ၊ မြို့သူမြို့သားများအားလုံး မကျေမနပ်ဖြစ်နေကြကြောင်း မန္တလေးမြို့ခံတဦးက ပြောဆိုခဲ့သည်။

အောက်တိုဘာ(၂၅-၂၆)ရက်နေ့တွင် ရန်ကုန် သဃ်္ဃန်းကျွန်းတွင် အစ္စလာမ်ဘာသာဝင်တို့၏ နေအိမ်နှင့် ဈေးဆိုင်များအား သံဃာတုတစုက ဝင်ရောက်ကာ လူများကို ရိုက်နှက်ခြင်း၊ ပစ္စည်းများ လုယက်ဖျက်ဆီးခြင်းများ ပြုလုပ်သွားခဲ့ကြောင်းနှင့် ထိုဖြစ်ပွားမှုကြောင့် ရန်ကုန်မြို့ရှိ စာသင်တိုက်များမှ သံဃာတော်များကိုလည်း ညမထွက်ရအမိန့် ထုတ်ထားကြောင်း သိရှိရသည်။

ထို့ပြင် မကွေးတိုင်း ပခုက္ကူမြို့တွင်လည်း သံဃာတော်များက အိမ်တိုင် ယာရောက် မွတ်ဆလင်ဆန့်ကျင်ရေး စာရွက်စာတမ်းများဖြန့်ဝေမှု ပြုလုပ်ခဲ့ရာ အဆိုပါသံဃာတော်များမှာ ဒေသခံများ မဟုတ်ကြကြောင်း မြို့ခံများက ပြောဆိုခဲ့ကြသည်။

အဆိုပါအဖြစ်အပျက်များနှင့်ပတ်သက်၍ ရန်ကုန်မြို့ရှိ အစ္စလာမ်သာသနာရေးကောင်စီ ဒုဥက္ကဋ္ဌ ဦးစိုးမိုးအောင်ကလည်း ယခုဖြစ်ရပ်များသည် မသမာသူအချို့က မဖြစ်သင့်မဖြစ်ထိုက်သည့်အရာများကို ဖြစ်အောင်လုပ်ဆောင်နေခြင်းကြောင့်ဖြစ်ပြီး အဖြစ်မှန် ပေါ်ပေါက်ရန် နအဖကို တောင်းဆိုထားကြောင်း ပြောပြခဲ့သည်။

မစိုးရိမ်တိုက်သစ် နာယကအဖွဲ့ဝင် ဆရာတော်တပါးကလည်း ဤသို့သော အရေးအခင်းများသည် နိုင်ငံတိုင်းတွင် နိုင်ငံရေးအကျပ်အတည်း ကြုံတွေ့တိုင်း အာဏာပိုင်များက ဖန်တီးတတ်သည့် သဘောများ ရှိကြောင်း မြွက်ကြားခဲ့ပြီး သံဃာတော်များ၊ ပြည်သူများအနေဖြင့် အာဏာပိုင်များ၏ လှည့်ကွက်တွင်းသို့ မကျရောက်အောင် အမြင်ကျယ်ဖို့ လိုအပ်ကြောင်း သတိပေး မြွက်ကြားခဲ့သည်။

ထိုအဖြစ်အပျက်များနှင့် ပတ်သက်၍ နအဖက အောက်တိုဘာ(၃၀)ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ရာတွင် ကျောက်ဆည်ခရိုင်အတွင်း ဘာသာရေးပဋိပက္ခများ ဖြစ်ပွားခဲ့သည့်အတွက် လူအချို့သေဆုံးပြီး အဆောက်အဦးတချို့ ပျက်စီးခဲ့ရကြောင်း၊ ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ထားရကြောင်း ဝန်ခံပြောဆိုခဲ့သည်။ သို့ရာတွင် အသေးစိတ်စာရင်းများကိုမူ ထုတ်ဖော်ပြောဆိုခြင်း မပြုခဲ့ချေ။ ❖

## ၂၀၀၆ ခုနှစ်မတိုင်မီ မြန်မာပြည်ဒီမိုကရေစီပြောင်းလဲရမည်
### ကမ္ဘာ့နိုင်ငံများ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်တွဲဆောင်ရွက်ရန် ကိုဖီအာနန်တိုက်တွန်း



မစ္စတာကိုဖီအာနန်

၂၀၀၆ ခုနှစ်မတိုင်မီ မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ် ပြောင်းလဲရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်အတူ ကမ္ဘာ့နိုင်ငံများအားလုံး လက်တွဲဆောင်ရွက်ကြရန် အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကုလသမဂ္ဂအထွေထွေညီလာခံကြီးသို့ စက်တင်ဘာ(၃၀)ရက်နေ့က ပေးပို့ခဲ့သည့် အစီရင်ခံစာတွင် တိုက်တွန်းလိုက်သည်။

အဆိုပါအစီရင်ခံစာတွင် မစ္စတာအာနန်က မြန်မာပြည်တွင် ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အခြေအနေသည် အားရကျေနပ်စရာ ကောင်းအောင် သိသိသာသာ တိုးတက်လာခြင်း မရှိသေးကြောင်း၊ သို့ရာတွင် ထိုအခြေအနေမှ အမြန်ဆုံး လွန်မြောက်ရန် အခွင့်အလမ်းကောင်းများ ယခုထိရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ အထွေထွေအတွင်းရေးမှူးက အာဆီယံ အလှည့်ကျသဘာပတိအဖြစ် တာဝန်ယူရမည့် မြန်မာနိုင်ငံအား ၂၀၀၆ ခုနှစ်မတိုင်မီ မြန်မာ့နိုင်ငံရေးအခြေအနေ အပြောင်းအလဲဖြစ်လာရန် ကမ္ဘာ့နိုင်ငံများအားလုံးက ကုလသမဂ္ဂနှင့်အတူ လက်တွဲဆောင်ရွက်ကြဖို့ လိုအပ်ကြောင်းလည်း တိုက်တွန်းလိုက်သည်။

ထို့ပြင် နအဖစစ်အုပ်စုအနေဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးပြီး အဓိပ္ပာယ်ပြည့်ဝသည့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက်လည်း တိုက်တွန်းတောင်းဆိုလိုက်သည်။

မစ္စတာအာနန်က ယခုတောင်းဆိုမှုများအား နအဖက အကောင်အထည်မဖော်ခဲ့ပါက မြန်မာပြည်၏ လက်ရှိအခြေအနေကို ကုလသမဂ္ဂညီလာခံ၌ ပြန်လည်သုံးသပ်ရလိမ့်မည်ဖြစ်ပြီး စစ်အစိုးရအပေါ် အရေးယူမှုများ ထပ်မံပြုလုပ်ရေးအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ထိုအစီရင်ခံစာတွင် သတိပေးဖော်ပြထားသည်။

❖

## အဖွဲ့ချုပ်ရုံးများအားလုံး ပြန်လည်ဖွင့်လှစ်ပေးရန်
### ရန်ကုန်တိုင်းမြို့နယ်ပေါင်း(၄၀)က တပြိုင်တည်းတောင်းဆို

**အောက်တိုဘာ၊ (၂၄)ရက်။**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်လှစ်ပေးရန် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း(၄၀)က သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်များထံ အောက်တိုဘာလ(၂၂)ရက်နေ့က တပြိုင်တည်း တညီတညွတ် တောင်းဆိုခဲ့ကြသည်။

ယခုလိုတောင်းဆိုမှုသည် အဖွဲ့ချုပ်၏ စည်းလုံးညီညွတ်အားကို ပြသရာရောက်ပြီး အဖွဲ့ချုပ် ရှင်သန်လှုပ်ရှားမှုကို ပြသရာရောက်ကြောင်း အဖွဲ့ချုပ်ဝင်တဦးက ဆိုသည်။

စာရေးတောင်းဆိုမှုအပေါ် အာဏာပိုင်များက တစုံတရာ တုန့်ပြန်မှုမရှိသော်လည်း တုန့်ပြန်လာသည်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ အဖွဲ့ချုပ်ဝင်များအနေဖြင့် ခေါင်းဆောင်များအားလုံး ပြန်လည်လွတ်မြောက်ရေး၊ အဖွဲ့ချုပ်ရုံးများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဆက်လက်လှုပ်ရှားသွားမည်ဖြစ်ပြီး တနိုင်ငံလုံး အတိုင်းအတာဖြင့် ပေါင်းစည်းဆောင်ရွက်နိုင်သည်အထိ ပြုလုပ်သွားရန် ရည်ရွယ်ထားသည်ဟု အဆိုပါအဖွဲ့ချုပ်ဝင်က ပြောဆိုခဲ့သည်။

စစ်အုပ်စုက မေ(၃၀) ဒီပဲယင်းအရေးအခင်းဖြစ်ပွားချိန်မှစ၍ အဖွဲ့ချုပ်ခေါင်းဆောင်များအားလုံးကို ဖမ်းဆီးထားပြီး တနိုင်ငံလုံးရှိ အဖွဲ့ချုပ်ရုံးများကိုလည်း ပိတ်ပစ်ခဲ့ရာ (၅)လကြာမြင့်ခဲ့ပြီဖြစ်သည်။ ❖

## ရာဇာလီခရီးစဉ် အချည်းနှီးဖြစ်၊ မူလတာဝန်မှ သွေဖည်သွားပြီဟု ဝေဖန်ခံခဲ့ရ



ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်

**အောက်တိုဘာ၊ (၃)ရက်။**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပပြီးစီးခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးမတိုင်မီ နေအိမ်အကျယ်ချုပ်ချထားခြင်းခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာရေး ကြိုးပမ်းဆောင်ရွက်ရန် ရန်ကုန်မြို့သို့ (၁၁)ကြိမ်မြောက် သွားရောက်ခဲ့သည့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်၏ ခရီးစဉ်သည် တစုံတရာ တိုးတက်ထူးခြားလာခြင်းမရှိဘဲ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

ရန်ကုန်မြို့သို့ ရောက်ရှိစဉ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီသည် နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဝန်ကြီးချုပ်သစ်ဖြစ်လာသည့် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့နှင့် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့သလို ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့်ပါ တွေ့ဆုံခွင့်ရခဲ့သည်။

အောက်တိုဘာ(၁)ရက်နေ့ညနေပိုင်းက ဒေါ်အောင်ဆန်းစုကြည်နှင့် မိနစ်(၉၀)ခန့်ကြာ တွေ့ဆုံမှုကို ရာဇာလီက အသေးစိတ်ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ချေ။ သို့သော်လည်း ရန်ကုန်အခြေစိုက် သံတမန်များနှင့် တွေ့ဆုံသည့်အခါ ဒေါ်အောင်ဆန်းစုကြည်သည် နအဖဝန်ကြီးချုပ် ခင်ညွန့်နှင့် လက်တွဲဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း ရာဇာလီက ထုတ်ဖော်ပြောဆိုခဲ့သည်။

ခရီးစဉ်အတွင်း မစ္စတာရာဇာလီသည် ၎င်း၏ ရည်ရွယ်ချက်အတိုင်း ဘာလီအစည်းအဝေးမတိုင်မီ ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွှတ်ပေးရေးအတွက် ဗိုလ်ချုပ်ကြီးများအား နားချနိုင်စွမ်းမရှိခဲ့သလို နအဖက အဆိုပြုထားသည့် နိုင်ငံရေးလမ်းပြအစီအစဉ်တွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ခွင့်ရမည် မရမည်ကိုပင် အသေအချာ သိရှိခဲ့ပုံ မရကြောင်း အဆိုပါသံတမန်တို့နှင့် နိုင်ငံရေးအသိုင်းအဝိုင်းက ဆိုသည်။

သူတဦးတည်း လွတ်မြောက်ရေးအပေါ် အာရုံစိုက် ကြိုးပမ်းနေမည့်အစား ဖမ်းဆီးခြင်းခံထားရသူ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် ကြိုးစားသင့်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ရာဇာလီကို ပြောကြားခဲ့သည်ဟု ရန်ကုန်အခြေစိုက် သံတမန်သတင်းရပ်ကွက်ကို ကိုးကားပြီး အေအက်(ဖ်)ပီသတင်းက ဖော်ပြထားသည်။

မစ္စတာရာဇာလီသည် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့စဉ်အတွင်း ၎င်း၏မူလတာဝန်ဖြစ်သည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အရ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာစေရေးကို ကြိုးစားရမည့်အစား နအဖက ရေးဆွဲထားသည့် နိုင်ငံရေးလမ်းပြမြေပုံထောက်ခံရေးကို ပိုမိုအလေးထားဆောင်ရွက်သွားခဲ့ကြောင်း အတိုက်အခံများနှင့် နိုင်ငံရေးလေ့လာဆန်းစစ်သူများက ရှုမြင်ကြသည်။

ရန်ကုန်မြို့နေ ဗိုလ်တထောင် သတင်းစာအယ်ဒီတာချုပ်ဟောင်း ဦးထိန်လင်းက နအဖ၏ လမ်းပြမြေပုံကို ရာဇာလီက ထောက်ခံပြောဆိုနေခြင်းသည် ၎င်း၏ မူလတာဝန်မှ သွေဖည်သွားခြင်းဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။ ❖